ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

Environmental Conservation and Forestry Journal

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

# (၅) ကြိမ်မြောက် မဲခေါင်ဒေသခွဲနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာဝန်ကြီးအဆင့် ဦးဆောင် ကော်မတီအစည်းအဝေးကျင်းပခြင်း






ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat) တို့ ပူးပေါင်း၍ (၅) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ ဝန်ကြီးအဆင့် ဦးဆောင် ကော်မတီအစည်းအဝေး (Fifth Meeting of the Sub-Regional Ministerial Steering Committee on Transboundary Haze Pollution in the Mekong Sub-region)ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်၊ The Hotel Royal ACE ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းတွန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

စာမျက်နှာ - ၄ သို့

သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်    ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး ။

# သဘာဝဘေးအန္တရာယ်များနှင့် သစ်တောထိန်းသိမ်းရေး

မြန်မာနိုင်ငံသည် သစ်တောသယံဇာတပေါကြွယ်ဝပြီး ကွဲပြားစွာတည်ရှိနေသည့် ပထဝီဝင် အနေအထားအရ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ အနိမ့်အမြင့်ကွာခြားမှုတို့ကြောင့် အမျိုးစုံလှသော အဖိုးတန်သစ်တောကြီးများ ပေါက်ရောက်ရှင်သန်နေကြသည်သာမက ဇီဝမျိုးစုံ၊ ဂေဟစနစ်မျိုးစုံလည်း ပိုင်ဆိုင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အပြင် မြန်မာ့သစ်တောများသည် နိုင်ငံတော်၏ လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် အရင်းအမြစ်တစ်ခုဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတုမျှတရေး အတွက်လည်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၁၉၇၅ခုနှစ်တွင် နိုင်ငံ့ဧရိယာ၏(၆၀.၇၉)% ရှိပြီး ၁၉၉၀ခုနှစ်တွင် (၅၇.၉၆)%ရှိခဲ့ရာမှ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၅)နှစ်တစ်ကြိမ်ဆောင်ရွက်သော သစ်တောဖုံးလွှမ်းမှုဆန်းစစ်မှုများအရ ၂၀၀၀ခုနှစ်တွင်(၅၁.၅၄)% ရှိခဲ့ရာ ၂၀၀၅ခုနှစ်တွင် (၄၉.၂၅)%၊ ၂၀၁၀ခုနှစ်တွင် (၄၆.၉၆)%ထိလျော့ကျခဲ့ပြီး ၂၀၁၅ခုနှစ်တွင် ကနဦးတွက်ချက်မှုအရ (၄၅.၀၄)%သာ ရှိတော့ကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀%ကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၎င်းတို့၏ အသက်ရှင်ရပ်တည်နေထိုင်မှုများသည် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်သယံဇာတ များပေါ်တွင် အဓိက မှီခိုအားထားနေကြပါသည်။ သစ်တောများပျက်စီးပြုန်းတီးမှုများနှင့်အတူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် တစ်ခုဖြစ်သော အယ်လ်နီညိုဖြစ်စဉ်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်ခဲ့သည့် ကမာန်ဆိုင်ကလုံးမုန်တိုင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်၏ ရာသီဥတုအခြေအနေများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၅ခုနှစ်၊ ဇူလိုင်လများအတွင်း မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်(၁၂)ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေဘေးအန္တရာယ်များ ခံစားခဲ့ကြရပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ သစ်တောမြေများကို စိုက်ပျိုးမြေအဖြစ်ပြောင်းလဲ အသုံးချခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည့်နည်းစနစ်များဖြင့် သတ္တုတူးဖော်ခြင်း၊ မြို့ပြနှင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအသုံးချမှုများတွင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စနစ်တကျဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် ပုံမှန်မဟုတ်သည့် မိုးများအဆက်မပြတ် ရက်ရှည်ရွာသွန်းသောအခါ မြေပြို၊ မြေတိုက်စားခြင်း၊ ခုတ်ထွင်ရှင်းလင်း ထားသည့် သစ်လုံး၊ သစ်တို၊ သစ်ဖျား၊ အကိုင်းအခက်နှင့် အမှိုက်သရိုက်များ ရေကြီးရေလျှံခြင်းနှင့်အတူ မျောပါလာပြီး ရေ၏အရှိန်ဖြင့် လမ်းတံတားများ ပျက်စီးမျောပါသွားခြင်း၊ ဆည်ရေကာများတွင် ရေထွက် ပေါက်များသို့ ဟန့်တားပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သစ်တောများကို ခုတ်ထွင်ဖယ်ရှားမိခြင်းဖြင့် မြေဆီလွှာအပေါ်ယံမြေလွှာများ အကာအကွယ် မဲ့ဖြစ်စေပြီး နေရောင်ခြည် တိုက်ရိုက်ထိတွေ့ခြင်းဖြင့် မြေဆီလွှာအပူချိန်မြင့်တက်ခြင်း၊ မြေ၏ဂုဏ်သတ္တိများ ကျဆင်းစေခြင်းတို့ကိုဖြစ်ပေါ်စေပြီး မိုးရွာသွန်းသည့်အခါ မိုးရေနှင့်အတူ အကာအကွယ်မဲ့မြေဆီလွှာများအား တိုက်စား သယ်ဆောင်သွားပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ ရေလှောင်တမံများတွင် သဲ၊ နုန်း၊ ရွှံ့နွံများ နှင့် ခုတ်ထွင်ဖယ်ရှားထားသည့် သစ်ပင်များ၏ ပင်စည်၊ အကိုင်းအခက်၊ အမြစ်အစိတ်အပိုင်းများ အနယ် ထိုင်စုပုံကျရောက်စေပါသည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့် အကြောင်းအရင်းများအနက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ မုန်တိုင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဲ့ မိုးသည်းထန်စွာ ရွာသွန်းခြင်း များဖြစ်ပေါ်ခဲ့သော်လည်း ရွာသွန်းသည့်မိုးရေများကို ထိန်းသိမ်းစုပ်ယူစွမ်းရှိသည့် သဘာဝသစ်တောကြီးများ ပြုန်းတီးပျောက်ကွယ်ခြင်းကြောင့် သဘာဝအတိုင်းထိန်းညှိထားသည့် ဂေဟစနစ်ကို ကျော်လွန်၍ ဖောက်ပြန် ပြောင်းလဲမှုများဖြစ်ပေါ်ကာ မကြုံစဖူးထူးကဲစွာမြစ်ရေကြီးခြင်းကြောင့် မြို့ ရွာများ ရေနစ်မြုပ်ခဲ့ပြီး ပြည်သူ များအသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း တွေ့ရှိရပါသည်။

သစ်တောများပျက်စီးပြုန်းတီးမှုနှင့် သစ်တောအရည်အသွေး အဆင့်အတန်းနိမ့်ကျမှုကို ကာကွယ် ရပါမည်။ သစ်တောဖုံးလွှမ်းမှုအခြေအနေကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ သစ်တောကို မှီခိုနေသည့် ပြည်သူလူထု၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်း စောင့်ရှောက် ပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရန် စီမံချက်များ ချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

---

ဒို့တာဝန်အရေး (၃) ပါး

- ❑ **ပြည်ထောင်စုမပြိုကွဲရေး**
- ❑ **တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး**
- ❑ **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**

---

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ် တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

**ရေ မြေ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။**

(၂) ထာဝစဉ်တည်တံ့စေခြင်း

**သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

**ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးရမည်။**

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။**

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

**သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။**

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်စေခြင်း

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။**

# မာတိကာ


## မျက်နှာဖုံး

➤ (၅)ကြိမ်မြောက် မဲခေါင်ဒေသခွဲနယ်စပ်ဖြတ်ကျော်မီးခိုးငွေ့ဆိုင်ရာဝန်ကြီးအဆင့် ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ ၁-၄

## ခေါင်းကြီး

➤ သဘာဝဘေးအန္တရာယ်များနှင့်သစ်တောထိန်းသိမ်းရေး ၂

## သတင်းများကဏ္ဍ

➤ သစ်တောသတင်း၊ သစ်ဖမ်းဆီးသတင်း ၄-၁၂

➤ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပဲခူးရိုးမအတွင်းမှ နယ်ကျွံဝင်ရောက်လာသောတောဆင်ရိုင်းများအား မူလကျက်စားရာပဲခူးရိုးမတောအတွင်းပြန်လည်ပို့ဆောင်ခြင်း ၁၃

## သိမှတ်ဖွယ်ရာများ ဆောင်းပါး

➤ သစ်တောသမားခရီးသွား ၁၈-၂၁

➤ ဆည်များနှင့် ပြည်သူတို့၏အနာဂတ် ၂၂-၂၃

➤ လွမ်းမောဖွယ် စိမ့်ရေတောစိုက်ခင်းများဆီသို့ ၃၅-၃၈

➤ ဂုံတို့ဌာနေ ကျိုင်းတုံမြေရှိဒေသခံအစုအဖွဲ့ပိုင်တောများအား ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်မှတ်တမ်း(၃) ၃၂-၃၄

➤ တစ်ချိန်တုန်းက အင်ဖင်ထရီအမှတ်တရများ(၂) ၃၉-၄၂

## သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး

➤ ကျွန်တော်တို့ပိုရှာ၊ လျှော့သုံးကြပါစို့ ၁၄-၁၇

## ဓာတ်ပုံသတင်းကဏ္ဍ

➤ သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၇

## ဝန်းကျင်သားငှက် ကဏ္ဍ

➤ သင်းခွေချပ် ၂၈-၃၁

## ကာတွန်း၊ ကဗျာကဏ္ဍ

➤ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာ ၂၄

## အင်္ဂလိပ် ကဏ္ဍ

➤ REDD-Plus INFORMATION-24 ၄၃-၄၇

## ဘာသာပြန်ကဏ္ဍ

➤ အီရန်နိုင်ငံ၏ အကြီးဆုံးရေငန်အိုင်ဖြစ်သည့် Oraumich ရေကန်ခန်းခြောက်တော့မည့် အန္တရာယ်နှင့် နောက်ဆက်တွဲ စိန်ခေါ်မှုများ ၄၈-၄၉

## မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ

➤ MTE တင်ဒါဈေးနှုန်း ၅၀

## နောက်ကျောဖုံး

➤ မျိုးတုန်းပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်နေသော မြန်မာနိုင်ငံမှကျားဝါများ ၅၁-၅၂



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးကျော်လွင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးမျိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |
| ညီညီဖြိုး | တောအုပ်ကြီး |
| မျိုးမင်းသိန်း | တောအုပ်ကြီး |
| မေဇင်မြင့် | တောအုပ်ကြီး |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

> **သစ်တောဥပဒေ**
>
> သစ်တောဥပဒေကို ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။
>
> **ရည်ရွယ်ချက်များ**
>
> ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
>
> (က) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊
>
> (ခ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ပေါင်းစပ် ဆောင်ရွက်ရန်အလို့ငှာ အခြေခံမူများ ချမှတ်နိုင်ရန်နှင့် လမ်းညွှန်မှုများပြုနိုင်ရန်၊
>
> (ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီးသန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊
>
> (ဃ) ဆုတ်ယုတ်ပျောက်ကွယ်စပြုနေသော ဂေဟစနစ်များကို ဖြစ်နိုင်သမျှ ပြန်လည်ဖော်ထုတ်ရန်၊
>
> (င) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊
>
> (စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင် မြင့်မားရေးအတွက် ပညာပေးရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များကို အများပြည်သူတို့ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊
>
> (ဆ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊
>
> (ဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**မျက်နှာဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လက်ရှိကမ္ဘာကြီးသည် များစွာသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မြို့ပြချဲ့ထွင်လာမှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် သဘာဝအရင်းအမြစ်များအား အလွန်အကျွံထုတ်ယူသုံးစွဲမှုများ၏ အကျိုးဆက်တွေကြောင့် ပတ်ဝန်းကျင်အရည်အသွေး ယုတ်လျော့လာမှုဟာ နေရာအသီးသီး၊ အလွှာအသီးသီးတွင် အနည်းနှင့်အများ ဖြစ်ပွားလျက်ရှိကြောင်း၊ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များကြောင့် မိမိတို့လူသားများ၏ အသက်ရှင်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဒေသတွင်းပတ်ဝန်းကျင်ကို ကာကွယ်ခြင်းမှတစ်ဆင့် အာဆီယံ မျှော်မှန်းချက်၂၀၂၀ ဖြစ်သော -ရေရှည် ဖွံ့ဖြိုး တိုးတက်သည့် စိမ်းလန်းသန့်ရှင်းသော အာဆီယံဖြစ်ရန်- ရည်မှန်းထားကြောင်း၊ ဒေသတွင်းရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်ပြဿနာများဖြစ်သည့် တောမီးလောင်ခြင်းနှင့် တောမီးကြောင့် မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာခြင်း၊ တရားမဝင်သစ်ခိုး ထုတ်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်းများစသည့် စိန်ခေါ်မှုများ ရှိပါကြောင်း၊ အဆိုပါစိန်ခေါ်မှုများအား ဒေသအဆင့်နှင့် ဒေသခွဲအဆင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းတစ်ရပ်ဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါဒေသခွဲနိုင်ငံများတွင် အဓိက ပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများအနက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ ညစ်ညမ်းမှုသည် သိသာထင်ရှားလာပါကြောင်း၊ တောမီးကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ဆိုင်ရာညစ်ညမ်းမှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုအတွင်း ခြောက်သွေ့ရာသီများတွင် အရှေ့တောင်အာရှနိုင်ငံများအပေါ် မကြာခဏသက်ရောက် မှုများ ရှိခဲ့ပါကြောင်း၊ ဒေသခွဲနိုင်ငံများအတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်လာခြင်းပြဿနာများအား အဓိကဖြေရှင်းရန် လိုအပ်လာကြောင်း သဘောပေါက်နားလည်လာမှုနှင့်အတူ ၂၀၀၂ ခုနှစ်တွင် ရေးထိုးခဲ့သည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သဘောတူညီချက်နှင့် ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ဒေသအဆင့်မီးခိုးမြူငွေ့ဆိုင်ရာ ဆောင်ရွက်ချက် အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၅ခုနှစ်တွင် ASOEN-Haze Technical Task Force အား လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် Sub-regional Ministerial Steering Committee အားလည်းကောင်း၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ မဲခေါင်ဒေသခွဲနိုင်ငံများတွင် ကမ္ဘာပေါ်ရှိ သစ်ဆွေးမြေများ စုစုပေါင်း (၆၀%) ရှိ သစ်ဆွေးမြေများ ပါဝင်သည့် သစ်တောများအား ပိုင်ဆိုင်ထားသည့် အားလျော်စွာ သစ်ဆွေးမြေများ ပါဝင်သည့် သစ်တောများ မီးလောင်ကျွမ်းမှုများကြောင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်သဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုများဖြစ်ပေါ်လာမှုများ ကာကွယ်နိုင်ရန် အာဆီယံနိုင်ငံဆိုင်ရာ သစ်ဆွေးမြေစီမံခန့်ခွဲမှု နည်းဗျူဟာ (၂၀၀၄-၂၀၂၀)ကို ချမှတ်ခဲ့ကြောင်း၊ ယင်းနည်းဗျူဟာသည် ရေရှည်စဉ်ဆက်မပြတ် သစ်ဆွေးမြေစီမံခန့်ခွဲမှု ရရှိရေးအတွက် လမ်းညွှန်ချက်မူဘောင်တစ်ခုဖြစ်ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်၍ တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပွားသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ကာကွယ်နိုင်မည့်အစီအစဉ်များအား ဥပဒေများတွင် ထည့်သွင်းရေးဆွဲခြင်း၊ လုပ်ငန်းစီမံချက်နှင့် မဟာဗျူဟာမူဘောင်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးသည့်အစီအစဉ်များ ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို လျော့နည်း စေသည့်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဒေသခွဲနိုင်ငံများတွင် အလွန်အရေးကြီးသည့်ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ

ပြဿနာဖြစ်သည့် ဤနယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ခြင်းလုပ်ငန်းအား အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း အခြားမဲခေါင်ဒေသခွဲနိုင်ငံများနည်းတူ သစ်တောပြုန်းတီးခြင်း၊ တောမီးလောင်ခြင်း၊ မြေထုအရည်အသွေးကျဆင်းခြင်း၊ စွန့်ပစ်ပစ္စည်းအစိုင်အခဲများ စုပုံခြင်း၊ လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ မြန်မာနိုင်ငံတွင် တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာခုတ်ထွင်စိုက်ပျိုးရန်အတွက် တောမီးရှို့ခြင်းနှင့် အခြားမတော်တဆမီးလောင်ခြင်း စသည်တို့ကြောင့် မီးခိုးမြူငွေ့ဖြစ်ပေါ်ခြင်းဟာ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာထဲက ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အတွေ့အကြုံအရ မီးခိုးမြူငွေ့ပြဿနာသည် မိမိတစ်ဦးတစ်ယောက်တည်း တစ်နိုင်ငံတည်း၏ စွမ်းအားဖြင့်ဖြေရှင်း၍ မရနိုင်သောကြောင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံ သဘောတူညီချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပါကြောင်း ပြောကြားပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းမှ အစည်းအဝေးသဘာပတိအဖြစ်လည်းကောင်း၊ ထိုင်းနိုင်ငံ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Sunan Arunnopparat မှ ဒုတိယသဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ကြကြောင်းသိရှိရပါသည်။

## မြန်မာနိုင်ငံရှိ သစ်တောသယံဇာတများအား ဆန်းစစ်လေ့လာခြင်းဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပခြင်း




မြန်မာနိုင်ငံရှိသစ်တောသယံဇာတများအားဆန်းစစ်လေ့လာခြင်းဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကို (၆-၈-၂၀၁၅)ရက်နေ့ နံနက်(၉) နာရီအချိန်တွင် TheLake Garden Hotel ၌ ကျင်းပခဲ့ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ ကိုရီးယား သစ်တောဌာန(KFS)၊ အာဆီယံ-ကိုရီးယား သစ်တောပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (AFoCo) မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း စီမံကိန်းသည် ကိုရီးယားသစ်တောဌာနနှင့်အာဆီယံ-ကိုရီးယားသစ်တောပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (AFoCo) တို့၏ အထောက်အပံ့ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ၂၀၁၄ခုနှစ်၊ ဩဂုတ်လမှစတင်ပြီး အကောင်အထည်ဖော်ခဲ့သည့် ဒေသအဆင့်စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ စီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သစ်တောသယံဇာတများ ဆန်းစစ်အကဲဖြတ်နိုင်သောစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန်နှင့် ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်ပြီး ကျေးလက်ဒေသပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်လာစေရန် ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ ရာသီဥတုပြောင်းလဲမှုများ၏ နောက်ဆက်တွဲ အကျိုးဆက် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင် ကြုံတွေ့နေရလျက်ရှိရာ မြန်မာနိုင်ငံ အနှံ့အပြားတွင်လည်း မိုးခေါင်ခြင်း ရွာသွန်းမှုများနှင့်ရေကြီးခြင်း အန္တရာယ်များရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများနှင့် အာရှနိုင်ငံအချို့တွင်လည်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိနေပါကြောင်း၊ အဓိကအကြောင်းအရင်းသည် သစ်တောများပြုန်းတီးမှု အပါအဝင် အရင်းအမြစ်အမျိုးမျိုးမှ ထုတ်လုပ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင် ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အထိရောက်ဆုံး ဖြေရှင်းနိုင်မည့် လုပ်ငန်းစဉ်သည် သစ်တောများ ထိန်းသိမ်းရေးပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သစ်တောသယံဇာတ အခြေအနေများနှင့် ပတ်သက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ FAOမှ (၅)နှစ်တစ်ကြိမ် အစီရင်ခံစာများ ထုတ်ပြန်နေပါ

ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၀ခုနှစ်မှစ၍ အပူပိုင်းသစ်တောများ ဆန်းစစ်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ဒုတိယစီမံကိန်းအဖြစ် ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အမျိုးသား သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းနှင့်အတူ သစ်တောဦးစီးဌာနတွင် ကောင်းကင်ဓာတ်ပုံဌာနစုအသစ်တစ်ခု ဖွဲ့စည်းနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှုဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုကို ၂၀၀၀ပြည့်နှစ်၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အသီးသီးအတွက် သစ်တောသယံဇာတအကဲဖြတ်မှု (Forest Resource Assessment –FRA) ကို FAO နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ၅၁.၅၄% ရှိရာမှ ၂၀၁၅ ခုနှစ် ကနဦးတွက်ချက်မှုများအရ ၄၅.၀၄%ထိ လျော့ကျသွားသည်ဟုသိရှိရပါကြောင်း၊

ယခုအချိန်တွင် ဂေဟစနစ်ဝန်ဆောင်မှုများကို ပိုမိုအသိအမှတ်ပြုလာကြပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးကြိုးပမ်းမှုများတွင် သစ်တောကဏ္ဍ၏အရေးပါမှုသည် တစ်နေ့တခြားတိုးတက်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် သစ်တောဂေဟစနစ်များအားလုံးထိန်းသိမ်းရန်၊ စီမံအုပ်ချုပ်ရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံရေးကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂသစ်တောဖိုရမ်(UNFF)မှဦးဆောင်၍ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပမည့် UNFCCC အဖွဲ့ဝင်နိုင်ငံများ၏၂၁ ကြိမ်မြောက်ညီလာခံ(COP21)တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှုအသစ်တစ်ခုကို ချမှတ်ဖို့ စီစဉ်လျက်ရှိပြီး မြန်မာနိုင်ငံအနေနှင့်လည်း Indented Nationally Determined Contribution (INDC)ဟုခေါ်သည့် မိမိတို့သဘောဆန္ဒအလျောက်လျော့ချနိုင်မည့် ကာဗွန်ထုတ်လွှတ်မှုပမာဏ(သို့မဟုတ်) ကာဗွန်ထုတ်လွှတ်မှု လျော့ချရေးလုပ်ငန်းစဉ်ကို တင်ပြနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ REDD+ လုပ်ငန်းစဉ်များဆောင်ရွက်ပြီး အထောက်အပံ့ဖြစ်စေရန် ကြိုးပမ်းသွားမှာဖြစ်ကြောင်း၊

ထို့ကြောင့် သစ်တောဖုံးလွှမ်းမှုနှင့် သယံဇာတဆိုင်ရာ ကိန်းဂဏန်းများ တိကျမှန်ကန်စေရန်၊ နိုင်ငံအဆင့် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ဆန်းစစ်အကဲဖြတ်နိုင်ရန်နှင့် နှစ်ကာလအလိုက် သစ်တောဖုံးလွှမ်းမှု ပမာဏတိကျစွာတွက်ချက်နိုင်ရေးနှင့် အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ(၆)ရက်နေ့မှ (၇)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကျေးလက်ဒေသနေပြည်သူများနှင့် တွေ့ဆုံကွင်းဆင်းဆောင်ရွက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဩဂုတ်လ ၇ ရက်နေ့တွင် ဘိုကလေးမြို့နယ်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်မှုအထောက်အကူပြုကော်မတီဝင်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဘိုကလေးမြို့နယ်၊ ပြင်ဒရယ်ကြိုးဝိုင်း အတွင်း နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဒေလ်ခေါင်းများဒေသတစ်ခုဖြစ်သည့် ထော်ပိုင်ကျေးရွာအုပ်စု၊ အေးချမ်းသာယာကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသနေပြည်သူလူထုနှင့်တွေ့ဆုံကာ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသနေပြည်သူများနှင့်တွေ့ဆုံရာ၌ ယနေ့မျက်မှောက်ကာလ၌ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်မှုတို့ကိုဖြစ်ပေါ်စေ၍ ကမ္ဘာတစ်ဝန်း၌ မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များပိုမိုတွေ့ကြုံခံစားရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ ၂၀၀၈ခုနှစ်က ကြုံတွေ့ခဲ့ရသည့် နာဂစ်မုန်တိုင်းနှင့် ယခုလတ်တလော

ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များသည် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များပင်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက နာဂစ်ကာလအတွင်း ဘဝနှင့်ရင်း၍တွေ့ကြုံခဲ့မှုများအပေါ်အခြေခံ၍ သင်ခန်းစာရယူ ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့်သတင်းစာများမှ ထုတ်လွှင့်ရေးသားဖော်ပြလျက်ရှိသည့် မိုးလေဝသသတင်းနှင့် ရာသီဥတုဆိုင်ရာ အရေးပေါ်သတင်းထုတ်ပြန်ချက်များကို အလေးထား၍ နားထောင်ဖတ်ရှုမှတ်သားကြစေလိုကြောင်း၊ မိမိတို့နေထိုင်သည့် ဒေသတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုတင်ချမှတ်ထားရှိရန်လိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများ၊ ရင်သွေးငယ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ကြိုတင်ရွှေ့ပြောင်းမည့်အစီအစဉ်များ၊ ရွှေ့ပြောင်းဆောင်ရွက်ရာတွင် အသုံးပြုမည့် ရေယာဉ်များ၊ ခရီးအကွာအဝေးနှင့် လိုအပ်သည့် အချိန်ကာလများကို ကြိုတင်မျှော်မှန်းတွက်ဆထားကြရန် လိုအပ်ကြောင်း၊ မုန်တိုင်းဒဏ်ခံ အဆောက်အဦနှင့် အကာအကွယ်များ အသုံးပြုခြင်းအပါအဝင် အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ကြိုတင်လေ့ကျင့်ဇာတ်တိုက်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ ဒီရေတောများမှ ကျေးလက်ဒေသနေပြည်သူများအတွက် ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ ဆေးဖက်ဝင်အပင်များနှင့် အခြားအသေးအဖွဲ့ သစ်တောထွက်ပစ္စည်းများ ထုတ်ယူရရှိနိုင်ကြောင်း၊ စိုက်ပျိုးမြေများအား ပင်လယ်ဆားငန်ရေ ဝင်ရောက်ခြင်းမှကာကွယ်ပေးသည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့်လည်း ဝင်ငွေရရှိနိုင်ကြောင်း၊ ကျေးရွာအနီးဝန်းကျင်၌ ဒီရေတောများရှိခြင်းဖြင့် ဆူနာမီ၊ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှလည်း ကာကွယ်ပေးနိုင်ကြောင်း၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်၌ ဒီရေတောများအား နေကာ၊ လေကာတန်းအဖြစ် စိုက်ပျိုးခြင်းမှသည် တစ်အုပ်တစ်မ ဝိုင်းဝန်းစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ကမ်းရိုးတန်းနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသာမက ဘဝလုံခြုံမှုကိုပါ တိုးမြှင့်ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်းတို့ကို ဆွေးနွေးမှာကြားပါသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် သစ်လိုအပ်ချက်၊ စာသင်ခုံလိုအပ်ချက်နှင့် ဒေသခံပြည်သူများတင်ပြကြသည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရပါသည်။

## REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဌာန (ICIMOD)နှင့် ဂျာမနီနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)တို့ ပူးပေါင်း၍ REDD+ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျား၊မတန်းတူညီမျှရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်ရှိ Lake Garden Hotelတွင် (၂၆-၈-၂၀၁၅)ရက်နေ့၊ နံနက်(၈း၃၀)နာရီတွင် ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ (ICIMOD) နှင့် (GIZ)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UN REDD Program မှ ကိုယ်စားလှယ်များ၊ နီပေါနိုင်ငံ သစ်တောရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် ၁၉၉၀ ခုနှစ်တွင် ICIMOD အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သစ်တောဦးစီးဌာနအနေဖြင့် ICIMOD ၏ Board of Governor အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ICIMOD နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ တောင်တန်းဒေသနေ ကျေးလက်ပြည်သူများ ဘက်စုံဖွံ့ဖြိုးရေး၊ အင်းလေးကန်ရေဝေရေလဲဒေသ ထိန်းသိမ်းရေး၊ RS/GIS အသုံးပြုမှု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းလမ်းပြမြေပုံ (REDD+ Readiness Roadmap)ကို အထောက်အကူပြုနိုင်ရန်အတွက် ဂျာမနီနိုင်ငံ(GIZ)အဖွဲ့အစည်း၏ အကူအညီအထောက်အပံ့နှင့် ICIMODနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး REDD+ လုပ်ငန်းစဉ်များကို (၃)နှစ်စီမံကိန်း နားလည်မှုစာချွန်လွှာ MOU လက်မှတ်ရေးထိုးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြည်သူဗဟိုပြု သစ်တောသယံဇာတ စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များကို စံနမူနာအဖြစ်ရယူပြီး REDD+ လုပ်ငန်း

စဉ်များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် လုပ်ငန်း ပါဝင်ဆောင်ရွက်နိုင်မှုနယ်ပယ် ပိုမိုကျယ်ပြန့်လာအောင် စီစဉ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊

ရာသီဥတုပြောင်းလဲမှု အကြောင်းရင်းများကို ဆန်းစစ်ကြည့်မည်ဆိုလျှင် လုပ်ငန်းကဏ္ဍ အသီးသီးက ထုတ် လွှတ်သည့် Greenhouse Gas (GHG) ဟုခေါ်သော ဖန်လုံအိမ်ဓာတ်ငွေ့များ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ လေထုအတွင်း အဆမတန် များပြားလာသော ကြောင့်ဖြစ်ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Inter - Governmental Panel on Climate Change (IPCC) ၏အစီရင်ခံစာအရ ကာဗွန်ထုတ်လွှတ်သည့် အရင်းအမြစ်အမျိုးမျိုးအနက် သစ်တောပြုန်းတီးခြင်းမှ ထုတ်လွှတ်သော ကာဗွန်ပမာဏသည် ကဏ္ဍအသီးသီးက ထုတ်လွှတ်သောပမာဏ၏ ၁၇. ၄ ရာခိုင်နှုန်းရှိကြောင်း၊

REDD+ လုပ်ငန်းစဉ်များ၏အရေးပါမှုကို ဆက်စပ်ပတ်သက်သူများအားလုံးက အလေးအနက် အသိ အမှတ်ပြုပြီး ၎င်းလုပ်ငန်းများတွင် ပြည့်ပြည့်ဝဝ ပူးပေါင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရန်လိုပါကြောင်း၊ တက်ရောက်လာသည့် ကဏ္ဍအသီးသီးမှ ပညာရှင်များအနေနှင့် မိမိတို့၏ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံ ဗဟုသုတများကို အသုံးချပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ကြပါရန် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် REDD+ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုနှင့် လုပ်ငန်းပါဝင်ဆောင်ရွက်နိုင်မှုနယ်ပယ် ပိုမိုကျယ်ပြန့်လာစေနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်မောင်နှင့် ဒေါက်တာသက်သက်ဇင်တို့မှ ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့ရှိ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ဖြစ်သူ Mr. Won Bae Dahn နှင့်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေး



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်မောင်နှင့် ဒေါက်တာသက်သက်ဇင်တို့မှ ကိုရီးယား သမ္မတနိုင်ငံ၊ ဘူဆန်မြို့ရှိ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် ဖြစ်သူ Mr. Won Bae Dahn နှင့်အဖွဲ့အား ၂၄-၈-၂၀၁၅ ရက်နေ့၊ နေ့လယ် (၂) နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း တို့တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရန်ကုန်မြို့တွင် ခေတ်မီပရိဘောဂစက်ရုံတည်ထောင်၍ ဖက်စပ်လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေး၊ မြန်မာ့ကျွန်းသစ်ဖြင့် ပြုလုပ်ထားသည့် အရည်အသွေးမြင့်ပရိဘောဂများ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရေးစသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရှိရပါသည်။

## မြေအသုံးချမှုမူဝါဒသုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပခြင်း

မြေအသုံးချမှုမူဝါဒသုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့အစည်းအဝေးကို(၂၆. ၈. ၂၀၁၅)ရက်နေ့၊ နေ့လယ် (၁) နာရီတွင် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ကျင်းပရာလုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြသောဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကျွမ်းကျင်ပညာရှင်များတက်ရောက်ကြပါသည်။

အစည်းအဝေး၌ မြေအသုံးချမှုမူဝါဒသုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးအေးမြင့်မောင်မှ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီမြေသယံဇာတများကိုစနစ်တကျ စီမံခန့်ခွဲအသုံးချရေးဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ရည်ရွယ်၍ဒုတိယသမ္မတ(၂)ဦးဆောင်သောအမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး ပဏာမရေ့လုပ်ငန်းစဉ်(၃)ရပ်ကိုအကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိရာ ရေရှည်တည်တံ့သောအနာဂတ်အခြေခံအုတ်မြစ်ဖြစ်တည်စေမည့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုမူဝါဒဆိုင်ရာ အခြေခံများကို အများပါဝင်မှုဖြင့် ချမှတ်ခြင်း၊ အဖွဲ့အစည်းများအကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ် စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်း၊ ပြည်သူကို ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ဖြစ်ပါကြောင်း၊

အမျိုးသားမြေအသုံးချမှုမူဝါဒ ရေးဆွဲချမှတ်နိုင်ရန် ဗဟိုကော်မတီမှ မြေအသုံးချမှုမူဝါဒသုံးသပ်ရေးလုပ်ငန်းကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ အဓိကကျသော လုပ်ငန်းတာဝန်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရေးမှုများအပေါ်တွင် အခြေခံသည့် မြေအသုံးချမှုမူဝါဒတစ်ရပ် ပြဋ္ဌာန်းနိုင်ရန်ဖြစ်ပါကြောင်း၊

အမျိုးသားမြေအသုံးချမှုမူဝါဒ ရေးဆွဲခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆောင်ရွက်ခဲ့ရာ ၂၀၁၄ခုနှစ် ဇူလိုင်လတွင် အမျိုးသား မြေအသုံးချမှုမူဝါဒ(ပဌမမူကြမ်း)ကိုရေးဆွဲပြီးစီးခဲ့ပါကြောင်း၊ ၎င်းမူကြမ်းကိုပြည်သူများထံချပြပြီး ပြည်သူလူထု၏သဘောဆန္ဒနှင့်အကြံပြုချက်များရရှိနိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးအကြံပြုချက်များရယူခဲ့ပါကြောင်း၊

ပြည်သူများ၏ အကြံပြုချက်များကို မူဝါဒ(မူကြမ်း)တွင် ထည့်သွင်းပြင်ဆင်ရေးဆွဲရန် ကျွမ်းကျင်သူစားပွဲဝိုင်း ဆွေးနွေးပွဲများကို ၂၀၁၅ခုနှစ် ဇန်နဝါရီလနှင့် မတ်လတွင် ကျင်းပခဲ့ပြီး ကျွမ်းကျင်ပညာရှင်များ၏အကြံပြုဆွေးနွေးချက်များနှင့် အညီအမျိုးသားမြေအသုံးချမှုမူဝါဒ(ဆဋ္ဌမမူကြမ်း)ကို ၂၀၁၅ ခုနှစ်၊ မေလတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ အမျိုးသားမြေအသုံးချမှုအချောသပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ၃၀ ရက်နေ့အထိအမျိုးသားအဆင့်မြေအသုံးချမှုမူဝါဒဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခဲ့ရာ တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ အုပ်စု(၅)စုခွဲ၍ စိတ်ပါဝင်စားစွာဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး မူဝါဒမူကြမ်း ပြင်ဆင်ဖြည့်စွက်ရန် အကြောင်းအရာအချက်အလက်များကို အုပ်စုအလိုက် ပြန်လည်တင်ပြအကြံပြုခဲ့ကြပါကြောင်း၊

အကြံပြုဆွေးနွေးချက်များကိုအခြေခံ၍ အမျိုးသားမြေအသုံးချမှု မူဝါဒ အချောသပ်ရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအထိ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူများ၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်းဖြစ်သော်လည်း လက်ရှိသတ်မှတ်ထားသော သစ်တောမြေ၊ လယ်ယာမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းစသည့် မြေအမျိုးအစားများနှင့် နောင်သတ်မှတ်မည့် တိုင်းရင်းသားလူမျိုးစုများ၏ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ကျင့်သုံးမည့်မြေအမျိုးအစားများအကြား အငြင်းပွားမှုများဖြစ်လာနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊

အမျိုးသားမြေအသုံးချမှုမူဝါဒ အချောသပ်ရေးဆွဲပြီးစီးနိုင်ရေးအတွက် မူဝါဒမူကြမ်းပါ တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှုအခွင့်အရေးများနှင့် အခြားအကြောင်းအရာများအပေါ် တက်ရောက်လာသည့်အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များမှ ဝိုင်းဝန်းသုံးသပ်ဆွေးနွေးပေးစေလိုပါကြောင်း၊ အချောသပ်ရေးဆွဲပြီးစီးပါက မြေအသုံးချမှုမူဝါဒသုံးသပ်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြမည်ဖြစ်ပါကြောင်း၊

ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ်ဖြစ်တည်စေမည့် မြေအရင်းအမြစ်စီမံခန့်ခွဲရေးမူဝါဒဆိုင်ရာ အခြေခံများကို အများပါဝင်မှုဖြင့် ချမှတ်နိုင်ရေးလုပ်ငန်းစဉ်အား ပီပြင်ခိုင်မာစွာ အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုမူဝါဒသုံးသပ်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသွားကြောင်း သိရှိရပါသည်။

## ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေအဆိုပြုသတ်မှတ်နိုင်ရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်ဒေသဇီဝအဝန်းနယ်မြေအဆိုပြုသတ်မှတ်နိုင်ရေးအတွက် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကိုမြစ်ကြီးနားမြို့ City Park Royal ခန်းမ၌ (၂၈-၈-၂၀၁၅)ရက်နေ့က ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်အစိုးရဌာနတာဝန်ရှိသူများ၊ မြစ်ကြီးနားတက္ကသိုလ်မှ ဆရာ ဆရာမများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်း အဖွဲ့များ၊ နိုင်ငံတကာတောရိုင်းတိရစ္ဆာန်နှင့် အပင်များအဖွဲ့ Fauna and Flora International (FFI)မှ Myanmar Program Director ဖြစ်သူ Mr. Frank Momberg ၊ UNESCO Myanmar Office မှ ကိုယ်စားလှယ် Mr. SriharshaMasabathulaတို့ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ယူနက်စကိုကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်း၏ World Heritage Sites များသတ်မှတ်ခြင်းအတွက် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိ ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပျူမြို့ဟောင်း ၃ ခုတို့ကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေစာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝ အမွေအနှစ်များပြည့်စုံ ကောင်းမွန်လျက်ရှိသည့် နယ်မြေဒေသ ၇ ခုတို့ကိုလည်း ယူနက်စကို ကမ္ဘာ့သဘာဝအမွေအနှစ်နယ်မြေ UNESCO Natural World Heritage Sites အဖြစ် သတ်မှတ်နိုင်ရေးအတွက် လျာထားစာရင်းတင်ပြထားခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝနယ်မြေများတွင် ဒေသခံပြည်သူများ ကိုယ်တိုင် သဘာဝသယံဇာတများ အသုံးပြုထုတ်ယူခြင်းနှင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအစီအစဉ် Man and the Biosphere Reserve Programme (MAB) ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်၌လည်း မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် ရှမ်းပြည်နယ်၊ အင်းလေးကန်ဒေသကို ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် ယူနက်စကိုလူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်ဆိုင်ရာနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ကော်မတီအစည်းအဝေးမှ အတည်ပြုသတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်းတွင်းရေချိုကန်ကြီးဖြစ်သည့် အင်းတော်ကြီးကန်ဒေသကိုလည်းဇီဝအဝန်းနယ်မြေတစ်ခုအဖြစ် သတ်မှတ်ထိန်းသိမ်းဆောင်ရွက်ရန်အတွက် ယူနက်စကိုသို့ ထပ်မံအဆိုပြု တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အင်းတော်ကြီး ကန်အပါအဝင် ရေဝေရေလဲသစ်တောကြိုးဝိုင်းများအား သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်ငြိမ် တိုးတက်ကောင်းမွန်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းကာကွယ်နိုင်ရေးတို့အတွက် အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရိယာ ၂၀၁၃၈၉ဧကေ (၁၁၄. ၆၇ စတုရန်းမိုင်) ကို ၉-၈-၂၀၀၄ ရက် နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သဘာဝနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းထားခဲ့ပြီး ဖြစ်ကြောင်း၊ အင်းတော်ကြီးကန်ဒေသ၏ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှု အမွေအနှစ်များအား ရေရှည်တည်တံ့စေရေး စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရန်၊ အင်းတော်ကြီးကန်ဒေသ အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် သဘာဝသယံဇာတများ အပေါ် မှီခိုထုတ်ယူသုံးစွဲမှုများအား လျှော့ချပြီး ရေရှည်ထုတ်ယူသုံးစွဲနိုင်မည့် စီမံအုပ်ချုပ်မှု ပုံစံတစ်ခု ပေါ်ပေါက် စေရန်၊ ဇီဝအဝန်းနယ်မြေတစ်ခု ဖြစ်ပေါ်လာခြင်းနှင့်အတူ အော်ဂင်နစ်သီးနှံစိုက်ပျိုးရေးထွက်ကုန်များနှင့် ဒေသခံများ၏ ရိုးရာလက်မှုပစ္စည်းများကို မြှင့်တင်ထုတ်လုပ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံပြည်သူများ၏လူမှုစီးပွားရေး ဘဝပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ သတ်မှတ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးအောင်နိုင်က ဆက်လက်၍အမှာစကားပြောကြားပါသည်။

ထို့နောက် ယူနက်စကို မြန်မာနိုင်ငံအစီအစဉ်နှင့် FFI တို့မှ ကိုယ်စားလှယ်တို့ကလည်းကောင်း၊ သစ်တောဦးစီးဌာန တာဝန်ရှိသူများကလည်းကောင်း အင်းတော်ကြီးကန်ဒေသအားဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား အသီးသီးရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။



## မြန်မာနိုင်ငံအပူပိုင်းဒေသရေအရင်းအမြစ်နှင့် အစားအစာဖူလုံမှုတို့အပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆုံးရှုံးနိုင်ခြေများအား ကိုင်တွယ်ဖြေရှင်းခြင်း လုပ်ငန်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ

မြန်မာနိုင်ငံအပူပိုင်းဒေသ ရေအရင်းအမြစ်နှင့် အစားအစာဖူလုံမှုတို့အပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆုံးရှုံးနိုင်ခြေများအား ကိုင် တွယ်ဖြေရှင်းခြင်း လုပ်ငန်း စီမံကိန်း - Project for Addressing Climate Change Risks on Water Resour -cesand Food Securityin theDry Zone of Myanmar" စီမံကိန်းလုပ်ငန်းများစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို (၂၆-၈-၂၀၁၅)ရက်၊ နံနက်(၉း၃၀)နာရီတွင် နေပြည်တော်၊ အမရဟိုတယ်၌ ကျင်းပ ပြုလုပ်ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်း အတွင်းဝန် ဦးခင်မောင်ရီ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP အာရှနှင့်ပစိဖိတ်ဒေသတွဲဖက် တာဝန်ခံ Ms.Thuy Hang Thi To တို့တက်ရောက်ကာ အဖွင့်အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။

ဖော်ပြပါလုပ်ငန်းစီမံကိန်းကို Global Environment Facility (GEF)၊ Adaptation Fund၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရတို့၏ ထည့်ဝင်ငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ (၈. ၄၆)သန်းဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်နှင့် မုံရွာမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်နှင့် ညောင်ဦးမြို့နယ်စုစုပေါင်း (၅)မြို့နယ်တွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၄)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ အပူပိုင်းဒေသရှိတောင်သူလယ်သမားများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အကျိုးဆက်များလျော့ပါးစေရေးနှင့် အနာဂတ်တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးမွေးမြူနိုင်စေရေးအတွက် အဓိကလုပ်ငန်းစဉ်(၃)ခုဖြစ်သော သောက်သုံးရေအမြဲမပြတ်ရရှိနိုင်ရေးအတွက် ရေတွင်းရေကန်များ တူးဖော်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော သစ်တောစိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းစနစ်များကို ဖော်ထုတ်ဖြန့်ဖြူးခြင်းနှင့် ကျေးလက်နေပြည်သူကို အခြေခံသည့် စိတ်ချခိုင်မာသည့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက် များဖြန့်ဝေခြင်းလုပ်ငန်းများကို အပူပိုင်းဒေသရှိလယ်သမားများ၊ ရာသီဥတုဒဏ် ခံစားရမှုများလျော့ကျစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များရင်ဆိုင်တုံ့ပြန်နိုင်ရေး အစီအစဉ်များရေးဆွဲနိုင်ရေးတို့အတွက် အဓိကဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အပူပိုင်းဒေသမြို့နယ် (၅)မြို့ရှိ ကျေးရွာပေါင်း (၂၈၀)ရွာ၊ အိမ်ထောင်စုပေါင်း (၅၀၆၃၉)မှ စီမံကိန်း၏ အကျိုးရလဒ်များကိုရရှိခံစားကြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

## ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းရှင်းလင်းတင်ပြခြင်းအစည်းအဝေးကျင်းပ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်စိုက်ပျိုးထုတ်လုပ်ခွင့်ပြုထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကို နေပြည်တော်ရှိသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၃၉)၊ အင်ကြင်းခန်းမ၌ ၂၀-၈-၂၀၁၅ ရက်နေ့ နံနက်(၁၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာသစ်တောဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်(မူဝါဒနှင့် စီမံကိန်း)မှ ၂၀၁၅-၁၆ ခုနှစ် စီမံကိန်းလျာထားချက် အပေါ်အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးနှင့် လျာထားချက်ပြည့်မီစိုက်ပျိုးနိုင်ရေးအတွက် တွေ့ကြုံရသည့် အခက်အခဲများအပေါ် တင်ပြဆွေးနွေးကြရန် မှာကြားပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကစိုက်ခင်း(ကျွန်း၊သစ်မာ၊စက်မှုကုန်ကြမ်း) လုပ်ငန်းရှင် (၃၀၈)ဦးတက်ရောက်ကြပြီး လုပ်ငန်းရှင်များ၏ မေးမြန်းတင်ပြချက်များအပေါ် သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများမှ ရှင်းနိုးပွင့်လင်းစွာပြန်လည်အကြံပြုဆွေးနွေးကြပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း




နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ ဆိတ်ဖူးတောင် ကျေးရွာရာအိမ်မှူးနှင့် ကျေးရွာပြည်သူ့စစ်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် (၆-၈-၂၀၁၅)ရက်နေ့တွင် ပျဉ်းမနားမြို့နယ် ရေနီ-ပဒပ်ချောင်းသွားလမ်းဘေး၊ ဆိတ်ဖူးတောင်ကျေးရွာ လမ်းဘေးနေရာမှ တရားမဝင်မီးသွေးအိတ် (အခဲ) (၁၀၁)အိတ် (၁၀. ၈၀၇)တန်နှင့် မီးသွေးအိတ် (အကြေ)(၂၀၄) အိတ် (၂၁. ၈၂၈၀)တန် တင်ဆောင်ထား သော ယာဉ်အမှတ် (YGN-6B/2001)NISSAN ဝါ- စိမ်း (၁၂)ဘီးယာဉ်(၁)စီးအား တရားခံ(၁) ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရပါသည်။ဆက်လက်၍ သတင်းအရ ဦးဘစိုး၏နေအိမ်ဝင်းအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် မီးသွေး(၂၅၇)အိတ်(၂၇. ၄၉၉)တန်နှင့် မီးသွေးအကြေ (၄၃)အိတ် (၄. ၆၀၁) တန်အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာရာအိမ်မှူး တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် (၃-၈-၂၀၁၅)ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးပြင်ဦးလွင်အတက် လမ်းမိုင်တိုင် (၁၆/၃) အနီးနေရာမှ တရားမဝင် ပိတောက်ခွဲသား(၁၀) ချောင်း (၂. ၂၂၁၈) တန် တင်ဆောင်လာသော ယာဉ်အမှတ် MDY 51-5624 (DUMP TRUCK) ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် (၂၅-၈-၂၀၁၅)ရက်နေ့တွင် မုံရွာမြို့နယ်၊ မုံရွာတောင်ဘိနယ်၊ မုံရွာ-မန္တလေးကားလမ်း လမ်းအသုံးပြုခကောက်ခံရေး တိုးလ်ဂိတ် အနီးမှ တရားမဝင်ပိတောက်ခွဲသား(၁၅)ချောင်း (၀. ၅၄၃၀) တန်နှင့် ပိတောက် သစ်(၀. ၂၉၆၀)တန်တင်ဆောင်လာသော ယာဉ်အမှတ် ၈ည/ ၇၁၃၃ လိုက်ထရပ်အဖြူရောင်တစ်စီး အား တရားခံ (၂)ဦးနှင့် အတူဖမ်းဆီးရမိကြောင်း သိရှိရပါသည်။



ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဆောင်သော သစ်တောဝန်ထမ်းများသည် (၉-၈-၂၀၁၅)ရက်နေ့တွင် ဒိုက်ဦးမြို့နယ် နေပြည်တော်-ရန်ကုန်အမြန်လမ်းမကြီးမိုင်တိုင်(၅၆/၂)အနီးနေရာမှ တရားမဝင်ကျွန်းခွဲသား(၈)ချောင်း(၀. ၈၀၅၈)တန် တင်ဆောင်ထားသော ယာဉ်အမှတ် 7I/7324 Super Custom ခဲရောင် တစ်စီးအား ပိုင်ရှင်မဲ့အဖြစ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။



# မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပဲခူးရိုးမအတွင်းမှ နယ်ကျံဝင်ရောက်လာသော တောဆင်ရိုင်းများအား မူလကျက်စားရာ ပဲခူးရိုးမတောအတွင်းသို့ ပြန်လည်ပို့ဆောင်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပဲခူးရိုးမအတွင်းမှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်များသို့ နယ်ကျံဝင်ရောက်လာသော တောဆင်ရိုင်း(၆)ကောင်အား သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်း၍ လူထုလုံခြုံရေးနှင့် တောဆင်ရိုင်းများအပေါ် အန္တရာယ်ကျရောက်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး မူလကျက်စားရာ သစ်တောကြိုးဝိုင်းအတွင်း အောင်မြင်စွာ ပြန်လည်မောင်းနှင် ပို့ဆောင်ခဲ့ပါသည်။

တောဆင်ရိုင်း(၆)ကောင်(ဆင်ကြီး၃ကောင်၊ ဆင်ငယ်၃ကောင်)တို့သည် (၁၈-၈-၂၀၁၅)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ နဘူးကွဲကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာအရှေ့ဘက်၌ ဝင်ရောက်လာကြောင်း နံနက်(၀၇း၃၀)နာရီအချိန်၌ စတင်သတင်းရရှိခဲ့ရာ၊ (၁၉-၈-၂၀၁၅)ရက်နေ့တွင် နတ်မောက်မြို့နယ်၊ စိုင်းခေါင်းကြိုးဝိုင်းအကွက်အမှတ်(၁၂)တွင် ပြောင်းရွှေ့ကျက်စားခဲ့ကြောင်း၊(၂၀-၈-၂၀၁၅)ရက်နေ့တွင် ပြင်ဒဲကြိုးဝိုင်း အကွက်အမှတ်(၇)မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၏ တောင်ဘက်(၃)မိုင်ခန့်သို့ရောက်ရှိခဲ့ပြီး၊ (၂၁-၈-၂၀၁၅)ရက်နေ့တွင် မိတ္ထီလာမြို့နယ်၊ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၈၈/၄)၏ အနောက်ဘက် ညောင်ပင်ချိုအုပ်စု၊ ဖက်တောကျေးရွာ အနောက်(၂) မိုင်ခန့်သို့ ရောက်ရှိခဲ့ကြောင်း၊(၂၂-၈-၂၀၁၅)ရက်နေ့တွင် မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းပါးတဲကျေးရွာသို့ဖြတ်သန်းဝင်ရောက်ခဲ့ကြောင်း၊ (၂၃-၈-၂၀၁၅)ရက်နေ့တွင် လေးပင်ကျေးရွာအုပ်စု၊ မစိုးရိမ်ကျေးရွာ၊ ဒီးဒုတ်ကုန်းကျေးရွာ၊ သီးကုန်းကျေးရွာ၊ သန်းကြီးကုန်းကျေးရွာ၊ မြင်သာတောင်ကျေးရွာ၊ ခါးပတ်ကျေးရွာတို့ကို ဖြတ်သန်းပြီး ညောင်ဦးမြို့နယ်ထဲသို့ ရောက်ရှိခဲ့ကြောင်း၊(၂၄-၈-၂၀၁၅)ရက်နေ့တွင် ညောင်ဦးမြို့နယ် ငါ့သရောက်ကြိုးဝိုင်းအနီးသို့ရောက်ရှိခဲ့ကြောင်း၊ (၂၅-၈-၂၀၁၅)ရက်နေ့တွင် နတ်ပလင်ကျေးရွာအနောက် တူရွင်းတောင်တန်းရှိ ဘူကင်းတောင်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အစပ်သို့ ရောက်ရှိခဲ့ကြောင်း၊ (၂၆-၈-၂၀၁၅)ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ်၊ သပြေအိုက်ကျေးရွာနှင့် ပျဉ်းမကျေးရွာအကြားမှ ဖြတ်သန်းစဉ် အရပ်အမြင့်(၄)ပေခွဲရှိသည့် တောဆင်ငယ်(ထီး/ဟံ) တစ်ကောင်သည် ထနောင်းစုရွာအနီးတွင် ကျန်ရစ်ခဲ့ရာ ဆင် ဆေးကုဝန်ထမ်းများမှ အနီးကပ်စောင့်ကြပ်ခဲ့ကြောင်း၊ (၂၇-၈-၂၀၁၅)ရက်နေ့တွင် ပွေးကျစ်ကျေးရွာနှင့် ကမ်းနီကျေးရွာအနီးသို့ ရောက်ရှိခဲ့ကြောင်း၊ (၂၈-၈-၂၀၁၅)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အုတ်သျှစ်မြောင်ရွာနှင့် ဒီးဒုတ်ကုန်းကျေးရွာအကြား လျှိုတွင်ခိုအောင်းကျက်စားလျက်ရှိကြောင်း၊ အုပ်စုကွဲကျန်ရစ်ခဲ့သော ဆင်ငယ်ကို လေသာတောင်ခြေ စုတည်ရွာအနီး သဲချောင်းအတွင်း နံနက်(၁၀း၃၀)နာရီ အချိန်တွင် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ပြီး မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန် (၂)ဦး ကြီးကြပ်၍ကွန်ဂျီဆင်(၂) ကောင်အကူအညီဖြင့် ထိန်းကျောင်းပေးလျက်ရှိကြောင်း၊ (၂၉-၈-၂၀၁၅)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ပုလင်းပြားကျေးရွာနှင့် အိုက်မဲကျေးရွာအကြားမှ ဖြတ်သန်း၍ ပဲခူးရိုးမ၊ မြို့သစ်မြို့နယ်၊ စွန်ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်သွားပါကြောင်း၊(၃၀-၈-၂၀၁၅)ရက်နေ့တွင် တောဆင်ရိုင်း(၅)ကောင်သည် ပဲခူးရိုးမ၊ မြို့သစ်မြို့နယ်၊ စွန်ကြိုးဝိုင်းအတွင်း၌ ကျက်စားလျက်ရှိပါကြောင်းနှင့် ကျန်ရှိခဲ့သည့် ဆင်ငယ်(၁)ကောင်အား မြန်မာ့သစ်လုပ်ငန်းမှ ထိန်းသိမ်းစောင့်ရှောက်ရှိပါသည်။

တောဆင်ရိုင်းများအား မူလကျက်စားရာနယ်မြေဖြစ်သော နတ်မောက်/မြို့သစ်မြို့နယ်ရှိ ပဲခူးရိုးမဒေသအတွင်းသို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ မြန်မာ့သစ်လုပ်ငန်း တာဝန်



ရှိဝန်ထမ်းများနှင့် တောဆင်ရိုင်းထိန်းသိမ်းရာတွင် ဝါရင့်အတွေ့အကြုံရှိသော ဆင်ဆရာဝန် ဒေါက်တာစည်သူဝမ်ထွန်း ဦးစီးအင်အား(၃၅)ဦး၊ ညွှန်ကြားရေးမှူး(၂)ဦးနှင့် ဦးစီးအင်အား (၂၈) ဦး၊ ဆင်ယဉ်ကွန်ဂျီဆင်ကြီး(၆)ကောင်၊ မေ့ဆေးသေနတ် (၄)လက်နှင့် မေ့ဆေးသေနတ်သမားများ၊ တင်ဆောင်ရွှေ့ပြောင်းနိုင်ရန်အတွက် (၁၀)ဘီးယာဉ်(၇)စီးတို့ဖြင့် ထိန်းသိမ်းပို့ဆောင်ရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။

# ကျွန်တော်တို့ပိုရှာ၊ လျှော့သုံးကြပါစို့

ခုနှစ်းလွင်ခလေး



"ဖိုးခွားလေး--မင်းအသုံးအဖြုန်းတွေ သိပ်ကြီးနေတယ်နော်၊ ဒီတော့ မင်းရဲ့ဝင်ငွေကို ပိုပြီးရှာမလား၊ မင်းရဲ့အသုံးတွေလျှော့မလား"

"နှစ်ခုစလုံး လုပ်ပါ့မယ် အဖေ"

ကျွန်တော့်ရဲ့ရွာက ဘကြီးက သူရဲ့သားထွေးဖိုးခွားလေးကို ပြောတဲ့စကားပါ။ ဘကြီးက သားသမီး(၅)ဦးရှိရာ အကြီးသားသမီး(၄)ဦးက အိမ်ထောင်တွေကျပြီး အိမ်ထောင်ခွဲနေကြတယ်၊ အငယ်ဆုံးသားထွေး ဖိုးခွားလေးတစ်ဦးသာ ဘကြီးတို့လင်မယားနဲ့ကျန်နေတယ်၊ ဘကြီးမိတ်ဆွေ ပဲခူးရိုးမ ပေါ်က တိုင်းရင်းသားကရင်လူမျိုးမိသားစုတွေ ဘကြီးတို့ဆီ အလည်ရောက်နေချိန် သားအထွေးဆုံး ဖိုးခွားလေးကို မွေးတာကြောင့် ကရင်နာမည်ပါအောင် မှည့်ခေါ်ခဲ့တဲ့ဘကြီး၊ အရပ်ကတော့ ဖိုးခွားလေး- ဖိုးခွားလေးနဲ့သာခေါ်ကြတယ်၊ အခုတော့ ဖိုးခွားလေးက ၁၀ တန်းနှစ်ခါကျပြီး တရုတ်ဆိုင်ကယ်ပစ္စည်းအရောင်းဆိုင်ကို ဆိုင်ကယ်ပြင်ဆိုင်နဲ့တွဲလုပ်နေတယ်၊ တောရွာမှာနေပေမယ့် ဖိုးခွားလေးက လူငယ်ပီပီဆိုင်ကယ်ပြင်၊ ဈေးရောင်းတစ်ဖက်နဲ့ အပျော်အပါးကလည်း ဝါသနာပါ၊ အလုပ်အားနေရင်တောင် လက်ကိုင်ဖုန်းတပွတ်ပွတ်နဲ့ သူရဲ့ ဆိုင်ကယ်ပြင်ဆိုင်ကရတဲ့ဝင်ငွေထက် သူ့ရဲ့အသုံးက မလောက်လို့ ဘကြီးမသိအောင် သူ့အမေဆီကငွေတောင်းသုံးနေရတဲ့ ဖိုးခွားလေး၊ အဲဒီတော့လည်း ဘကြီးက သားထွေးမို့အချစ်ပို သလိုလမ်းမမှားအောင် ဆုံးမနေရတယ်၊ ကျွန်တော်လည်း အလုပ်ခွင်က ခွင့်ခံစားပြီး မိဘဆွေမျိုးများထံပြန်လာစဉ် ဘကြီးအိမ်အလည်ရောက်ခိုက် ဘကြီးကဖိုးခွားလေးကို ဘယ်လိုများဆက်ပြောပြီး ဆုံးမနေလဲ ငြိမ်ပြီးနားထောင်နေတယ်။ဘကြီးက--"အေး --နှစ်ခုစလုံးလုပ်မယ်ဆို ဆက်ပြောမယ်- မင်းလည်း အရွယ်ရောက်စ ယောကျ်ားတစ်ယောက်ဖြစ်ပြီ ဖိုးခွားလေး၊ ပညာရေး မထူးချွန်လို့ရွာမှာ မင်းအစွမ်းအစနဲ့ ဆိုင်ကယ်ပြင်တယ်၊ ဆိုင်ဖွင့်တယ်၊ ဝင်ငွေထွက်ငွေ မမျှတရင် မင်းရဲ့ဆိုင်အတွက် အခက်တွေ့မယ်၊ ဝင်ငွေတိုင်းကိုအကုန် မသုံးမဖြုန်းမိပါစေနဲ့၊ မင်းရဲ့ဈေးဆိုင်အရင်းအနှီးလိုမယ်၊ မင်းရဲ့ လူမှုရေးကိစ္စအသုံးစရိတ်တွေလိုမယ်၊ မနာရေး၊ မကျန်းရေးဆိုတဲ့ ကျန်းမာရေးကိစ္စအသုံးတွေလိုမယ်၊ အရွယ်ရောက်လာတဲ့ယောကျ်ားတစ်ယောက်ဆိုတော့နောင် အိမ်ထောင်ကျ လာရင် အိမ်မှုစရိတ်တွေလိုမယ်၊ အိုကွာ--နောက်နောင် ကုန်ကျစရိတ်တွေတွေးကြည့်ရင် အများကြီး ရှိလိမ့်မယ်၊ ဒါကြောင့် ဝင်ငွေတိုင်းကို စနစ်တကျသုံးစွဲတတ်ဖို့လိုသလို ခြိုးခြံရမယ်၊ စုဆောင်းရမယ်၊ နောင်ရေးအထိ စဉ်းစားလုပ်စမ်းပါ ငါ့သားရ"

"ဟုတ်ကဲ့ပါ အဖေ-- အခုကစ အဖေ့စကား နားထောင်ပြီး အသုံးအစွဲဆင်ခြင်ပါတော့မယ်"

"အေး--အေး သွားတော့ မင်းရဲ့ဈေးဆိုင်မှာလည်း သုံးစွဲသူအကြိုက်ဖြစ်အောင်လုပ်ပေး၊ ဝီရိယရှိပါစေ၊ အဖေလည်း မင်းရဲ့အစ်ကိုလာတုန်း စကားပြောလိုက်ဦးမယ်"

ကျွန်တော်လည်း ဘကြီးထံပါလာတဲ့လက်ဆောင်လေးတွေနဲ့ကန်တော့၊ ထွေရာလေးပါးစကားပြောပြီး ပြန်လာခဲ့တယ်၊ ဘကြီးအိမ်က ပြန်လာပြီးနောက်ပိုင်း အလုပ်ခွင်ထဲရောက်ပေမယ့် ဘကြီးရဲ့"ပိုပြီးရှာမလား၊ အသုံးလျှော့မလား"၊ "ခြိုးခြံပါ၊ စုဆောင်းပါ၊ နောင်ရေးအထိ စဉ်းစားလုပ်စမ်းပါ" ဆိုတဲ့စကားကို ကျွန်တော့်နားထဲ ထပ်ခါထပ်ခါကြားနေမိတယ်၊---

သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိရုံး ရုံးချိန်အတွင်းမှာ

"ဆရာ--ဝင်ခွင့်ပြုပါ"

"ဝင်ခဲ့လေကွာ--ဘာအကြောင်းထူးလာပြန်ပြီလဲ"

ရုံးချိန်အတွင်း အချိန်မီပေးပို့ရမည့် လချုပ်စာရင်းဇယားများ စစ်ဆေးနေစဉ် ဘီနယ်တာဝန်ခံတောအုပ်တစ်

ယောက်က ဝင်ခွင့်တောင်းလာတာကို တရားမဝင်သစ်ဖမ်းဆီးရေး ဦးစားပေးဆောင်ရွက်နေရတဲ့ မြို့နယ်ဆိုတော့ ဘယ်နေရာမှာများ တရားမဝင်သစ်တွေ စုပုံပြန်ပြီလဲသိချင်တာကြောင့် ရုံးခန်းထဲဝင်လာတဲ့ ကိုရွှေတောအုပ်မထိုင်မီ ကျွန်တော်လည်း အရေးတကြီးပြန်မေးလိုက်မိတယ်၊

"အကြောင်းထူးကိစ္စတော့ မဟုတ်ပါဘူး ဆရာ၊ ဆရာ့ကိုဖိတ်စာလာပို့တာပါ"

"မင်းတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဝင်လာတော့လည်း အရေးကြီးပုံစံနဲ့၊ ခုလည်းဖိတ်စာပို့တာလို့ပြောတယ်၊ ဘာဖိတ်စာလဲ၊ မင်းကြီးတော် အပျိုကြီးယောကျ်ားယူမှာမို့ မင်္ဂလာဆောင်ဖိတ်စာလား"

"အာ--မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်ကြီးတော် အပျိုကြီးက ငယ်တုန်းကတောင်မစွံတာ အခုကြီးမှစွံလည်း မျက်စိပဲရှိမယ်၊ အခုဖိတ်စာက --ရွာမှာ ရွာသူရွာသားတွေ အစည်းအဝေးလုပ်တာ သစ်တောကဏ္ဍဆိုင်ရာလည်း ဟောပြောပေးဖို့ ရွာအုပ်ချုပ်ရေးမှူးက ဖိတ်တဲ့ဖိတ်စာပါ"

"အေး-- အဲဒီလိုလုပ်ပါ၊ သစ်တောကဏ္ဍဆိုင်ရာ ဟောပြောပေးဖို့ သူတို့ကိုယ်တိုင်က လိုလိုလားလားဖိတ်တာ ဟောပြောပေးရမှာပေါ့၊ ပေး--မင်းဖိတ်စာ၊ ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာလဲ"

ဘိနယ်တာဝန်ခံပေးလာတဲ့ဖိတ်စာကို ဖတ်ကြည့်လိုက်တော့---

"သူတို့ဟောပြောပွဲလုပ်မည့်နေ့က ငါလည်း ခရိုင်ရုံးလုပ်ငန်းကိစ္စအစည်းအဝေးနဲ့ တိုက်ဆိုင်နေတယ်၊ ရက်ပြောင်းလို့ရရင်လည်းကောင်းသား။ ငါကိုယ်တိုင်ဟောပြောချင်ပေမယ့် ကိုယ်စားတစ်ယောက်တော့ ဟောပြောခိုင်းရတော့မှာပေါ့"

"ဒါဆို --ဆရာ့ကိုယ်စား ကျွန်တော်ဟောပြောပေးမယ်ဆရာ" "အေးလေ--မင်းပဲဟောပြောဖို့ တာဝန်ယူလိုက်၊ ဟောပြောရမယ့်ရွာကလည်း မင်းဘိနယ်အပိုင်လည်းဖြစ်တယ်၊ ယူနီဖောင်းသပ်သပ်ရပ်ရပ် ပြည့်ပြည့်စုံစုံနဲ့ စနစ်တကျဝတ်ပြီး ပြော၊ ဒါနဲ့ မင်းကဘယ်ခေါင်းစဉ်နဲ့ အဓိကထားပြောမှာလဲ"

"စိမ်း/စိုမှာနေတုန်းကတော့ ထင်းအစားအခြားလောင်စာသုံးစွဲရေး ခေါင်းစဉ်ပြောခဲ့သလို အခုဒီဘက်မှာတော့ တရားမဝင်သစ်ထုတ်လုပ်မှုလျော့ပါးရေးခေါင်းစဉ်နဲ့ပြောမယ်ဆရာ"

"အခု ၂၀၁၅ခုနှစ်၊ ဇွန်/ဇူလိုင်လတွေအတွင်း မြန်မာပြည်တစ်ဝှမ်း တောင်ပေါ်၊ မြေပြန့်၊ မြစ်ဝကျွန်းပေါ်မကျန် အဆက်မပြတ်ရွာတဲ့မိုးကြောင့် အချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရေကြီးရေလျှံဖြစ်လို့ လူတွေအိုးပစ်အိမ်ပစ်ပြီး ကယ်ဆယ်ရေးစခန်းတွေမှာနေရတယ်၊ ဒုက္ခတွေရောက်ကြရတယ်၊လူတွေအပါအဝင် အိမ်မွေးတိရစ္ဆာန်တွေလည်း အသေအပျောက်ရှိတယ်၊ ဒါ-ရာသီဥတုပြောင်းလဲမှုကြောင့်ပဲ၊ ဒါကြောင့်မင်းပြောမယ့်ခေါင်းစဉ်ကိုတော့ ပြောင်းပြောကွာ"

"ဒါဆို--ဘာခေါင်းစဉ်ကောင်းမလဲဆရာ၊ ဆရာရွေးပေးပါဦး"

"ခေါင်းစဉ်က ရိုးရိုးလေးနဲ့ကောင်းတဲ့ **ဥတုရာသီ၊ တောကိုမှီ** ဒါမှမဟုတ် **ပူနွေးကမ္ဘာတားဆီးရာ၊ မြေရှာတစ်ခု တောပြုစု** လို့ပြောပေါ့ကွာ"

"ရာသီဥတုပြောင်းလဲမှုအကြောင်းတွေဆိုတော့ ရွာသားတွေနားလည်အောင် အခြေခံအချက်ကလေးတွေတော့ ဆရာက ကျွန်တော့်ကိုကြိုပြီး ပြောပြထားပါဦး"

"ငါက အကျဉ်းလောက်ပြောပြမယ်၊ မင်းက အကျယ်ချဲ့ပြော၊ နားထောင်တဲ့သူစိတ်ဝင်စားအောင်လည်း ပြောနော်" "ဟုတ်ကဲ့ပါဆရာ၊ ဆရာတပည့်မညံ့စေရပါဘူး၊"

"မင်းတို့တွေကပြောလိုက်ရင် မညံ့စေရဘူး၊ လုပ်လိုက်ရင်တော့တလွဲ" "ဟုတ်ကဲ့ပါဆရာ ဒီဟောပြောပွဲမှာတော့ တလွဲမဖြစ်စေရပါဘူး"

"မင်းပြောရမှာက ယနေ့ကမ္ဘာကြီးမှာ မှန်လုံအိမ်ဓာတ်ငွေ့တွေများလာလို့ ကမ္ဘာကြီးပူနွေးလာတယ်၊ ရာသီဥတုတွေပြောင်းတယ်၊ နောက်ဆက်တွဲဆိုးကျိုးတွေရှိလာမယ်၊ လူသားအပါအဝင် သက်ရှိတွေ ဘယ်လိုဆိုးကျိုးခံစားကြရမယ် အစချီပြီးပြော၊ နောက်--ဘယ်လိုကာကွယ်ကြမယ်၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုနေမယ်ကို သေသေချာချာရှင်း၊ အဲဒီမှာ မှန်လုံအိမ်အာနိသင်လျှော့ချတာမှာ သစ်ပင်တွေရဲ့အရေးပါပုံ၊ သစ်ပင်ဘယ်လိုစိုက်မယ်၊ ဘယ်နေရာတွေမှာစိုက်မယ်၊ ဘယ်လိုပြုစုထိန်းသိမ်းမယ်၊ ပြည်သူတွေပူးပေါင်းပါဝင်မှ အောင်မြင်မယ်ဆိုတဲ့အကြောင်းနဲ့ သစ်တောသစ်ပင်စိုက်ပျိုးပြုစုတာဟာ ဥတုရာသီတောကိုမှီဆိုတဲ့ဆောင်ပုဒ်အတိုင်း ရာသီဥတုပြောင်းလဲမှုကိုလည်း လျော့ပါးစေကြောင်း၊ ကမ္ဘာကြီးပူနွေးမှုတားဆီးတာဖြစ်လို့ ယခုကပင် စတင်လုပ်ဆောင်ကြဖို့ပြောပြီး နိဂုံးချုပ်လိုက်ပေါ့ကွာ"

"ဆရာရယ်--ဆရာအနေနဲ့တော့ဟုတ်နေတာပေါ့၊ ဆရာတပည့်က အဲဒီလောက်အကျဉ်းချုပ်တာကို အကျယ်ချဲ့ပြောဖို့ဆိုတာ ဆရာ့ကိုဘယ်မှီလိမ့်မလဲ၊ မကျဉ်းမကျယ်လေးတော့ပြောပါဦး ဆရာရယ်"

"ငါက အကျဉ်းပြောပြထားမှတော့ အကျယ်ပြောတတ်ရမှာပေါ့ကွာ၊ အကျဉ်းလေးမေးလိုက်၊ မကျဉ်းမကျယ်ရှင်းခိုင်းလိုက်၊ နောက်တော့အကျယ်ပါပြောဦးလုပ်လိမ့်မယ်"

"ဒါက ဆရာရယ် အမေး--နွားကျောင်းသား၊ အဖြေ-ဘုရားလောင်း အလားဆိုတဲ့စကားအရ ဆရာ့ကိုမေးနေရတာပါဆရာရယ်"

"မင်းတို့က ဒါမျိုးတော့တတ်တယ်၊ စာမေးတော့ ခေါင်းမိုးထိုးပြတယ်ဆိုတဲ့ လူစားမျိုးပဲ၊ မင်းတို့တွေလည်း လေ့လာကြပေါ့ကွ။ ကဲ--ဒါဆိုခဏစောင့်၊ ငါလည်း ဒီစာတွေစစ်

ဆေး လက်မှတ်ထိုးပြီးရင် မင်းသိချင်တဲ့ ကမ္ဘာကြီးပူနွေးလာမှု၊ မကျဉ်းမကျယ်လေးတော့ သိသလောက်ရှင်းပြပေးမယ်"

ကျွန်တော်လည်း ရုံးကိစ္စတွေလက်မှတ်ထိုးပြီး ရုံးခန်းထဲရှိ စာအုပ်စင်ပေါ်က စုဆောင်းထားတဲ့စာအုပ်တွေအနက် ရာသီဥတုပြောင်းလဲမှုနဲ့ဆိုင်တဲ့စာရွက်စာတမ်းတွေနဲ့ စာအုပ်တွေကို ရုံးစားပွဲပေါ် စုစည်းတင်လိုက်တယ်။

"ဟာ--ဆရာစုထားတဲ့စာအုပ်တွေက အများသားပဲ"

"ဒီလိုပဲပေါ့ကွာ--သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလုပ်နေတဲ့ သစ်တောသမားတွေဆိုတာ ကိုယ်တိုင်စွမ်းဆောင်ရည်မြှင့်မှုလည်း ပြည်သူတွေကို အသိပညာဖြန့်ဖြူးတာ ပိုထိရောက်မှာပေါ့။ ဒါကြောင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်၊ စာတမ်း၊ စီဒီကစ စုဆောင်းရတယ်၊ လေ့လာရတယ်၊ ကိုယ်သိထားတာတွေ ဖြန့်ဝေရတာပေါ့ကွာ၊ ကဲ-ကမ္ဘာကြီး ဘာကြောင့်ပူနွေးလာရသလဲ စပြောမယ်၊ တို့တစ်တွေ နေထိုင်နေတဲ့ ကမ္ဘာမြေကို နေကအပူစွမ်းအင်ပေးတယ်၊ အဲဒီအပူက ကမ္ဘာမြေဆီရောက်တယ်၊ ရေခိုးရေငွေ့နဲ့ ဓာတ်ငွေ့တွေက ကမ္ဘာမှာရှိတဲ့ သက်ရှိလူသားအပါအဝင် တိရစ္ဆာန်တွေနဲ့အပင်တွေ ရှင်သန်ဖို့အတွက် သင့်တင့်လျောက်ပတ်တဲ့အခြေအနေရှိတဲ့ ပတ်ဝန်းကျင်ကိုပဲလက်ခံပေးထားပြီး နေကလာတဲ့အပူဟာ ကမ္ဘာမြေပြင်ကိုတွေ့ပြီး ကမ္ဘာမြေအထက်လေထုကိုဖြတ်ပြီး ပြန်ထွက်သွားတယ်၊ အဲဒါပုံမှန်ဖြစ်စဉ် မှန်လုံအိမ်အာနိသင်လို့ခေါ်တယ်၊ ကမ္ဘာလေထုထဲမှာ တို့ကမ္ဘာမြေပြင်ကထုတ်တဲ့ဓာတ်ငွေ့တွေ တစ်နည်းအားဖြင့်ပြောရရင် မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေက လိုအပ်တာထက် ပိုများလာပြီးကာဆီးနေရင်တော့ ကမ္ဘာကိုထိပြီး ပြန်ထွက်မည့် အပူတွေကမထွက်နိုင်တော့ဘဲ ကမ္ဘာကြီးအပူရှိန်တဖြည်းဖြည်းမြင့်လာလို့ ကမ္ဘာကြီးပူလာတာပဲ၊ ကမ္ဘာကြီးပူနွေးတာဟာ သဘာဝကြောင့်လည်းဖြစ်တယ်၊ လူတွေကြောင့်လည်း ဖြစ်ရတယ်"

"မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့နဲ့ ဖြစ်စေတဲ့အကြောင်းလေးတွေပြောပါဦးဆရာ"

"အေး--ပြောပြမယ်လေ၊ ကမ္ဘာကြီးမှာမှန်လုံအိမ်ဓာတ်ငွေ့နဲ့ပါဝင်တဲ့ရာခိုင်နှုန်းတွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်(၇၇%)၊ နိုက်ထရပ်အောက်ဆိုဒ်(၈%)၊ မီသိန်း(၁၄%)၊ ကလိုရိုဖလူရိုကာဗွန်(၁%)တို့ဖြစ်တယ်၊ ဖြစ်ပေါ်စေတဲ့အဓိကကဏ္ဍကတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍက(၁၃. ၅%)၊ စွမ်းအင်ကဏ္ဍက(၅၁. ၃%)၊ သစ်တောနဲ့သစ်တောမြေအသုံးချမှုက(၁၈. ၁%)၊ စိုက်ပျိုးရေးကဏ္ဍက(၁၃. ၅%)နဲ့ စွန့်ပစ်ပစ္စည်းကဏ္ဍက(၃. ၆%)တို့ဖြစ်တယ်။ စွမ်းအင်ကဏ္ဍမှာပါတဲ့ စက်မှုလုပ်ငန်းတွေက ကာဗွန်ဒိုင်အောက်ဆိုဒ်အများဆုံးထုတ်လွှတ်ပြီး စိုက်ပျိုးရေးနဲ့စွန့်ပစ်ပစ္စည်းကဏ္ဍက မီသိန်းဓာတ်ငွေ့အများဆုံးထုတ်လွှတ်တယ်"

"သစ်တောကဏ္ဍကရော ဘာဓာတ်ငွေ့ထုတ်လွှတ်လဲဆရာ"

"တို့သစ်တောကဏ္ဍက တောပြုန်းတီးမှုတွေကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူမှုကို နည်းပါးသွားစေပြီး တောမီးလောင်တာ၊ သစ်တောမြေအခြားနည်းအသုံးချတာကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုတွေရှိလာတယ်၊ ကဲ--ကမ္ဘာကြီးပူနွေးလာရင် ဘာတွေဆက်ဖြစ်မလဲဆိုတော့--ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းရှိမယ်၊ ဒါတွေကမုတ်သုံအဝင်အထွက်ပုံမှန်မဖြစ်တာ၊ အပူအအေးလွန်ကဲတာ၊ ရေခဲတောင်တွေပျော်မယ်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မယ်၊ မုန်တိုင်းဖြစ်မယ်၊ သန္တာကျောက်တန်းတွေပျက်စီးမယ်၊ မိုးတိမ်တောင်တွေဖြစ်ပြီး၊ မိုးကြိုးပစ်မှုစတဲ့ ပုံမှန်မဟုတ်တဲ့ အခြေအနေတွေဖြစ်လာမယ်ပေါ့ကွာ"

"ဆရာပြောတဲ့ မိုးတိမ်တောင်တွေဖြစ်မယ်ဆိုတာက ကောသလမင်းအိမ်မက် (၁၆)ချက်ထဲကလိုမျိုးဖြစ်နေမလားဘဲ" "အေး--မင်းသိတဲ့ကောသလမင်းအိပ်မက်ပြောပြပါဦး"

"ဒီလိုပါဆရာ--ကောသလမင်းအိပ်မက်(၁၆)ချက်ထဲမှာ အရပ်လေးမျက်နှာက ဝှေ့မည့်ဟန်ပြေးလာတဲ့နွားသိုးကြီးလေးကောင်က အနားရောက်လာတော့ မဝှေ့တော့ဘဲ နောက်ကြောင်းပြန်ဆုတ်သွားတယ်တဲ့၊ အဓိပ္ပါယ်ကအရပ်လေးမျက်နှာက မိုးတွေမည်းလာပေမယ့် မိုးမရွာဘဲဖြစ်တာလို့ဆိုတယ် မိုးမရွာဘဲ တိမ်မည်းတွေဖြစ်တာပေါ့ဆရာ၊ ဆရာပြောတဲ့ ရာသီဥတုပြောင်းလဲတာမှာ မိုးတိမ်တောင်တွေဖြစ်ပြီး မိုးမရွာဘဲ မိုးကြိုးပစ်မှုတွေဖြစ်မှာနဲ့တိုက်ဆိုင်လို့ပါ"

"ကမ္ဘာကြီးပူနွေးမယ်၊ ရာသီဥတုတွေပြောင်းလာရင် ဘယ်လိုဆိုးကျိုးတွေဖြစ်မလဲဆိုတော့ စိုက်ပျိုးသီးနှံတွေထွက်နှုန်းနည်း၊ အဖျင်းအသိမ်တွေဖြစ်၊ ပိုးမွှားဒဏ်တွေခံရ၊ မအောင်မမြင်နဲ့ပျက်စီးမယ်၊ နောက်ဆက်တွဲ စားနပ်ရိက္ခာရှားပါးလာမယ်၊ ပြုန်းတီးမှုတွေနဲ့အတူ ဇီဝမျိုးစုံမျိုးကွဲတွေ စားကျက်ပျောက်၊ အသက်ရှင်နေရေးခက်ပြီး နောက်ဆက်တွဲ မျိုးဆက်တွေ မျိုးတုံးတိမ်ကောပပျောက်မယ်၊ ရေကြီးမှု၊ မိုးခေါင်မှုတွေကြောင့် သောက်သုံးရေစတဲ့ ရေပြဿနာတွေကြုံမယ်၊ ကျန်းမာရေးပိုင်းမှာလည်း ရောဂါပိုးမွှားသစ်တွေပေါ်ပေါက်၊ ရောဂါအဆန်းတွေပေါ်လာပြီးနောက် လူတွေစိတ်ဖိစီးမှုတွေခံစားလာကြရမယ်၊ နောက်ဆုံးသဘာဝဘေးဒဏ်တွေ မကြာခဏနေရာအတော်များများမှာ ဖြစ်ပေါ်လာမယ်။ အဲဒီအပိုင်းကိုတော့ မင်းအနေနဲ့ထပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပြောပေတော့"

"ဒီလောက်ဆိုရပါပြီဆရာ၊ ကျန်တာတပည့်တာဝန်ထားလိုက်"

"ရာသီဥတုပြောင်းလဲမှုတွေကို ဘယ်လိုရင်ဆိုင်ကြမယ်ဆိုတာကတော့ အဓိကနှစ်ချက်ရှိတယ်၊ နံပါတ်တစ်က ပြောင်းလဲနေတဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်အောင်နေတတ်နေရမယ်၊ နံပါတ်နှစ်က လျော့နည်းမှုဖြစ်အောင်

နေရမယ်"

"ဆရာ--ဘယ်လိုလိုက်လျောညီထွေအောင်နေရမှာလဲဆိုတာ ရှင်းပြပေးပါဦး ဆရာ"

"ပြောမယ်လေကွာ--မင်းကသိပ်လောတာပဲ၊ တို့ရွာဦးဘုန်းကြီးကျောင်းဆရာတော်က လူတွေကျန်းမာအောင်ကံ၊ စိတ်၊ ဥတု၊ အာဟာရသပ္ပာယညီညွတ်မျှတရမယ်လို့ ဟောသလို ကမ္ဘာကြီးပူနွေးလာတာကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုတွေလုပ်ကြရမယ်၊ ဖြစ်လာရင်ထိန်းထိန်းသိမ်းသိမ်းနဲ့ ဝိုင်းဝန်းတားဆီးကြရမယ်၊ သီးနှံတွေဆိုရင်လည်း ပုံမှန်သီးနှံစိုက်ပျိုးတာမဟုတ်ဘဲ၊ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်တဲ့သီးနှံတွေရွေးစိုက်ရမယ်၊ အသားငါးထုတ်လုပ်မှုမှာ ရာသီဥတုဒဏ်ခံနိုင်တဲ့ တိရစ္ဆာန်တွေပဲမွေးမြူကြပေါ့ကွာ၊ နောက်ဆုံးတော့ ပညာပေးဆောင်ရွက်မှုတွေနဲ့အတူတိုးတက်လာတဲ့သတင်းခေတ်ကြီးမှာ ရာသီဥတုဆိုင်ရာသတင်းတွေ ဖလှယ်ဆောင်ရွက်ကြဖို့လိုကြောင်း ထည့်ပြောပေးပေါ့"

"လျော့နည်းမှုဖြစ်အောင်ရော ဘယ်လိုဆောင်ရွက်ရမလဲ ဆရာ"

"ရာသီဥတုပြောင်းလဲမှု လျော့နည်းဖို့ဆိုတာ နှစ်မျိုးထပ်ပြောပြမယ်၊ တစ်မျိုးက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့အောင် စွမ်းအင်ကဏ္ဍတွေကို အသုံးလျော့သလို စွန့်ပစ်ပစ္စည်း ဥပမာ-ကြွပ်ကြွပ်အိတ်လိုဟာမျိုးကို ပြန်ပြင်၊ပြန်ထွင်၊ ပြန်သုံးဆိုတဲ့ R-၃လုံးကို လုပ်ဆောင်ကြဖို့၊ ရေထုမြေထုလေထု တွေကို သန့်စင်စေပြီး ညစ်ညမ်းမှုလျော့ဖို့တွေပါတာပေါ့ကွာ၊ နောက်တစ်မျိုးကတော့ ထွက်လာတဲ့မှန်လုံအိမ်ဓာတ်ငွေ့တွေကို စုပ်ယူတဲ့သစ်တောသစ်ပင်တွေ များများစိုက်ပျိုးပေးဖို့ပဲပေါ့ကွာ၊ ဒါမင်းသိသင့်တာကို ငါလည်းသိသလောက်ထဲက မကျဉ်းမကျယ်ပြောပြတာ၊ သိတာတွေအကုန်လုံး ဒီစာအုပ်တွေကြည့်ပြီး ပြောပြရင် မင်းကိုငါကညပိုင်းထိမီးထွန်းပြီး ပြောပြရလိမ့်မယ်၊ ဟောပြောပွဲမှာ တချို့အချက်တွေကို ကိန်းဂဏန်းနဲ့ပြောချင်ရင် ဟောဒီစာအုပ်တွေ ဖတ်ကြည့် မပျောက်စေနဲ့၊ နောက်ပြီး ငါ့ဆီပြန်ပို့ပေး"

"ဟုတ်ကဲ့ပါ ဆရာ၊ မပျောက်စေရပါဘူး၊ ကျွန်တော်လည်း မှတ်သင့်တာ မှတ်သားထားပြီး ဆရာ့ဆီပြန်ပို့ပါ့မယ်"

"နောက်ဆုံးအပိုင်းကတော့ ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ဖြေရှင်းရာမှာ သစ်တောကဏ္ဍက ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ကာဗွန်စုပ်ယူမှုအရေးကြီး၊ အရေးပါလို့ သစ်တောတွေမပြုန်းအောင်၊ သစ်တောထိန်းသိမ်းရေးလုပ်အောင်၊ သစ်ပင်တွေစိုက်အောင် သစ်ပင်ဘယ်လိုစိုက်တာ၊ ဘယ်လိုပြုစုတာ၊ သစ်ပင်တွေရဲ့အကျိုးကျေးဇူးတွေကိုမင်းဖာသာ ရှင်းပြပေတော့၊ နောက်စိုက်မယ့်သစ်ပင်တွေကို တို့ဌာနမှာ အခမဲ့လာယူပြီး အချိန်မီစိုက်ကြဖို့ပါ ထပ်ပြီးတော့ ကြော်ငြာဝင်ခဲ့"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာ"

"အေး-- ငါ မင်းကိုပြောပြတာ ငါ့ဘကြီးပြောတဲ့စကား ပိုရှာ၊ လျော့သုံးစကားနှစ်ခွန်းကို မှီးပြောတာဘဲ၊ ကာဗွန်စုပ်ယူတဲ့ သစ်တောသစ်ပင်တွေကို ပိုစိုက်စို့၊ ကာဗွန်ထုတ်လွှတ်မှုဖြစ်စေတဲ့ သစ်တောတွေမပြုန်းအောင် သစ်တောသယံဇာတလိုတာထက်၊ ပိုမထုတ်မသုံးဘဲ လျော့သုံးဖို့ အသိရှိစေချင်တာပဲ" "ဆရာရယ်--ဒါတော့ စိုက်ပြီးသစ်ပင်တွေလည်းသုံးကြရဦးမယ်လေ"

"မသုံးနဲ့မပြောပါဘူး၊ အရွယ်ရောက်လာရင် စနစ်တကျထုတ်ယူသုံးရမှာပဲ၊ ခြိုးခြိုးခြံခြံသုံးပါ၊ ယခုတို့တစ်တွေသုံးသလို နောင်သားစဉ်မြေးဆက်တွေသုံးဖို့လည်း နောင်ရေးအထိစဉ်းစားကြရမှာပေါ့ကွာ၊ **စနစ်နဲ့ခုတ်ယူ၊ ထောက်ကူစိုက်ပျိုး၊ တောတွေတိုးအောင်၊ တို့ထူထောင်စို့၊ သစ်တောမဖြုန်း၊ ချင့်ချိန်သုံး၊ သက်ဆုံးရှည်ကြာ၊ သုံးစွဲပါလော့** ဆိုတဲ့ဆောင်ပုဒ်တွေလည်းရှိနေတာပဲ---ဒီတော့ တို့တစ်တွေ ပိုရှာ၊ လျော့သုံးကြဖို့လုပ်ရမယ်လေ"

"ပိုရှာ၊ လျော့သုံး၊ နောင်ရေးအထိ စဉ်းစားကောင်းလိုက်တဲ့အိုင်ဒီယာပဲ"

"မင်းကို ငါပြောပြတာအပြင် ထပ်လေ့လာနော်၊ ရုံးဆင်းချိန်တောင်ရောက်ပြီ၊ မင်းလည်းသွားတော့၊ ငါလည်းရုံးဆင်းအိမ်ပြန်တော့မယ်"

စာရှုသူများခင်ဗျာ--ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ကာဗွန်စုပ်ယူပေးတဲ့ ကမ္ဘာကြီးရဲ့အဆုပ်သစ်တောသစ်ပင်များများဖြစ်အောင် စိုက်ပျိုးထိန်းသိမ်းပြီး ကမ္ဘာမြေတွက် သစ်တောသစ်ပင်တွေ ပိုရှာဖွေ၊ စုဆောင်းပေးဖို့၊ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုညစ်ညမ်းမှုလျော့ကျရေး၊ သစ်တောနဲ့အခြားသယံဇာတသုံးစွဲမှုတွေကို နောင်သားစဉ်မြေးဆက်အထိ ထာဝစဉ်ညီသုံးစွဲနိုင်ရေးအတွက် ခြိုးခြံပြီးလျော့သုံးစွဲခြင်းဖြင့် စိတ်ချလုံခြုံသော ကျွန်တော်တို့ရဲ့ လူနေမှုဘဝဝန်းကျင်ဖြစ်ပေါ်ရေးအတွက် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ယနေ့ပင် စတင်လှုပ်ရှားဆောင်ရွက်လိုက်ကြပါစို့---

အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ဖို့ သစ်ပင်စိုက်ကြစို့-





# သစ်တောသမားခရီးသွား

အောင်ခင်(သစ်တော)

### ဗာရာဏသီ တိုင်းဌာနီသို့

နောက်တစ်နေ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီ(၂၁)ရက်နေ့မှာတော့ ဗာရာဏသီတိုင်းဌာနီသို့ ချီတက်ကြပါတယ်၊ ပြည်မသိ ဗာရာဏသီမင်းမသိ ဗြမ္မာဒတ်ဆိုပြီး ငယ်ငယ်ကတည်းက ကြားဖူးခဲ့တဲ့ ဗာရာဏသီကို အဲ့ဒီနေ့မှာ ရောက်ခဲ့ကြပါတယ်၊ အဲ့ဒီနေ့ကတော့ ကျွန်တော်တို့ အိန္ဒိယနိုင်ငံရဲ့ အမြန်လမ်းမကြီးတစ်ခုကို လေ့လာခွင့်ရခဲ့ပါတယ်၊ လမ်းမကြီးကတော့ ကျွန်တော်တို့ရဲ့ လက်ရှိ ရန်ကုန်-မန္တလေးလမ်း အမြန်လမ်းမလောက်ပါပဲ လမ်းက ကတ္တရာလမ်း ကောင်းတယ်၊ တစ်ဖက်ကို Two Lanes အလယ်မှာ ကျွန်းရှိတယ်၊ အလယ်ကျွန်းက ကျွန်တော်တို့ပြည်က လမ်းလယ်ကျွန်းလောက် မကျယ်ဘူး၊ လမ်းဘေးမှာလည်း လူနေအိမ်ခြေတွေ မပြတ်ဘူး အိမ်တွေကတော့ အားလုံးဆောက်လက်စတွေချည်းပဲ တစ်လုံးမှ အဆုံးမသတ်သေးဘူး၊ အဆုံးသတ်လိုက်ရင် အခွန်ဆောင်ရမှာစိုးလို့တဲ့ လူတိုင်းက အိမ်တွေကို အပြီးမသတ်ပဲ နေလို့ ဖြစ်ရုံပဲ ဆောက်ပြီး နေနေကြတယ် ဥပဒေရဲ့ အားနည်းချက်ကို အသုံးချပြီး အခွန်ရှောင်နေကြတာလေ၊ လမ်းဘေးမှာ ကြော်ငြာတွေ မျိုးစုံအောင် တွေ့ရတယ်၊ ကျွန်တော်တို့နိုင်ငံမှာ အခု နာမည်ကျော်လာတဲ့ Telenor ဟာ India မှာကျတော့ Uninor တဲ့ဗျာ ကြော်ငြာဒီဇိုင်းက ကျွန်တော်တို့ဆီမှာလိုပဲ အပြာနုရောင် အောက်ခံပေါ်မှာ အဖြူရောင်ဒလက်လေးနဲ့ စာသားလေးပဲပြောင်းသွားတာပါ။

ကားလမ်းက ကျွန်တော်တို့ဆီကလို လက်ယာ ကပ်မောင်း မဟုတ်ဘူး၊ လက်ဝဲကပ်မောင်းပါ၊ ကားလမ်းကူးရင် အထူးသတိထားရပါတယ်၊ အမြန်လမ်းပေါ်မှာ ကုန်ကားကြီးတွေ မောင်းခွင့်ပြုထားတယ်။

ဗာရာဏသီမှာက မြို့ဟောင်း မြို့သစ်ဆိုပြီး ရှိကြတယ်၊ Guide တွေကရှင်းပြပါတယ်၊ အဆောက်အအုံတွေကတော့ ဂါယာနဲ့စာရင် ပိုပြီးသပ်ရပ်ပါတယ်၊ ဈေးဆိုင်တွေ စတိုးဆိုင်ကြီးတွေနဲ့ စာသင်ကျောင်းကြီးတွေ တွေ့ရတယ်၊ မြို့ထဲမှာလည်း ကျွန်းပင်တွေ၊ ယူကလစ်ပင်၊ ပိတောက်ပင်တွေ တွေ့ရတယ်၊ စိုက်ထားကြတာနဲ့တူပါတယ်၊ အဲ့ဒီနေ့ညက ဗာရာဏသီမြို့ မိဂဒါဝုန်ကျောင်းမှာ တည်းကြတယ်။

ညနေစာ စားကြတော့ ဒေါ်သဇင်က အသံလေးစာစာနဲ့ ထုံးစံအတိုင်း ထမင်းဝိုင်းမှာ ဟင်းတွေကို ဒီလိုရှင်းပြတယ်၊ ဗမာပြည်က ဝယ်လာတဲ့ ဒန့်သလွန်သီးနဲ့ ငါးခြောက်နဲ့ အရည်သောက်ချက်ပါတယ်၊ ဗာရာဏသီဈေးထဲက ပန်းဂေါ်ဖီကြီးတွေနဲ့ မုန်လာဥနီကြော်ပါတယ်၊ ကြက်သားကိုတော့ ဆီပြန်ချက်ထားပါတယ်၊ ထမင်းစားပြီးရင် မလိုင်ကျွေးပါမယ် စသည်ဖြင့် တည်းတဲ့နေရာတစ်ခုရောက်လို့ ထမင်းကျွေးတိုင်း အဲသလိုပြောပြောပြီး ကျွေးတာပါ၊ ဟင်းတွေ ကလည်း အလျှံအပယ်ပါပဲ၊ ပြီးရင်တော့ "ဇာတိဝက်" ဆိုတဲ့ အစာကြေဆေး လူတိုင်းကို လိုက်တိုက်ပါတယ်၊ ကောင်းလေစွ-ကောင်းလေစွ။

### မိဂဒါဝုန်သို့

နောက်တစ်ရက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်နေ့မှာတော့ သားသမင်များကို ဘေးမဲ့ပေးရာ မိဂဒါဝုန်တောကို သွားခဲ့ကြပါတယ်၊ မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောတော်မူတဲ့နေရာ ဓမ္မရာဇိကစေတီ တော်ကြီးရဲ့အုတ်ခုံပေါ်မှာ ရုပ်ပွားတော်တစ်ဆူကို တင်ပြီး ကျွန်တော်တို့အဖွဲ့က ဓမ္မစက္ကသုတ်ကို ရွတ်ဖတ်ကြပါတယ်၊ ရှင်းလင်းပြသတဲ့ ဦးပဥ္စင်းက တရားဟောပါတယ် မိဂဒါဝုန်တောကို India အစိုးရ ရှေးဟောင်းပြတိုက်ဌာနက ထိန်းသိမ်းထားပါတယ်၊ လူတစ်ဦးကို(၅)ရူပီး ဝင်ကြေးကောက်ပါတယ်။ ဓမ္မရာဇိက စေတီကတော့ အုတ်ပုံပဲ ရှိတော့တာပါ ၊ အဲ့ဒီမရောက်ခင် ကျွန်တော်တို့အဖွဲ့တန်းစီပြီး သွားခဲ့ရာမှာ ကျွန်တော်က ရုပ်ပွားတော်ကို ပင့်ပြီး သာသနာ့အလံကို နောက်တစ်ယောက်က ကိုင်ရပါတယ်၊ ကျန်တဲ့နေရာတွေမှာတော့ ကျွန်တော်က သာသနာ့အလံကိုင်ပေ့ါဗျာ။

မိဂဒါဝုန်တောဆိုပေပဲ့ ကြီးကြီးမားမား တမာပင်ကြီးတွေကလွှဲပြီး အပင်ကြီးများသိပ်မရှိလှပါဘူး၊ မြက်ခင်းတွေကိုတော့ စိမ်းနေအောင် ထိန်းထားကြတယ်၊ အမှိုက်သရိုက်မရှိရအောင် ဂရုစိုက်ကြတယ်၊ သန့်ရှင်းစိမ်းလန်းနေတာပါပဲ၊ အဲ့ဒီဝင်းထဲမှာ မြတ်စွာဘုရားတရားဟောတော်မူရာ

ပလ္လင်နေရာ၊ နန္ဒိယကျောင်းတော်၊ စတာတွေကို India ရှေးဟောင်းဌာနက စနစ်တကျမှတ်တမ်းများရေးထိုးပြီး ထိန်းသိမ်းထားတာ တွေ့ရပါတယ်။ သူတို့ရဲ့ မြို့၊ ရွာ၊ ရပ်ကွက်တွေထက် အများကြီး သန့်ရှင်းသပ်ရပ်တယ်။ စိမ်းလန်းတဲ့ ဥယျာဉ် ပန်းခြံကြီးတွေလိုလုပ်ထားတော့။

ဆက်လက်ပြီးတော့ မြတ်စွာဘုရား အနတ္တသုတ်ဟောတော်မူရာ ဓမ္မေခစေတီတော်ကို သွားဖူးကြတယ်။ အဲဒီမှာ ကျွန်တော်တို့အဖွဲ့ အနတ္တလက္ခဏာသုတ်ကို စုပေါင်းရွတ်ဆိုပူဇော်ကြပါတယ် ။ နေ့လယ်ပိုင်းမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် နောက်တစ်ကြိမ်ထပ်သွားပြီး ဓမ္မေခစေတီတော်ကြီးကို ထပ်ဖူးကြသေးတယ်။ ကျွန်တော့် မဟေသီက ဘုရားဘေးက မြက်ခင်းပြင်စိမ်းစိမ်းမှာ ပုတီးစိပ်ရွတ်ဖတ်နေတုန်း ကျွန်တော်က ပတ်ဝန်းကျင်ကို လေ့လာလို့ တွေ့ထားတာလေးတွေကို ပြောပြရအုံးမယ်။ မြက်ခင်းစိမ်းစိမ်းအစပ်မှ ကျွန်းပင်လေးတွေကို စီပြီး ၂ တန်းလောက် စိုက်ထားတာတွေ့တယ်။ ဒါပေမဲ့ မြန်မာပြည်က စိုက်ခင်းစစ်တဲ့ စာရင်းစစ်မှတ်ချက်အတိုင်း ကြုံလို့စွာရှင်သန်နေသည်လို့ပဲ ပြောရမယ်ထင်တယ်။

ကျွန်တော်တို့ forestry ကျောင်းသားဘဝတုန်းက ဆရာတစ်ဦး ပြောတာကိုလည်း ပြန်ပြီး အမှတ်ရတယ်။ ဟိုးတုန်းက India သစ်တောဌာနက မြန်မာပြည်က ကျွန်းစေ့တွေမျိုးတောင်းပြီး India မှာစိုက်တယ်တဲ့။ အပင်တွေက တွန့်လိန်ကောက်ကွေးပြီး မြန်မာပြည်ဘက်ကို ကိုင်းကိုင်းလေးတွေဖြစ်နေပါတယ်တဲ့။ ဒါနဲ့ India သစ်တောအရာရှိက မြန်မာသစ်တောအရာရှိကိုတွေ့တော့ မင်းတို့ဆီက ကျွန်းစေ့တွေ ယူစိုက်တာ ဒီလိုပုံစံ ဖြစ်နေတယ်။ ဘာလို့လဲလို့မေးတော့ မြန်မာသစ်တောအရာရှိကြီးက home sick (အိမ်လွမ်းလို့) ပြန်ဖြေလိုက်တယ်တဲ့၊ အဲ့ဒီ home sick မျိုးဆက်တွေပဲလား မပြောတတ်ပါဘူး အမှန်တော့ home sick မျိုးဆိုတာတွေက မြန်မာသစ်တောအရာရှိကြီးများက တမင်တကာ လယ်ကြား ကျွန်းတွေက အစေ့တွေ ပေးလိုက်တာတဲ့၊ ကိုယ့်မျိုးကောင်းကို အလကားသူများကိုပေးပါ့မလား စဉ်းစားကြပါ။

ရှေးတုန်းကတော့ forest conservator တွေလေ။ conservative mind ရှိကြတာပေါ့။ သားသမင်တွေကို ဘေးမဲ့ပေးထိန်းသိမ်းထားတဲ့နေရာကိုလည်း သွားကြည့်ခဲ့ပါတယ်။ အဲ့ဒီမှာလဲ အပင်တွေကို အုတ်ကွက်ကြား Tree guard တွေနဲ့ ကာထားတာတွေ့ရပါတယ်။ အပင်တွေကြီးနေပေမဲ့ အခေါက်ခွာ မစားရအောင် ကာထားတာဖြစ်ပါလိမ့်မယ်။ တမာပင်ကြီးကြီးတွေပေါ်မှာတော့ ဆရက်နဲ့ ချိုးငှက်တွေ အသံစုံမြည်ပြီး ရှဥ့်နက်ကျားကလေးတွေ ပြေးလွှားဆော့ကစားနေတာတွေ့ရပါတယ်။ ပုတီးစိပ်နေတဲ့ ကျွန်တော့် မဟေသီနားထိအောင်ကပ်ပြီးကစားနေတာလဲတွေ့ရပါတယ်။

ဓမ္မေခစေတီကြီးကတော့ ကြီးမားခန့်ငြားထည်ဝါလှပါတယ်။ ဆိုင်းဘုတ်တွေပေါ်မှာတော့ စေတီကို ရွှေသက်န်း မကပ်ရလို့ ရေးထားပေမဲ့ ရွှေသက်န်းများ ကွက်တိကွက်ကျားကပ်ထားတာတွေ့ရပါတယ်။ မြန်မာပြည်က ရွှေမြန်မာ ဘုရားဖူးများရဲ့သဒ္ဓါတရားကို တားလို့မရဘူးလေ၊ တခြား စေတီပုထိုးနေရာတွေမှာလည်း ဒီလိုမျိုး ဆိုင်းဘုတ် Notice တွေရှိပေမဲ့ ရွှေသက်န်းကတော့ ကပ်ကြတာပါပဲ။

နောက်ပြီးစေတီကြီးပေါ်ကို ပစ္စည်းတစ်စုံတစ်ရာ မပစ်တင်ရလို့ Notice မှာရေးထားပေမဲ့ တိဗက်ဘုရားဖူးများ ပစ်တင်ထားလို့ ပုဝါဖြူဖြူလေးတွေ တို့လို့ တွဲလောင်းကိုလဲ တွေ့ရပါတယ်။ သူတို့က စေတီပေါ် ကို အဓိဋ္ဌာန်ပြုပြီး ပစ်တင်ကြတာလေ။

ဒါကြောင့် ထင်ပါရဲ့ စေတီတော်ကြီးကို အနီးကပ်ဖူးပြီး တောင်ခြစ်မြောက်ခြစ်လုပ်မှာစိုးလို့ စေတီတော်ကြီးကို ၄လက္မ × ၄လက္မ ပတ်လည်လောက်ရှိတဲ့ သစ်သား လက်ရန်းကြီးတွေ ပတ်ထားတယ်။ ပြင်ဖို့လိုတဲ့ နေရာတွေမှာလည်း ပြင်နေတာတွေ့ခဲ့ရတယ်။ မြန်မာပြည်မှာလို steel လက်ရန်းတွေ မသုံးကြဘူး။

ညနေပိုင်းကျတော့ မိဂဒါဝုန်ကျောင်းနားက ဈေးဆိုင်တွေမှာ အမျိုးသမီးဘုရားဖူးများ ဈေးဝယ်ထွက်ကြတယ်။ ဆာရီခြုံထည်၊ ကော်ဇောနဲ့ တခြားပစ္စည်းတွေရောင်းကြတယ်။ ဆိုင်းဘုတ်ကို မြန်မာလို ထူထားတဲ့ ဆိုင်းဘုတ်ရှိတယ်။ ဗမာလို ရေလည်အောင်ပြောတတ်တဲ့ ဈေးသည်တွေလည်း ရှိတယ်။ တစ်ခါတလေကျတော့လည်း ခြေဟန်လက်ဟန်နဲ့ နားလည်သွားရတာမျိုးလည်းရှိတာပေါ့။ ကုလားက ခြုံထည်လို့ ပြောတာ အသံထွက်က (ချောင်ထည်)လို့ထွက်တော့ အစ်မကြီးတွေနားမလည်ဘူး၊ နောက်မှ လူကိုခြုံပြမှ အော် ခြုံထည်ကို ပြောတာပါလားလို့ သိကြရတာ။

ညပိုင်းမှာ မိဂဒါဝုန်ဆရာတော်ကို စုပေါင်းပြီး လှူဖွယ်ဝတ္ထုတွေလှူကြတယ်။ ကျွန်တော်တို့ကတော့ သင်္ကန်းတစ်စုံနဲ့ ငွေ(၅၀၀၀)လှူခဲ့ပါတယ်။ အခြားသော ညအိပ်ကျောင်းများမှာလည်း သင်္ကန်းတစ်စုံနဲ့ ဝတ္ထုငွေ(၅၀၀၀)စီ လှူခဲ့ပါတယ်။ မြန်မာ့သစ်လုပ်ငန်း၊ အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)၊ ဦးမန်းဝင်းတင် ပေးလိုက်တဲ့ (သစ်လုပ်ငန်း) ပြက္ခဒိန်များကိုလည်း လှူခဲ့ပါတယ်။

**သာဝတ္ထိပြည် ၊ ဇေတဝန်ဆီ**

၂၀၁၅ခုနှစ် ဇန်နဝါရီလ (၂၃) ရက်နေ့၊ မိဂဒါဝုန်ကျောင်းမှထွက်ပြီး သာဝတ္ထိမြို့ဆီသို့ချီတက်ခဲ့ကြပြန်တယ် ခရီးလမ်းက ဝေးတော့ လမ်းမှာပဲ နေ့လယ်စာကို ဆိုင်တစ်ဆိုင်မှာ စားကြပါတယ်၊ ဒါပေမဲ့ ကိုယ့်ထမင်းကိုယ့်ဟင်းချက်ယူလာပြီး ဆိုင်က နေရာထိုင်ခင်းလောက်ပဲ အသုံးပြု တာပါ၊ လက်ဖက်ရည်တို့ နွားနို့၊ စမူဆာတို့ ပူရီတို့တော့ မှာသောက်မှာစားကြတာပေါ့လေ ဂါယာကနေ ဗာရာဏသီကို သွားတော့လည်း ဒီလိုပဲ လမ်းက ဆိုင်တစ်ဆိုင်မှာ နားပြီး စားခဲ့ရပါတယ်။

ညနေပိုင်းမှာတော့ သာဝတ္ထိကျောင်းကို ရောက်ရှိတည်းခိုကြပါတယ်။ ကျွန်တော်တို့အထင် ခန်းမကြီးတွေမှာ

တန်းစီပြီး အိပ်ရမယ် ထင်ထားတာ။ ခရီးစဉ်တစ်လျှောက် ကျောင်းတိုင်းလိုလို ကိုယ့်အစီအစဉ်နဲ့ကိုယ် နှစ်ယောက် သုံးယောက်လေးယောက် အခြေအနေကိုလိုက်ပြီး သီးသန့်အခန်းတွေမှာ ပေါင်းနေကြရပါတယ်။ စောင်ခြင်ထောင် မွေ့ယာတွေ ကောင်းကြပါတယ်။ မှတ်မှတ်ရရ ခြင်ထောင်တွေမှာ အလှူရှင်တွေက ကမ္ဗည်းထိုးထားတာလေး ပြန်ပြီး ပြောပြချင်တယ်။ ခြင်ထောင်အမိုးပေါ်မှာ အလှူရှင်အမည် ရေးထိုးထားတာအပြင်က ၊ အပေါ်ကမဟုတ်ဘူး ခြင်ထောင်အတွင်းဘက်က ထိုးထားတာ အိပ်ရာထဲဝင် ခေါင်းအုံးပေါ် ခေါင်းတင်ပြီး ကြည့်လိုက်မှ အလှူရှင်အမည်ကို အတည့် မြင်ရတာ၊ အပြင်ကဖတ်ရင် မှန်စာလို ဖြစ်နေတာ၊ အိပ်ခန်းတွေက ရေချိုးခန်း အိမ်သာတွဲလျက် ( Bath Room Attached ) တွေများတယ်၊ ဘုန်းကြီးကျောင်းမှာတည်းတယ် ဆိုပေမဲ့ အဆင့်မြင့်ပါတယ်။ သန့်ရှင်းပါတယ်၊ လမ်းမှာ ထမင်းစားတဲ့ ဆိုင်တွေမှာနဲ့ တချို့ဘုန်းကြီးကျောင်းတွေမှာ ကျွန်တော် အရင်က မမြင်ဖူးသေးတဲ့ အိမ်သာခွက် တစ်မျိုးကိုလည်း တွေ့ခဲ့ရတယ်။ တချို့ ရွှေမြန်မာတွေ ဗိုလ်ထိုင် မထိုင်တတ်တဲ့ လူတွေအတွက် အဆင်ပြေလောက်တယ်။ သူကဗိုလ်ထိုင် ပေါ်မှာ အရှေ့တိုင်းပုံစံ ထိုင်နိုင်အောင် အိမ်သာခွက်ကို နှုတ်ခမ်းသား ဗျက်ကျယ်ကျယ်နဲ့ ခြေနင်းခုံလုပ်ထားတယ်။ အဲ့ဒီ နှုတ်ခမ်းသား ခြေနင်းခုံပေါ်မှာ ဆောင့်ကြောင့် ထိုင်လို့ရတယ်။ ဗိုလ်ထိုင် ထိုင်ချင်ရင်တော့ အဲ့ဒီအပေါ်မှာ ဗိုလ်ထိုင် အဖုံး ဖုံးပြီးတော့ သုံးနိုင်တယ်။ Two Ways ဒါမှ မဟုတ် Two in One ပေါ့ဗျာ မဆိုးဘူး။ ကျွန်တော်တော့ အခုမှ မြင်ဖူးတာ။

သာဝတ္ထိမရောက်ခင် လမ်းတစ်လျှောက် လမ်းဘေးမှာ ခေတ္တနားတဲ့အခါ ကျန်းမာရေးအတွက် ရပ်ပေးတဲ့အခါနဲ့ သွားရင်းလာရင်း ကျွန်တော် မြင်ခဲ့တဲ့ သဘာဝပတ်ဝန်းကျင်တချို့ကိုလည်း အစီရင်ခံချင်ပါတယ်။

ပတ်ဝန်းကျင်မှာ တွေ့တာကတော့ မြန်မာကုက္ကိုပင်တွေမှာ အသီးနီနီပြားပြားလေးတွေ တွဲလောင်းကျနေတာတွေ၊ ယူကလစ်ပင်၊ သရက်ပင်၊ ဖျောက်ဆိပ်ပင်၊ စိမ်းစိမ်းစိုစိုနဲ့ လက်ပံခါး၊ ညောင်၊ ဘောစကိုင်းပင် စတာတွေကို တွေ့ခဲ့ရပါတယ်။ သစ်ပင်နှင့်သီးနှံရောစိုက်တဲ့ Agroforestry စိုက်ခင်းတွေလည်း တွေ့ခဲ့ရပါတယ်၊ ပဲစင်းငုံ၊ ဆီမုံညင်း၊ ကြံ၊ ကြက်သွန်ဖြူ ဆေးရွက်ကြီး စသဖြင့် တွေ့ခဲ့ရပါတယ်။ Wood Lot လေးတွေကိုလည်း ထိန်းထားတာတွေ့ရပါတယ်။ ကျေးရွာတွေကတော့ ညစ်ပတ်ပါတယ်။ တချို့ မြို့ငယ်လေးတွေ ဖွံ့ဖြိုးတိုးတက်စပြုနေတာလည်း တွေ့ရပါတယ်။ အမြန်လမ်းကတော့ သိပ်မကျယ်ပေမဲ့ ကတ္တရာလမ်းသား ကောင်းကောင်းလုပ်ထားပြီး ဆယ်ဘီးကား၊ ၁၂-ဘီးကား၊ ကုန်ကားကြီးတွေ၊ ဆီဘောက်ဆာကြီး တွေ၊ Container ကားကြီးတွေ အမြောက်အမြား ဖြတ်သန်းသွားလာနေတာ တွေ့ခဲ့ရပါတယ်။ ကား Car Accidents တွေ ပက်လက်လန်နေတဲ့ ကားတွေလည်း တွေ့ခဲ့ပါတယ်။

အမြန်မောင်းကြတာကိုး။ ဒါပေမဲ့ ကားမောင်းသူတွေကတော့ ကျွန်တော်တို့ဆီက လူတွေထက်ပိုပြီး စည်းကမ်းလိုက်နာတာ သည်းခံတာ ရှိတယ်လို့ ထင်ပါတယ်။ ကားတွေကတော့ အိန္ဒိယနိုင်ငံထုတ် အိန္ဒိယဒီဇိုင်းနဲ့ အလှဆင်ထားတဲ့ ကားကြီးတွေပါ။ ဓာတ်ဆီဆိုင်တွေကတော့ အိန္ဒိယနိုင်ငံတော်အစိုးရပိုင် Indian oil coporation ကဆိုင်တွေပါပဲ။ Customer များအတွက် Toilet မီးဘေးလုံခြုံရေး အစီအစဉ်တွေလုပ်ထားတာအပြင် Customers သိသာရန် ဆိုင်းဘုတ်များလည်း ထောင်ထားပါတယ်။ Customers'' rights ဆိုင်းဘုတ်တွေကိုလည်း ထင်ထင်ရှားရှား လူမြင်ကွင်းမှာ စိုက်ထားပါတယ်။ သဘောကျလို့ ဓါတ်ပုံတောင် ရိုက်ယူလာသေးတယ်၊ ကြည့်ချင်တဲ့သူရှိရင် ကြည့်ကြရအောင် FaceBook မှာ တင်ပေးလိုက်မယ်လေ။

သာဝတ္ထိဆိုတာက အလုံးစုံပြည့်စုံသော မြို့လို့ အဓိပ္ပါယ်ရှိတယ်လို့ မှတ်သားခဲ့ရပါတယ်။ ဘုရား လက်ထက်တော်ကတော့ ဟုတ်မှာပါ။ အခုတော့ အုတ်ပုံဟောင်း အဆောက်အအုံဟောင်းတွေနဲ့ သာမန်တောရွာလေး သာသာပါပဲ။ နောက်တစ်နေ့ (၂၄-၁-၂၀၁၅) မှာတော့ သာဝတ္ထိမြို့က ရှေးဟောင်းစေတီကျောင်းတော်များကို သွားရောက်ဖူးမျှော်ကြပါတယ်။ ဦးစွာပထမ အင်္ဂုလိမာလစေတီ ရောက်တော့ လိုက်လံရှင်းပြတဲ့ ဦးပဥ္စင်းက ရှေးသရောအခါ သာဝတ္ထိပြည်ဌာနမှာ ××× လူဆိုးဗိုလ် ××× အင်္ဂုလိမာလဟာ ××× သန်လျက်ဓားကို သူ့လက်ဖျားကမချပါ××× အစချီတဲ့ခေတ်ဟောင်း အဆိုတော်ကြီး ဒေါ်မေရှင်(ထင်ပါတယ်)ရဲ့ သီချင်းတစ်ပိုင်းတစ်စကို ညည်းပြပြီးမှ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပါတယ်။ ဦးပဥ္စင်းကို မလေးစားလို့ ဒီလိုပြောတာ မဟုတ်ပါ။ သဘောကျလွန်းလို့ပါ။ နောက်ပြီးတော့ အနာထပိဏ်စေတီကို သွားဖူးပြီး ဇေတဝန်ကျောင်းတော်ရာကို သွားရောက်လေ့လာကြပါတယ်။ ကျောင်းတော်ရဲ့ သမိုင်းကြောင်းကတော့ ဆရာတော်များနဲ့ စာရေးဆရာကြီးများ ဟောကြားရေးသားခဲ့ကြလို့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဖူးပြီးသားမို့ ကျွန်တော်အသေးစိတ် မတင်ပြတော့ပါဘူး။

ဖူးခဲ့ မြင်ခဲ့တာလေးတွေပဲ တင်ပြပါမယ်။ မြတ်စွာဘုရား သီတင်းသုံးခဲ့တဲ့ ဂန္ဓကုဋီက ပန်းတင်ခုံ ဆိုတဲ့ နေရာမှာ စေတီသေးသေးလေးသဏ္ဍာန် ပြုလုပ်ထားတာကို ဗုဒ္ဓဘာသာ ဘုရားဖူးများရဲ့ သဒ္ဓါတရား ထက်သန်စွာနဲ့ ရွှေသက်န်းများ ကပ်လှူထားတာကို တွေ့ရပါတယ်။ ကျွန်တော်တို့လည်း ရွှေသက်န်း ကပ်ခဲ့ပါတယ်။ guide ကိုယ်တော်က ရှင်းပြလို့ ကရေတိကုဋီ (ကတက်ပင်ကျောင်းတော်)၊ ကောသမ္ဗကကုဋီ (ကြို့ပင်ကျောင်းတော်) ဓမ္မသာလာ(တရားဟောတဲ့ ဓမ္မာရုံ) စတဲ့နေရာတွေကိုလည်း ဖူးတွေ့ခဲ့ရပါတယ်။

ဒီနေရာဒီဌာနမှာ မြတ်စွာဘုရားက လူပရိသတ်၊ နတ်ပရိသတ်တို့ကို သူ့အချိန်နဲ့သူ တရားရေအေး အမြိုက်ဆေးများ တိုက်ကျွေးခဲ့တာဖြစ်ပါတယ်။ စိဥ္စမာဏတို့လို ပဋာစာရီတို့လို ထင်ရှားတဲ့ အမျိုးသမီးများကိုလည်း ဒီနေရာ ဒီဌာနမှာ တရားဟောခဲ့တယ်လို့ မှတ်သားခဲ့ရပါတယ်။

မလှမ်းမကမ်းမှာတော့ ဘုရားခြေဆေးတော်မူသောနေရာလို့ ဆိုင်းဘုတ်တပ်ထားပြီး ရေတွင်းတစ်တွင်း၊ ရေတင်တဲ့တုံကင်နဲ့ တွေ့ရပါတယ်။ ကုလားတစ်ယောက်က ဒီရေသောက်ရင် ကျန်းမာတယ် ဘေးကင်းတယ်ဆိုပြီး ရေသန့်ဘူးလေးတွေနဲ့ ထည့်ပြီး လိုက်ပေးနေတယ်။ တချို့က ၅ရူပီး ၁၀ရူပီး ဆိုပြီး ပေးခဲ့ကြတယ်။ မပေးရင်လဲ ကိုကုလားက လိုက်တောင်းတာပါပဲ။ guide ကတော့ ရောဂါမသန့်ရှင်းလို့ မသောက်ဖို့တားပါတယ်။ မြတ်စွာဘုရား ကန္တာကုဋီရဲ့ တောင်ဘက်ခပ်လှမ်းလှမ်းမှာတော့ ရှင်အာနန္ဒာစိုက်ခဲ့တဲ့ အာနန္ဒာဗောဓိလို့ အမည်တွင်နေတဲ့ ဗောဓိညောင်ပင်ကြီးကိုတွေ့ရပါတယ်။ ကျွန်တော်တို့အဖွဲ့က အန်တီများ၊ မမများက ကြွေကျလာတဲ့ ဗောဓိရွက်များ လိုက်ကောက်ကြပါတယ်။ ကုလားတွေက ကြိုကောက်ထားပြီး လိုက်ရောင်းတာလည်း တွေ့ခဲ့ရပါတယ်။ အာနန္ဒာဗောဓိရဲ့ အနီးတစ်ဝိုက်မှာတော့ အရှင်မဟာ မောဂ္ဂလာန်၊ ရှင်မဟာကဿပ စတဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးများရဲ့ ဓာတ်တော်စေတီဟောင်း ဖူးတွေ့ရပါတယ်။ အများအားဖြင့် အုတ်ပုံအပြိုအပျက်တွေပါပဲ မြန်မာပြည်မှာဆို ရွှေရောင်တဝင်းဝင်းနဲ့ စေတီတွေ ဖြစ်နေမှာပါ။

ဒါပေမဲ့ guide တွေကတော့ ဒီအဟောင်းအမြင်းကျောက်ပုံ အုတ်ပုံကြီးတွေက သမိုင်းကြောင်း အထောက်အထားတွေဖြစ်လို့ တန်ဖိုးရှိတဲ့အကြောင်း ရှေးမူမပျက်ထိန်းသိမ်းထားကြတဲ့အကြောင်း အသစ်ပြုပြင်ရင် တန်ဖိုးကျသွားမှာဖြစ်လို့ အသစ်မတည်ဆောက်တဲ့အကြောင်း ရှင်းပြကြပါတယ်။

**နီပေါတိုင်းပြည် လုမ္ဗိဏီသို့**

နေ့လယ် ၁နာရီလောက်မှာ သာဝတ္ထိကနေ ခရီးဆက်ခဲ့ကြရာမှာ နီပေါနယ်စပ်ကို ၆နာရီလောက်မှာ ရောက်ပါတယ်။ လမ်းတစ်လျှောက်မှာတော့ ဖျောက်ဆိပ်ပင်တွေ၊ မြောက်ချောပင်၊ လယ်ဇယ်ဖြူပင်၊ ယူကလစ်ပင်တွေကို မြေနည်းနည်းခြောက်တဲ့နေရာမှာ တွေ့ရပြီး မြေကောင်းမြေစိုတဲ့နေရာတွေမှာ စက်က တုံးပင်၊ သပြေပင်ကို တွေ့ရပါတယ်၊ စိုက်ထားတယ်လို့ ထင်ရတဲ့ ကျွန်းပင်တွေကိုလည်း လမ်းဘေးတစ်လျှောက်တွေ့ရပါတယ်။ မိဂဒါဝုန်ကအပင်တွေနဲ့ စာရင်တော့ ပိုကြည့်ကောင်းသလိုပါပဲ ရေမြေရာသီဥတု ပိုကောင်းလာတဲ့ သဘောထင်ပါရဲ့။ လယ်ကွင်းယာကွင်းတွေထဲမှာလည်း ထန်းပင်ပုပုတွေကို မြင်ရပါတယ်။ မြန်မာပြည်က ထန်းပင်တွေလောက်မမြင့်ဘူး။ အုပ်စုလိုက် ထန်းတောပုံစံလည်း မတွေ့ရဘူး။ ဟိုတစ်ပင်ဒီတစ်ပင်ကျဲကျဲဘဲတွေ့ရတယ်။

ကွင်းပြင်တွေထဲမှာလည်း ခေါင်းတိုင်ကြီးကြီးတွေနဲ့ အုတ်ဖုတ်တဲ့ အုတ်ဖိုကြီးတွေကို နေရာအနှံ့ တော်တော်များများ တွေ့ခဲ့ရပါတယ်။ ခေါင်းတိုင်ကြီးတွေက ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသက ဆန်စက်ကြီးတွေက အုတ်ခေါင်းတိုင်ကြီးတွေလောက်ကို ကြီးမားတာပါ။ အရင်းမှာကြီးပြီး အဖျားရှူးတက်သွားပါတယ်။

အောက်ခြေမှာ ခန့်မှန်းခြေ အချင်း ၁၀ပေလောက်ရှိပြီး အမြင့်ကလည်း ပေ၃၀ကျော်လောက် ရှိပါလိမ့်မယ်။ ဖိုကြီးတွေကလည်း အကြီးကြီးတွေပါ။ အုတ်ဖုတ်ဖို့ ထင်းပဲသုံးနေသလား တခြားလောင်စာ စပါးခွံတို့ဘာတို့ သုံးနေသလား အနီးကပ်မလေ့လာခဲ့ရလို့ ပြန်မတင်ပြနိုင်ပါ။ တချို့နေရာတွေမှာ ဂျုံစိုက်ခင်းတွေ တွေ့ရပါတယ်။ နီပေါနယ်စပ်ဂိတ်မှာ passport, visa စတာတွေ စစ်ဆေးတာ တော်တော်လေး ကြာပါတယ်။ ဒါတောင် ဒေါ်သဇင်ရဲ့ အဖွဲ့သားတွေက အဲ့ဒီက ဝန်ထမ်းတွေနဲ့ ရင်းနှီးပြီး ပေါင်းသင်းပေးကမ်းရေလောင်းထားလို့ ဒီလောက်မြန်တာလို့ ပြောပါတယ်။ တော်သေးတာပေါ့ နယ်စပ်ဂိတ်မှာ ကားပေါ်မှာပဲ အိပ်ရတော့မယ် ထင်နေတာ။ ည(၈)နာရီ (၉)နာရီ လောက်ကျမှ ကျွန်တော်တို့ တည်းခိုရမဲ့ လုမ္ဗိဏီကျောင်းကို ရောက်ပါတယ်။ အဆင့်သင့်နွှေးထားတဲ့ ထမင်းဟင်းများကို ကမန်းကတန်းစားပြီး အိပ်ရာဝင်ခဲ့ကြပါတယ်။

**ကပိလနဲ့ သျှိဝ**

နောက်တစ်နေ့ (၂၅-၁-၂၀၁၅)မှာတော့ ကပိလဝတ်မြို့ဟောင်းကို သွားလေ့လာကြပါတယ်။ စောစောပဲ ထသွားကြတာ။ နှင်းတွေမြူတွေကြားထဲမှာ သိပ်တောင်အလင်းရောင်မရသေးဘူး။ မြို့ဟောင်းနေရာမှာ ရှေးဟောင်းဌာနက ထိန်းသိမ်းထားတဲ့ ဘုရားစေတီအပြိုအပျက်တွေကိုပဲ လေ့လာရတာပါ။ အဲ့ဒီမှာ သတိထားစရာတစ်ခုရှိပါတယ်။

မြို့ဟောင်းထဲက စေတီပျက်တစ်ခုထိပ်မှာ သျှိဝနတ်မင်းကြီးရဲ့ လိင်အင်္ဂါလို့ ဆိုတဲ့ ကျောက်တုံးကြီး တစ်ခုရှိတယ်။ ဟိန္ဒူတွေရဲ့ အယူပါ၊ ကျောက်တုံးကြီးရဲ့ပုံကိုကြည့်တော့လည်း ကြက်သီးမွှေးညင်းထချင်စရာပါ၊ ပြင်သစ်မတွေဆိုရင်တော့ Vrai canon (အမြောက်ကြီး)လို့ ပြောလိမ့်မယ် ထင်ပါတယ်။ ဒီစကားလုံးကတော့ ကျွန်တော် ပြင်သစ်စာတတ်လို့မဟုတ်ပါဘူး။ စာရေးဆရာကြီး Harold Robbin ရဲ့ စာအုပ်တစ်အုပ်ထဲက ဇာတ်ဝင်ခန်းတစ်ခန်းက ပြင်သစ်မတစ်ယောက်ပြောတဲ့စကားကို မှတ်မိနေလို့ပါ။ အဲ့ဒီထိပ်ကိုရောက်ဖို့ သံလက်ရမ်းတွေနဲ့ သံလှေခါးတွေ ထောင်ထားတယ်။ guide က ဘုရားဖူးများနဲ့မဆိုင်ဘူး။ တက်မကြည့်ပါနဲ့လို့ တားနေတဲ့ကြားက ဦးပဥ္စင်းများ တက်ကြည့်တာကြောင့် ကျွန်တော်လည်း နောက်က လိုက်တက်ပြီး စပ်စုလို့ သိရတာပါ။ အဲ့ဒီပုံကိုတော့ ကျွန်တော့် facebook မှာစိတ်ဝင်စားသူများ ကြည့်နိုင်အောင် တင်ပေးထားပါမယ်။

ဆက်လက်ဖော်ပြပါမည် ➢

# ဆည်များနှင့် ပြည်သူတို့၏ အနာဂတ်

မောင်ကျော်သက်၊ သစ်တောတက္ကသိုလ် (ပဋ္ဌမနှစ်)



**ဆည်**များ၊ ရေကာတာများ တည်ဆောက်ရာတွင် သိသာထင်ရှားသော အကျိုးဖြစ်ထွန်းမှု၊ ဂေဟစနစ်ပြောင်းလဲမှု အလားအလာများစွာရှိပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်ရာတွင် ဆည်၊ မြောင်း၊တာတမံများ၊ ရေကာတာများ တည်ဆောက်ပြီး စိုက်ပျိုးမွေးမြူရေးအတွက် ရေအလုံအလောက် ပေးဝေနိုင်ခြင်းသည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လာပါသည်။ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရန် လိုအပ်သော စွမ်းအင်(Energy)ကို ၎င်းဆည်များမှ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့သည်လည်း အဓိကဖြစ်လာခဲ့သည်။ ထို့ကြောင့် ဆည်များအား အခိုင်အခန့်အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပါက တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး၊ ကျေးလက်မြို့ပြပြည်သူတို့၏ လူနေမှုအဆင့်အတန်း၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် အသီးသီးသော အကျိုးကျေးဇူးများကို ခံစားရပေလိမ့်မည်။ သို့သော် အခြားတစ်ဖက်မှာလည်း ဆည်များကို သာမန် လိုတာထက်ပိုဆောက်ခဲ့ပါက ၎င်းဆည်များ၏ အကျိုးသက်ရောက်မှုသည် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်စသည်တို့အပေါ် သက်ရောက်မှုများမှာ အလွန်ကြီးမားပြီး အချိန်ကာလကြာလာသည်နှင့်အမျှ ပိုမိုဆိုးရွားလာနိုင်ကြောင်း ယခုလက်ရှိ တွေ့ကြုံဖြစ်ပျက်ခဲ့ပြီးသော အခြေအနေများအရ အားလုံးသိရှိပြီးဖြစ်ပါလိမ့်မည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆည်များအား တည်ဆောက်ရာတွင် အရင်းအနှီး(Investment) မလုံလောက်ခြင်း၊ ခန့်မှန်းကုန်ကျစရိတ်ထက် ပိုမိုစိုက်ထုတ်ရန် မလွယ်ကူခြင်းနှင့် နည်းပညာဆိုင်ရာ(Technology)အားနည်းနေခြင်း စသည့်အခက်အခဲများကြောင့် ဆောက်လုပ်ရေးပိုင်းတွင် အလွန်အန္တရာယ်ကြီးမားကြောင်း ကမ္ဘာပေါ်ရှိ ဆည်ပေါင်း(၂၄၀)အားစစ်တမ်းပြုလုပ်ခဲ့သော အောက်စဖို့ဒ်တက္ကသိုလ်၏ စာတမ်းများအရ သိရှိရပါသည်။ တည်ဆောက်ပြီးစီးသည့်အခါတွင်လည်း ခန့်မှန်းထားသော လျှပ်စစ်ဓာတ်အားအတိုင်း ရရှိရန်မသေချာခြင်း၊ သစ်တောဖုံးလွှမ်းဧရိယာ(Forest Cover)များ တဖြည်းဖြည်း လျော့နည်းလာသောကြောင့် ရေကြီးရေလျှံ(Flooding) မှုများကို အလွယ်တကူထိန်းချုပ်ရန် မလွယ်ကူခြင်း၊ ရာသီဥတုဖောက်ပြန်မှု (Climate change)၊ မုန်တိုင်းနှင့် မြေလျှောင်စသည့် သဘာဝဘေးအန္တရာယ် (Natural disasters) များကြောင့် အကျိုးကျေးဇူးများကိုလည်း အပြည့်အဝရရှိခံစားနိုင်ကြလိမ့်မည် မဟုတ်ပါ။

ဥပမာအားဖြင့် နိုင်ငံတကာမြစ်ဖြစ်သော မဲခေါင်မြစ်(International River)ပေါ်တွင် သက်ဆိုင်သော နိုင်ငံများက ဆည်များ အပြိုင်အဆိုင် ဆောက်လုပ်လာကြသောအခါ ၎င်းဆည်များ၏အကျိုးသက်ရောက်မှုများကြောင့် ဂေဟစနစ်(Ecosystem)၊ ရေနေသတ္တဝါများ(Aquatic animals)၊ စိုက်ပျိုးရေး(Agriculture) လူမှုစီးပွားရေး(Socio-economic) နှင့် သဘာဝပတ်ဝန်းကျင် (Natural environment) စသည်တို့အပေါ် ခြိမ်းခြောက်မှုများမှာ တဖြည်းဖြည်းဆိုးရွားလာခဲ့သည်။ ဆည်တစ်ခု၏ နေ့စဉ်လုပ်ဆောင်ချက်သည်(၂၄)နာရီတွင် (၈) နာရီသာ ရေကို ပုံမှန်ထိန်းထားပြီး၊ ကျန်(၁၆)နာရီက ရေကို ပုံမှန်လွှတ်ပေးနေရသည်။ ရာသီဥတုပြောင်းလဲမှုများကြောင့် မုန်တိုင်းများ မကြာခဏဖြစ်ပေါ်ခြင်း၊ မိုးများ အဆက်မပြတ် လွန်ကဲစွာရွာသွန်းခြင်း စသည့် အခြေ

အနေများတွင် ငှင်းဆည်များသည် ရေကိုနေ့စဉ်(၁၆)နာရီထက် ပိုမို လွှတ်ပေးရလိမ့်မည်။ ထိုအခါ ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ရေမျက်နှာပြင် မငြိမ်မသက်ဖြစ်ပေါ်ခြင်း (Fluctutation of water level)စသည့် သဘာဝဘေးများကို ခံစားရပေလိမ့်မည်။

ထိုသို့ ရေမျက်နှာပြင်အတက်အကျများကြောင့် မြစ်ရေ ချောင်း ရေများ အလွယ်တကူ ပြည့်လျှံလာခြင်း၊ သစ်တောသစ်ပင်များ မရှိပါက မြေပြိုမှုများ(Landslides)များ ဖြစ်ပေါ်ခြင်းနှင့် မြေတိုက်စား ခံရမှု (Erosion) ဖြစ်ခြင်း၊ ကမ်းပါးတစ်လျှောက်ရှိ သီးနှံစိုက်ခင်းများ ငါးဥ၊ လိပ်ဥများရေနောက်ပါသွားခြင်း၊ လူနေအိမ်များ ရေလွှမ်းနိုင်ခြင်း စသည့် ရေဘေးဒုက္ခများကို ရရှိပေလိမ့်မည်။ ထို့အပြင် နောက်ဆက်တွဲ အနေဖြင့် နုန်းမြေအနယ်အနှစ်များ(Sedimentation process)ပို့ဆောင်မှု ကျဆင်းလာခြင်း၊ ရေထဲတွင် အောက်ဆီဂျင် (Oxygen)ပါဝင်မှု လျော့နည်းလာခြင်းနှင့် လွတ်လပ်စွာစီးဆင်းနေသော ရေများကို တားဆီးထားသော ဆည်များ(Dams blocking the free flowing water)ကြောင့် ရေနေ သတ္တဝါများ၏ ပြောင်းရွှေ့နေထိုင်ခြင်း (Migration)တို့ကို အနှောင့်အယှက်ဖြစ်လာပြီး ရေနေသတ္တဝါတို့၏ မျိုးပွားနိုင်မှုတို့ကို အချိန်ကာလကြာလာသည်နှင့်အမျှ ထိခိုက်လာနိုင်သည်။ ဥပမာ- မဲခေါင်မြစ်ပေါ်တွင် ဆည်များ အလွန်အကျွံ တည်ဆောက်လာခြင်းတို့ကြောင့် တစ်နှစ်လျှင် စီးပွားဖြစ်ငါးဖမ်းနိုင်မှု (၄၀%မှ၇၀%)အထိ ကျဆင်းလာသည်ကို တွေ့ရပါသည်။ ထို့အပြင် ရေကြောင်း သယ်ယူပို့ဆောင်ခြင်း (Transportation) ကိုလည်း ထိခိုက်လာနိုင်ပါသည်။ နွေရာသီတွင်လည်း ရေကို ထိန်းပေး၊ ထုတ်ပေးနိုင်သော (Spongy function)သစ်တော၊ သစ်ပင်များလျော့နည်းလာမှုနှင့် ရေဝေရေလဲစိုက်ခင်းများ(Watershed plantations) အလုံအလောက်မရှိခြင်းတို့ကြောင့် ရေပြတ်လပ်မှု၊ ကျဆင်းမှုများကို ဖြစ်ပေါ်လာနိုင်သည်။

ထို့ကြောင့် ဆည်များ တည်ဆောက်မည်ဆိုပါက ရေဝေရေလဲ စိုက်ခင်းများကို အချိန်မီလုံလောက်စွာ စိုက်ပျိုးသင့်ပါသည်။ ဒေသအလိုက် ရေလိုအပ်မှုများလျှင် ရေများကို ပိုမိုထုတ်ပေးနိုင်သော Broadleaf species များကိုစိုက်ပျိုးသင့်ပြီး၊ ရေလိုအပ်မှုနည်းလျှင် ရေများကိုစုပ်ယူသိုလှောင်ထားနိုင်သောConifer species များကို ရွေးချယ်စိုက်သင့်ပါသည်။ ဆည်ရေအတက်အကျ၊ ရေကြီးရေလျှံမှုတို့နှင့် ဆက်စပ်နေသော သစ်တော၊သစ်ပင်များကိုလည်း ထိန်းသိမ်းထားရမည်။ သက်ဆိုင်ရာဌာနများသည်လည်း ဆည်များတည်ဆောက်မည်ဆိုပါက ပထမဦးစွာပြည်သူများအပေါ် သက်ရောက်မည့် အကျိုးရလဒ်များကို အရင်စဉ်းစားသင့်ပါသည်။ ဌာနများသည် စီမံကိန်းလုပ်မည်ဆိုပါက ပြည်သူလူထုအပေါ်တွင် ပွင့်လင်းမြင်သာမှု (Transparency) ရှိရမည်ဖြစ်ပြီး၊ ပြည်သူတို့၏ သဘောထားအမှန်ကိုလည်း ကောက်ခံရလိမ့်မည်။ ထို့နောက် ဒုတိယအဆင့်အနေဖြင့် ပတ်ဝန်းကျင် အကဲဖြတ်မှုအတွက် (EIA-Environmental Impact Assessment)၊ လူမှုရေး အကဲဖြတ်မှု (SIA-Social Impact Assessment)တို့ကို သေချာ တိကျစွာ လုပ်ဆောင်ရမည်။ ထိုမှသာ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ဘယ်လောက်ထိခိုက်မလဲ၊ ဘယ်လောက်အတိုင်းအတာထိ အကျိုးခံစားရနိုင်မလဲ၊ အကျိုးအမြတ်ရနိုင်မလဲ စသည့် အကျိုးအပြစ်များကို သိရှိပေလိမ့်မည်။ ပြီးမှ တတိယအနေဖြင့် ကမ္ဘာပေါ်တွင်ရှိသော Hydropolicy အတိုင်း လိုက်နာဆောင်ရွက်သင့်ပေသည်။

ထို့ကြောင့် ဆည်များတည်ဆောက်ခြင်း၏ အကျိုးရလဒ်များသည် မြစ်ကမ်းပါး၊ ချောက်ကမ်းပါးနှင့် ငှင်းဆည်များ အနီးတစ်ဝိုက်ရှိ ပြည်သူများနှင့် သက်ရှိသတ္တဝါ၊ ဂေဟစနစ်၊ သဘာဝပတ်ဝန်းကျင်စသည်တို့အပေါ် တိုက်ရိုက်(သို့) သွယ်ဝိုက်ပြီး ပတ်သက်ဆက်နွယ်မှု ရှိသောကြောင့် သေချာပီပြင်အောင် စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်ဟု ရေးသားအကြံပြုအပ်ပါသည်။

**Australia နိုင်ငံ နယူးဆောက်ဝေး ပြည်နယ်တွင် မုန်တိုင်းအန္တရာယ် လျော့နည်းသွားပြီဖြစ်သော်လည်း ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်းသတိပေးထုတ်ပြန်ထားကြောင်း(၂၅-၈-၂၀၁၅)**





ကဗျာကဏ္ဍ

# " မမေ့နိုင်တဲ့ ဇူလိုင်ရယ် "

JULY

မှံ့ရှာ-ချစ်သန်းထွန်း
(မြန်အောင်သစ်တော)

ဝသန်ကာလ
ဇူလိုင်လမှာ
သယံဇာတ
(*One Shot Inventory*)
စာရင်းကောက်ပါ
တာဝန်ပေးလို့
တောတောင်သို့လေ
တို့တစ်တွေ
ခြေလျင်ခရီးနှင်ခဲ့ကြ။

မိုးတွေကသည်း
ချောင်းရေလည်းသန်
တွဲလက်မှန်မှန်
ကူးပြန်ရတာ
အခါခါထပ်
ချော်ကာလဲမတတ်၊
မြောင်ကိုပတ်သော်
တောင်ကိုကျော်ဖြတ်
တောထူထပ်စေ
အကွက်တွေထဲ
ခက်ခက်ခဲခဲ
မလျော့ခဲ့သောက်
လျှောက်မြဲရောက်ခဲ့ကြ။

အနာဂတ်တောထွက်
မျိုးဆက်ပင်ငယ်
ထုထည်တန်းစား
တို့များသိဖို့
ကြိုးစားလို့သာ
မှန်စွာကောက်ခဲ့ကြ။

မိုးတွေသည်းလည်း
ချွေးရွှဲရွှဲစို
သွေးရဲရဲနီ
မြင်ရသည်မှ
"ကျွတ်"တွယ်ပြီကိုသိကြရ။

ရေကိုကျိုချက်
ဝမ်းမပျက်စေဖို့
ရေကျက်အေးကို
နေ့စဉ်လိုသောက်
ဝါးကျည်တောက်တို
ခွက်နားအိုဖြင့်။

တောစခန်းမေ
အပန်းပြေပြေ
နားမနေအား
တစ်နေ့သွားလာ
ကောက်လာတဲ့စာရင်း
ရေးသွင်းရ။

နံနက်ညစာ
မျှစ်မပါမပြီး
တောတွင်းသီးနှံ
ဟင်းလုပ်ပြန်တာ
မှန်မှန်စားသည့်
ငါးပိရေကျို
နေ့တိုင်းလို။

ညအိပ်ရာဝင်
မှက်ခြင်မခ
ငှက်မထအောင်
ခြင်ထောင်ကိုပြင်
ဘုရားမြင်ကာ
အိပ်ရာဝင်ရ။

ညညရောက်လည်း
သားရဲတိရစ္ဆာန်
ကျားဟိန်းသံနှင့်
ညံညံသောသော
တဝေါဝေါလျှင်
သွင်သွင်စီးနေ
ချောင်းရေကျသံက
အမှောင်ညမှာ၊ ထိတ်စရာ။

ခြော်...မည်သို့ဆိုစေ
တို့တစ်တွေသည်
ချောင်းရေတွေဖြတ်၊
မြောင်တွေပတ်လျက်
တောင်တက်တောင်ဆင်း
မိုးမင်းရွာစေ
ညည်းမနေဘဲ
ဖွဲ့တွေမြဲလျက်
တွဲလက်ခိုင်မာ
တို့၏တာဝန်
ကျေပွန်ထမ်းဆောင်
ဝမ်းရှေ့အင်ဗန်ထရီ
(*One Shot Inventory*)
အောင်မြင်ပြီမို့
ဌာနီသို့လေ
ပြန်လာနေလည်း
စိတ်ထဲမှာမိုး
သွန်းဖြိုးတာကြောင့်
နှစ်ထောင့်ဆယ့်ငါး
"ဇူလိုင်"အားလေ
မိုးတွေရွာတိုင်း
အတိတ်လိုင်းထ
သတိရနေမယ်
ဇူလိုင်ရယ် . ...။



ကျွန်တော်တို့အားလုံး ညီညွတ်မှ
မိခင်ကမ္ဘာကို ကယ်တင်နိုင်မယ်။




ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံရှိ သစ်တောသယံဇာတများအား ဆန်းစစ်လေ့လာခြင်းဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၆-၈-၂၀၁၅)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း မှတ်တမ်းဓာတ်ပုံ (၁၂-၈-၂၀၁၅)










ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဘိုကလေးမြို့နယ်၊ ပြင်ဒရယ်ကြိုးဝိုင်းအတွင်း ထော်ပိုင်ကျေးရွာအုပ်စု၊ အေးချမ်းသာယာကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသနေ ပြည်သူလူထုနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားစဉ်။ (၇-၈-၂၀၁၅)




ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် REDD+ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၆-၈-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်
မြေအသုံးချမှုမူဝါဒသုံးသပ်ရေးအထောက်အကူပြု
လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင်
အဖွင့်အမှာစကားပြောကြားစဉ်။
(၂၆-၈-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကချင်ပြည်နယ်၊ အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေအသိအမှတ်ပြုနိုင်ရေး ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (၂၈-၈-၂၀၁၅)






ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ မြန်မာနိုင်ငံအပူပိုင်းဒေသရေအရင်းအမြစ်နှင့် အစားအစာဖူလုံမှုတို့အပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆုံးရှုံးနိုင်ခြေများအား ကိုင်တွယ်ဖြေရှင်းခြင်း လုပ်ငန်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (၂၆-၈-၂၀၁၅)




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီ စစ်ဆောင်ပနား အပူပိုင်းရုက္ခဗေဒဥယျာဉ်တို့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် သစ်တောသုတေသနဌာန Renovation Plan စတင်ခြင်း အခမ်းအနားကို သစ်တောသုတေသနဌာန (ရေဆင်း) တွင် ကျင်းပခဲ့ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် နှင့် တရုတ်သိပ္ပံအကယ်ဒမီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ Dr. Yaping ZHANG နှင့်အဖွဲ့တို့မှ တက်ရောက်ဖွင့်လှစ်ခြင်း အခမ်းအနား။ (၂၅-၈-၂၀၁၅)

# သင်းခွေချပ် (Pangolin)

Order (မျိုးစဉ်) Pholidota
Family (မျိုးရင်း) Manidae
Genus (မျိုးစု) Manis

မောင်ဝင်း၊ ဦးစီးအရာရှိ
ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော


White-bellied Pangolin


Philippine Pangolin


Sunda Pangolin


Indian Pangolin


Black-bellied Pangolin


Giant Ground Pangolin


Temminck's Ground Pangolin

ဘူမိသက်တမ်းကာလ ရှေးနှစ်သန်းပေါင်း (၆၀)ခန့်မှစ၍ ကမ္ဘာပေါ်တွင် သင်းခွေချပ်မျိုးစိတ်များ ရှင်သန်ပေါက်ပွား နေထိုင် ကျက်စားခဲ့ကြပါသည်။ ယနေ့အချိန်တွင် ကမ္ဘာပေါ်ဒြ် အာရှ(၁၇)နိုင်ငံတွင် ရှင်သန် ကျက်စားသော အာရှသင်းခွေချပ်မျိုးစိတ်(၄)မျိုးနှင့် အာဖရိက (၃၁)နိုင်ငံတွင် ရှင်သန်ကျက်စားသော အာဖရိက သင်းခွေချပ်မျိုးစိတ်(၄)မျိုး စုစုပေါင်း (၈)မျိုး ရှင်သန်ကျက်စားလျက်ရှိပါသည်။ ၄င်းတို့မှာ

- Chinese Pangolin *Manis pentadactyla*
- Sunda Pangolin *Manis javanica*



Chinese Pangolin

| | |
|---|---|
| Indian Pangolin | *Manis crassicaudata* |
| Philippine Pangolin | *Manis culionensis* |
| White-bellied Pangolin | *Manis tricuspis* |
| Black-bellied Pangolin | *Manis tetradactyla* |
| White-bellied Pangolin | *Manis tricuspis* |
| Temminck's Ground Pangolin | *Manis temminckii* |
| Giant Ground Pangolin | *Manis gigantea* တို့ဖြစ်ပါသည်။ |

မြန်မာနိုင်ငံတွင်မူ မလေးသင်းခွေချပ် (Sunda Pagolin-Manis javanica) နှင့် တရုတ်သင်းခွေချပ် (Chinese Pangolin - Manis pentadactyla) ဟူ၍ မျိုးစိတ်(၂) မျိုးရှိပါသည်။ သင်းခွေချပ်များမှာ အထူးသဖြင့် ခြနှင့်ပုရွက်ဆိတ်တို့ကို စားသုံးသည့် အကြေးခွံပါရှိသော နို့တိုက်သတ္တဝါ တစ်မျိုး ဖြစ်ပါသည်။ ယင်းတို့၏ ခန္ဓာကိုယ်ပေါ်ရှိ အကြေးခွံများပေါ်တွင် ဦးချိုကဲ့သို့ မာကြော၍ အစောင်းများပါရှိသော အကြေးခွံတစ်မျိုးရှိပြီး အပူပိုင်းဒေသများဖြစ်သည့် အာဖရိကတိုက်၊ အာရှတိုက်တို့တွင်သာ တွေ့ရှိရပါသည်။ သင်းခွေချပ် (Pangolin)ဟူသော ဝေါဟာရစကားမှာ မလေးဘာသာစကားဖြစ်ပြီး "တစ်စုံတစ်ခု လိမ့်နေသည်" ဟု အဓိပ္ပါယ်ရပါသည်။

### ထူးခြားသည့် ခန္ဓာကိုယ်ပြင်ပ သွင်ပြင်လက္ခဏာများ
( External Features)

သင်းခွေချပ်များသည် နို့တိုက်သတ္တဝါ အမျိုးအစားတွင် ပါဝင်ပြီး မာကြော၍ ချပ်ပြားအဝိုင်းပုံသဏ္ဌာန်ရှိသည့် အကြေးခွံများဖြင့် ခန္ဓာကိုယ်ကို ဖုံးအုပ်ထားပါသည်။ မွေးဖွားပြီးစ သင်းခွေချပ်ငယ်လေးများ၏ အကြေးခွံမှာ နူးညံ့ပျော့ပျောင်းပြီး အရွယ်ရောက်လာမှသာ မာကြောလာကာ အကြေးခွံများ၏ အပေါ်တွင်လည်း ဦးချိုကဲ့သို့ မာကြောသော အစောင်းများပါသည့် အကြေးခွံများ ပေါ်ပေါက်လာပါသည်။ ထို့အပြင် လူ၏လက်သည်း၊ ခြေသည်းများကဲ့သို့ ရှေ့ခြေနှင့် နောက်ခြေတို့တွင် ခြေသည်းများလည်း ပေါ်ပေါက်လာပါသည်။ သင်းခွေချပ်များ၏ အကြေးခွံများသည် ထင်းရှူးသီးပုံသဏ္ဌာန်ကဲ့သို့ ခန္ဓာကိုယ်ပေါ်တွင် တည်ရှိနေသည့်အတွက် အန္တရာယ် တစ်စုံတစ်ရာနှင့်တွေ့ရှိပါက ခန္ဓာကိုယ်ကို ဘောလုံးပုံ သဏ္ဌာန်သို့ ပြောင်းလဲခြင်းဖြင့် အကြေးခွံများသည် ထပ်သွားကာ သံချပ်ကာကိုယ်ထည်ကဲ့သို့ ဖြစ်သွားပြီး ယင်းတို့၏အမြီးသည်လည်း ခန္ဓာကိုယ်ကို ရစ်ပတ်ဖုံးအုပ်ကာ ပြင်ပအန္တရာယ်ကို ကာကွယ်ပြီးသား ဖြစ်သွားပါသည်။ သင်းခွေချပ်၏ ရှေ့ ခြေထောက်တွင်ရှိသော လက်သည်းသည် ရှည်လျားပြီး ကောက်ကွေးနေသဖြင့် လမ်းလျှောက်သည့်အခါ ရှေ့ခြေဖဝါးကို အကာအကွယ်ပေးထားပါသည်။ သင်းခွေချပ်များသည် အန္တရာယ်နှင့်ကြုံတွေ့ရပါက ယင်းတို့၏ စအိုအနီးတစ်ဝိုက်တွင် အဆိပ်ပါပြီး အနံ့ဆိုးသော အက်စစ်တစ်မျိုးကို ထုတ်လွှတ်နိုင်သော ဂလင်း (Glands) ပါရှိပါသည်။ ယင်းသည် အမြဲတမ်းထုတ်လွှတ်နိုင်ခြင်းမရှိပေ။တိုသော ရှေ့ခြေနှင့်နောက်ခြေတို့တွင် ထက်သော ခြေသည်းလက်သည်းများ ပါရှိသဖြင့် ယင်းတို့ကို အသုံးပြု၍ တွင်းတူးခြင်း၊ ခြတောင်ပို့များကို ဖြိုဖျက်ခြင်းနှင့် အပင်များ အပေါ်သို့ တက်ခြင်းများ ပြုလုပ်လေ့ရှိပါသည်။

မျိုးစိတ်အလိုက် အရွယ်အစားအမျိုးမျိုးရှိပြီး ခန္ဓာကိုယ်အလျားသည် ၃၅ စင်တီမီတာမှ ၁၇၆ စင်တီမီတာအတွင်းနှင့် အလေးချိန်သည် ၂ ကီလိုဂရမ်မှ ၃၅ ကီလိုဂရမ်အထိ အမျိုးမျိုး ရှိပါသည်။ အများအားဖြင့် အမများသည် အထီးများထက် အရွယ်အစားသေးငယ်ကြပါသည်။ ယင်းတို့တွင် ရှိသောလျှာသည် ရှည်လျားပြီး ဝမ်းဗိုက်ပိုင်း အထိ ဆန့်ထုတ်နိုင်ပါသည်။ အရွယ်ကြီးမားသော သင်းခွေချပ်များသည် ယင်းတို့၏လျှာကို ၄၀ စင်တီမီတာအထိ ဆန့်ထုတ်နိုင်ပြီး လျှာ၏လုံးပတ်မှာ ၀.၅ စင်တီမီတာခန့်ရှိပါသည်။

### အမူအကျင့်/ပြုမူနေထိုင်ပုံ
( Behaviours )

သင်းခွေချပ်များသည် ညတွင် ကျက်စားသော သတ္တဝါများဖြစ်ကြပါသည်။ ထူးခြားသော အာရုံခံစားမှုနှင့် အနံ့ခံအာရုံကိုအသုံးပြု၍ ယင်းတို့၏အစာဖြစ်သော အင်းဆက်ပိုးမွှားများကို ရှာဖွေစားသောက်တတ်ပါသည်။ Chinese Pangolin နှင့် Temminck's Ground Pangolin မျိုးစိတ် ၂ မျိုးသည် နေ့အချိန်တွင် မြေအောက်ရှိတွင်းများအတွင်း အိပ်စက်ကြပါသည်။တွင်းအောင်း သင်းခွေချပ်များမှာ မြေအောက် ၃.၅ မီတာအနက်အထိ ဥမင်လိုဏ်ခေါင်းများ တူး၍ နေထိုင်လေ့ရှိပြီး ရေကိုကျွမ်းကျင်စွာ ကူးခတ်နိုင်ပါသည်။ White-bellied Pangolin, Sunda Pangolin အပါအဝင် အခြားသော မျိုးစိတ်များမှာ သစ်ပင်များရှိ သစ်ခေါင်းများ အတွင်း အိပ်စက်လေ့ရှိပါသည်။

### အစားအစာ ( Food )

သင်းခွေချပ်များသည် သွားများမပါရှိသော်လည်း အစားအစာများကို ကြေညက်အောင် ဝါးစားနိုင်စွမ်းရှိပါသည်။ ပုရွက်ဆိတ်အုံနှင့် ခြတောင်ပို့များကို ယင်းတို့၏ ရှေ့လက်

တွင် ရှိသော စွမ်းအားအပြည့်ရှိသည့် ချွန်ထက်ပြတ်ရသော လက်သည်းများဖြင့် တူးဆွ၍ ယင်းတို့၏ ရှည်လျားသော လျှာကို ထိုးသွင်းပြီးစေးကပ်သော တံတွေးကို အသုံးပြုကာ အစာကို ရှာဖွေစားသောက်တတ်ပါသည်။ အချို့သောအပင်နေ သင်းခွေချပ်မျိုးစိတ်များသည် ယင်းတို့၏အမြီးဖြင့် သစ်ကိုင်းတွင် ရစ်ပတ်၍ သစ်ခေါက်များ အောက်တွင် နေထိုင်သော အင်းဆက်ပိုးမွှားများကို ရှာဖွေ စားသောက်တတ်ပါသည်။

**မျိုးပွားခြင်း** ( Reproduction )

သင်းခွေချပ်များမှာ သားပေါက်ပွားချိန်ရက်ပေါင်း (၁၂၀ မှ ၁၅၀) ထိကြာမြင့်တတ်၍ အာဖရိကတိုက်ရှိ သင်းခွေချပ်မှာ တစ်ကြိမ်သားပေါက်လျှင် တစ်ကောင်သာ ပေါက်ပွားပါသည်။ သို့ရာတွင် အာရှတိုက်ရှိ သင်းခွေချပ်များမှာ တစ်ကြိမ်သားပေါက်လျှင် တစ်ကောင်မှ သုံးကောင်အထိပေါက်ပွားတတ်ပါသည်။ မွေးကင်းစ အကောင်ပေါက်ငယ်လေးများမှာ ၈၀ ဂရမ် မှ ၄၅၀ ဂရမ် (သို့မဟုတ်) ၃ အောင်စ မှ ၁၈ အောင်စ အထိ ကိုယ်အလေးချိန် ရှိကြပါသည်။ မွေးကင်းစ အကောင်ပေါက် ကလေးများ၏ အကြေးခွံများသည် နူးညံ့ပျော့ပြောင်းပါသည်။ တွင်းအောင်းသင်းခွေချပ်တို့၏ မိခင်သည် ရွေ့လျားသွားလာသည့်အခါ အကောင်ပေါက်ငယ်လေးများသည် မိခင်၏အမြီးပေါ်တွင် တွယ်ဖက်၍ မိခင်သွားသည့်နောက်သို့ လိုက်ပါတတ်ပါသည်။ နှစ်ပတ်မှ လေးပတ်သားအရွယ် အကောင်ပေါက်ငယ်လေးများသည် မိခင်အစာရှာထွက်သည့်အခါ အသိုက်အတွင်း ကျန်နေလေ့ရှိပြီး သုံးလသားအရွယ်သို့ရောက်သောအခါမှသာ မိခင်က သားငယ်များကို နို့ဖြတ်တတ်ပါသည်။ (၂) နှစ်သားအရွယ်သို့ ရောက်ရှိမှသာ မျိုးပွားရန် အဆင်သင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ခြိမ်းခြောက်မှု / အန္တရာယ်ကျရောက်မှု** ( Threats )

သင်းခွေချပ်များကို အသားစားရန်အတွက် အာဖရိကတိုက်ရှိ နိုင်ငံအတော် များများမှ အမဲလိုက်ကြပြီး ချိုပုတ်အသားဟူ၍ လူသိများပါသည်။ သင်းခွေချပ်၏အသားမှာ နူးညံ့သဖြင့် ဇိမ်ခံအသားအဖြစ် တရုတ်လူမျိုးများ ကြိုက်နှစ်သက်လေ့ရှိသည့်အပြင် အချို့သော တရုတ်လူမျိုးများသည် သင်းခွေချပ်၏ အကြေးခွံကို တရုတ်တိုင်းရင်းဆေးများဖော်စပ်ရာတွင် အသုံးပြုကြပြီး ရောဂါအမျိုးမျိုးကို ပျောက်ကင်းကြောင်း လက်ခံယုံကြည်ကြပါသည်။ သင်းခွေချပ် အရေခွံကို ဟောင်ကောင်တွင် လက်ဆွဲအိတ်၊ ရှူးဖိနပ်၊ ခါးပတ်အစရှိသော သားရေ(Leather)ပစ္စည်းအမျိုးမျိုးအဖြစ် ထုတ်လုပ်သုံးစွဲကြပါသည်။

The International Union for Conservation of Nature -IUCN ၏ ၂၀၁၄ ခုနှစ်၊ စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များအရ ကမ္ဘာပေါ်ရှိ သင်းခွေချပ်မျိုးစိတ် ၈ မျိုးစလုံးမှာ နိုင်ငံဖြတ်ကျော် တရားမဝင် ကုန်သန်းရောင်းဝယ်မှုခံရခြင်းသည် မျိုးသုဉ်းရန်အတွက်အဓိကပြဿနာဖြစ်ပြီး လွန်ခဲ့သော ၁၀ စုနှစ်တစ်ခုအတွင်း တရုတ်နိုင်ငံသို့ သင်းခွေချပ်ကောင်ရေ တစ်သန်းကျော် ကျော်ကို တရားမဝင်ပို့ဆောင် ကုန်သန်းရောင်းဝယ်ခဲ့ကြောင်း သိရှိရပါသည်။ နိုင်ငံဖြတ်ကျော် ကုန်သန်းရောင်းဝယ်မှုများကို ထိန်းချုပ်တားဆီးရန်အတွက် သင်းခွေချပ်အသားနှင့် အကြေးခွံများကို ကောင်းစွာ မျိုးခွဲခြားနိုင်သော ကျွမ်းကျင်ပညာရှင်များ မရှိသေးခြင်းနှင့် မည်သည့် သင်းခွေချပ်ကျက်စားသည့်နိုင်ငံများကမှ နိုင်ငံအတွင်း လက်ရှိပျံ့နှံ့ကျက်စားလျက်ရှိသော သင်းခွေချပ်ကောင်ရေကို တိကျစွာကွင်းဆင်းလေ့လာနိုင်ခြင်းမရှိသေးခြင်းသည် အဓိကအခက်အခဲများဖြစ်နေပါသည်။

**ထိန်းသိမ်းထားရှိမှု** ( Consrevation Status )

ကမ္ဘာပေါ်တွင် သစ်တောများပြုန်းတီးလာခြင်း၊ သင်းခွေချပ်များကို အလွန်အကျွံထုတ်ယူ သုံးစွဲလာခြင်းများကြောင့် သင်းခွေချပ်မျိုးစိတ် ၈ မျိုးစလုံးမှာ အရေအတွက် သိသာစွာ ကျဆင်းလျက်ရှိပါသည်။ လန်ဒန်မြို့ အခြေစိုက် Zoological Society of London မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလစာရင်း ထုတ်ပြန်ချက်အရ မျိုးရိုးဗီဇဆိုင်ရာ မျိုးသုဉ်းရန် အန္တရာယ်ရှိသော နို့တိုက်သတ္တဝါစာရင်းတွင် ဖော်ပြထုတ်ပြန်ထားပါသည်။ The International Union for Conservation of Nature -IUCN အဖွဲ့ကြီး၏ ၂၀၁၄ခုနှစ် ထုတ်ပြန်ချက်အရ အာရှမျိုးစိတ် (၄)မျိုးထဲမှ Chinese Pangolin နှင့် Sunda Pangolinမျိုးစိတ်(၂)မျိုးကို မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် (Critically Endangerdg)၊ Indian Pangolin နှင့် Philippine Pangolin မျိုးစိတ်(၂)မျိုးကို မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ် (Endangered)၊ အာဖရိကမျိုးစိတ် (၄)မျိုးစလုံးကို မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သောမျိုးစိတ် (Vulnerable) များအဖြစ် သတ်မှတ်ခဲ့ပါသည်။

**သင်းခွေချပ်များနှင့်** CITES

မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း Convention on International Trade in Endangered Species of Wild Fauna and Flora - CITES ၏ ၁၉၇၅ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့၌ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ကျင်းပသော ပထမအကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ ညီလာခံတွင် အာဖရိကမျိုးစိတ် *Manis temminckii* အား CITES နောက်ဆက်တွဲ(၁) စာရင်းတွင်လည်းကောင်း၊ အာရှမျိုးစိတ်(၄)မျိုးဖြစ်သော *Manis crassicaudata* ၊*Manic javanica* ၊ *Manic culionensis* ၊ *Manic pentadactyla* တို့အား နောက်ဆက်တွဲ(၂)တွင်လည်းကောင်း ထည့်သွင်းသတ်မှတ်ခဲ့ပြီး မျိုး

သုဉ်းရန်အန္တရာယ်ကျရောက်နေသော မျိုးစိတ်များအား နိုင်ငံတကာ စီးပွားဖြစ် အလွန်အကျွံ ကူးသန်းရောင်းဝယ်ခြင်းမှ တားဆီးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ CITES ၏ ၁၉၉၂ ခုနှစ်တွင် ကျင်းပသော (၈)ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် ယခင် နောက်ဆက်တွဲ(၁)တွင် သတ်မှတ်ခဲ့သော အာဖရိကမျိုးစိတ် *Manis temminckii* နှင့် ကျန် အာဖရိက မျိုးစိတ်(၃)မျိုးတို့အား နောက်ဆက်တွဲ(၂)သို့ ပြောင်းလဲထည့်သွင်း သတ်မှတ်ခဲ့ပါသည်။

## သင်းခွေချပ်ကျက်စားသည့်ဒေသများဆိုင်ရာ ပထမအကြိမ် အစည်းအဝေး
( First Pangolin Range States Meeting)

CITES နောက်ဆက်တွဲ(၂)တွင် ထည့်သွင်းသတ် မှတ်ထားသော အာရှနှင့် အာဖရိက သင်းခွေချပ်မျိုးစိတ် (၈)မျိုးအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ နိုင်ငံဖြတ်ကျော် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းနှင့် ၎င်းတို့၏နေရင်းဒေသများ တဖြည်းဖြည်းပြုန်းတီးလာခြင်းများကြောင့် တောင်အာဖရိကနိုင်ငံတွင် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် CITES အဖွဲ့ဝင်နိုင်ငံများ၏ ၁၇ ကြိမ်မြောက် အစည်းအဝေးတွင် နောက်ဆက်တွဲ အဆင့်(၁)သို့ တိုးမြှင့် သင့်/မသင့် ဆွေးနွေးဆုံးဖြတ်ရန်နှင့် သင်းခွေချပ်ထိန်းသိမ်းရေးလုပ်ငန်း စီမံချက်တစ်ခု ရေးဆွဲရန် ရည်ရွယ်၍ ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့မှ (၂၆)ရက်နေ့အထိ သင်းခွေချပ်များ ကျက်စားသည့် ဒေသများဆိုင်ရာ ပထမအကြိမ်အစည်းအဝေးကို အာဖရိက(၃၁) နိုင်ငံနှင့် အာရှ(၁၇)နိုင်ငံမှ ကိုယ်စား လှယ်များနှင့် ထိန်းသိမ်းရေး INGOs များပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးဆုံးဖြတ်ချက်များအရ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော ကမ္ဘာပေါ်ရှိ သင်းခွေချပ်မျိုးစိတ် (၈)မျိုး စလုံးအား CITES နောက်ဆက်တွဲအဆင့်(၁)သို့ တိုးမြှင့်သတ်မှတ်ပြီး ဂေဟစနစ်တစ်ခုအတွင်းရှိ မျိုးစိတ်တစ်ခု မျိုးမသုဉ်းသွားစေရေးအတွက် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွင်း ရှင်သန်ကျက်စားလျက်ရှိသော သင်းခွေချပ်မျိုးစိတ်(၂)မျိုးကိုလည်း မြန်မာနိုင်ငံသားအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ထိန်းသိမ်းကာကွယ်သွားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။



မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့နှင့် ကျေးရွာအချို့တွင် ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇင်းကျိုက်တောင်ကြောပေါ်မှ တောင်ကျရေများတဟုန်ထိုးစီးဆင်းလာပြီး ဇင်းကျိုက်မြို့ အနိမ့်ပိုင်း လူနေရပ်ကွက်များ၊ ကျေးရွာအချို့နှင့် ရန်ကုန်- မော်လမြိုင် အဝေးပြေး ကားလမ်းမကြီးပေါ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် အဝေးပြေး ကားလမ်းမပေါ်တွင် ယာဉ်အသွားအလာများ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

(၂၈-၈-၂၀၁၅)ရက်၊ ချင်းပြည်နယ်တွင် မိုးကြီးပြီး တောင်ပေါ်ရေကန် ကျိုးပေါက်ခြင်းကြောင့် တွန်းဇံမြို့နယ်၊ ဟားခါးလေးကျေးရွာ(သို့) တွီးခိဇန်ကျေးရွာသည် ရေနဲ့ အတူပါလာသည့် နုန်းများ ၇ ပေ ခန့်ထိ ဖုံးသွားခဲ့ခြင်း။





# ဂုံတိုဒ္ဒါနေ့ ကျိုင်းတုံမြေရှိ ဒေသခံအစုအဖွဲ့ပိုင်တောများအား ကွင်းဆင်းလေ့လာခြင်း ခရီးစဉ်မှတ်တမ်း(၃)



စာရေးသူတို့အဖွဲ့သည် ၂၀၁၄ခုနှစ် စက်တင်ဘာလ(၂)ရက်နေ့ နံနက်(၈)နာရီတွင် ယန်းကျိန်ကျေးရွာအုပ်စုရှိ ဝမ်တောင်းကျေးရွာသို့ ကားဖြင့်သွားကြပါသည်။ ကျေးရွာ ဥက္ကဋ္ဌ ဦးစိုင်းမွေနှင့်အဖွဲ့က ကြိုဆိုကြပါသည်။ ယန်းကျိန်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၁၃)ရွာပါရှိပြီး ရှမ်းလူမျိုး၊ ဗုဒ္ဓဘာသာဝင်များသာ နေထိုင်ကြပါသည်။ အိမ်များမှာ ခြေတံရှည်အုတ်ကြွတ်မိုးထားပြီး ရွာ၏လမ်းတစ်ဖက်ခြမ်းတွင် နိုးရာနတ်ကွန်းကိုတွေ့ရပါသည်။ ထိုနတ်ကွန်းအနီးတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောဆိုင်းဘုတ်ကိုတွေ့ရပြီး တောစပ်တွင် စစ်ပင်များ၊ ဖလူးတောင်ဝေးပင်များ၊ မှန်ကူသီးပင်များနှင့် ဝဥရိုင်းပင်များကို တွေ့ရပါသည်။ ရွာအနီးရှိ လမ်းဘေးတွင်မူ စာရေးသူ တစ်ရပ်ခန့်မြင့်သော ရေဆူးပုတ်ပင်များကို တွေ့ရာ အမှတ်တရ မှတ်တမ်းတင်ခဲ့ပါသည်။ ရေဆူးပုတ်ပင်မှာ ပြည်ပမှ ဝင်ရောက်လာသော အပင်မျိုးစိတ်ဖြစ်ပြီး ထိုအပင်၏ အစေ့များသည် မြစ်၊ ချောင်း တစ်လျှောက်နှင့် ထိုမှတစ်ဆင့် လယ်ကွင်းများအတွင်း ဝင်ရောက်ကာ စပါးအထွက်နှုန်းကို ထိခိုက်စေပါသည်။ ဝမ်တောင်းကျေးရွာမှာ ဝမ်တောင်းဟွေနှင့် ဝမ်တောင်းနမ့် နှစ်ရွာပေါင်းပါဝင်ပါသည်။ ရွာမှာ ကားလမ်းဘေးတွင်တည်ရှိပြီး ထိုရွာတွင် အိမ်ထောင်စု(၇၀)အိမ် နှင့် လူဦးရေစုစုပေါင်း(၄၂၆)ဦး ရှိပါသည်။ အိမ်ထောင်စုတိုင်း လယ်ပိုင်ဆိုင်ကြပြီး တရုတ်နိုင်ငံမှ ရောင်းချသော တစ်ဧက (၅၀)တင်းထွက်သည့် ရှမ်းဆန်(၂၀၃)၊ ဆန်ကြမ်း(ငစိန်)အပြင် ဆင်းရွှေလီကို စိုက်ပျိုးကြပါသည်။ တောင်ယာစိုက်ပျိုးခြင်းမရှိဘဲ အချို့သော ငယ်ရွယ်သူများမှာ မိုင်းလားနှင့် တာချီလိတ်မြို့များတွင် ပန်းရံနှင့် အခြားကျပန်းအလုပ်များကို သွားရောက်လုပ်ကိုင်ကြကြောင်း သိရပါသည်။

အခြားဝင်ငွေရရှိသောလုပ်ငန်းမှာ ပဲပုတ်လုပ်ငန်းဖြစ်ပြီး မိုင်းခတ်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တင်ပို့ရောင်းချကြောင်းပြောပြပါသည်။ ထူးခြားသည်မှာ ဤရွာတွင် တစ်ရွာလုံး လက်တွန်းလယ်ထွန်စက်၊ ဆိုင်ကယ်နှင့် ဖုန်းများအိမ်တိုင်းတွင်ရှိခြင်းပင်။ ထို့အပြင် ဤရွာကိုစော်ဘွားခေတ်ကတည်းက တည်ထားသဖြင့် ယခုဆိုလျှင် နှစ် (၂၀၀)နီးပါးရှိပြီဖြစ်ပါသည်။ ယခုရွာတွင်လည်း အရက် ချက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကျဉ်ကြကြောင်းသိရပါသည်။ ရှမ်းလူမျိုးများသည် အမျိုးသားဝတ်စုံမှာ ပင်နီရောင်အပေါ်အင်္ကျီနှင့် ရှမ်းဘောင်းဘီကို ဝတ်ဆင်ကြပါသည်။ အမျိုးသမီးများမှာ ရင်ဖုံးအင်္ကျီအဝါနှင့် ပန်းရောင်ကို ဝတ်ဆင်ကြပါသည်။ခေါင်းတွင် အဝါရောင်၊ ပန်းရောင်ခေါင်းပေါင်းများ ပါရှိပါသည်။ ဝမ်တောင်းကျေးရွာတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောဧက(၄၂၀)ရှိပြီး ၂၀၀၀ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အပတောတွင်ပါဝင်ပြီး၊ မူလက တောင်ယာမြေများဖြစ်ကာ အသုံးပြုသူလူဦးရေ စုစုပေါင်း(၅၆)ယောက်ရှိကြောင်း မူလက သစ်ချ၊ သစ်အယ်၊ သစ်ယာပင်များ ရှိကြောင်း၊ နောက်မှ မဲဇလီ(၁၀)ဧက ကို ထပ်မံ စိုက်ပျိုးထားကြောင်း ပြောပြကြပါသည်။ အစုအဖွဲ့ပိုင်တောမှ အိမ်ဆောက်လုပ်ရန်သာ ထုတ်ယူသုံးစွဲနိုင်ပြီးဖြစ်ကြောင်း ရှင်းပြပါသည်။ ထို့အပြင် ကျေးရွာသုံးထင်း၊ တိုင်၊ မျှောများကို တစ်နှစ်တစ်ခါခုတ်ပြီး ခွဲဝေသုံးစွဲကြရကြောင်း သစ်ချပင် ထင်း တစ်လံလျှင်(၃၀၀၀၀)ကျပ်ရှိကြောင်း ရှင်းပြပါသည်။ မဲဇလီပင်ဧက (၁၀၀) ကို ၁၉၉၆ ခုနှစ်က စိုက်ထားပါကြောင်းနှင့် ရွာပိုင်တောအဖြစ် မဲဇလီပင်ဧက (၃၀၀)ကို စိုက်ပျိုးထားသည်မှာ(၄၁) နှစ်ရှိပြီဖြစ်ပါကြောင်း ရှင်းပြပါသည်။ ကျေးရွာတွင်ဘုရားကျောင်း(၂) ကျောင်း၊ မူလတန်းကျောင်းများလည်း ရှိပါသည်။

ထို့နောက် စာရေးသူတို့သည် ကတ်တောင်ကျေးရွာ အုပ်စုရှိ လာမိုင်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ စာရေးသူတို့နှင့်အတူ ဦးစီးအရာရှိ ဦးကျော်ဇင်အောင်စိုး၊ တောအုပ်ကြီး ဦးမောင်ပု၊ တောအုပ် ဦးမောရှည်တို့လည်း လိုက်ပါခဲ့ပါသည်။ ရွာသို့ မရောက်မီ လမ်းဘေး၌ စိုက်ပျိုး ထိန်းသိမ်းထားသည့် မဲဇလီတောများနှင့် မြစိမ်းရောင် စပါးခင်းကြီးများကို မျက်စိတစ်ဆုံးတွေ့ရပါသည်။ထိုနေ့သည် ဥပုသ်နေ့ဖြစ်သဖြင့် ဘုန်းကြီးကျောင်းတွင် တွေ့ဆုံမေးမြန်းကြပါသည်။ ရှမ်းတိုင်းရင်းသား အမျိုးသားများသည် ထိုနေ့တွင် အင်္ကျီအဖြူ၊ ပင်နီရောင်

ရှမ်းဘောင်းဘီကို ဝတ်ဆင်ထားသည်ကိုတွေ့ရပါသည်။ ကျောင်းမှာကျယ်ဝန်းပြီး သန့်ရှင်းပါသည်။ အများအားဖြင့် အဖိတ်နေ့ ညနေမှ စတင်ကာ ကျောင်း၌ ညအိပ် ဥပုသ်စောင့်ကြပါသည်။ ထို့နောက် စာရေးသူတို့မှာ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကြပြီး စတင်မေးမြန်းပါသည်။ ကျေးရွာ ဥက္ကဋ္ဌ ဖြစ်သူက မိမိတို့ရွာတွင် အိမ်ထောင်စု (၇၆)အိမ်၊ လူဦးရေ စုစုပေါင်း(၃၅၀) ဦးရှိကြောင်း၊ ကတ်တောင်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၂၂)ရွာပါရှိပြီး ရှမ်းလူမျိုး၊ ဗုဒ္ဓဘာသာဝင်များသာ နေထိုင်ကြကြောင်း ပထမဦးစွာ ရှင်းပြပါသည်။ လယ်ဧက စုစုပေါင်း (၂၀၈) ဧကရှိပြီး အများဆုံး (၁၀)ဧကနှင့် အနည်းဆုံး ၂ ဧကနီးပါး ပိုင်ဆိုင်ကြပါသည်။ စိုက်ပျိုးသည့် စပါးမျိုးမှာ မော်ဘီ(၃)နှင့် ရွှေရင်အေးတို့ ဖြစ်ပါသည်။ မော်ဘီ(၃)မှာ တစ်ဧကလျှင် ၄၅ တင်းမှ ၅၀တင်းအထိထွက်ကြောင်း၊ တောင်ယာစိုက်ပျိုးသူ(၅) ဦးရှိပြီး ယာစပါး၊ ပြောင်း၊မြေပဲ၊ ပဲပုတ်တို့ကို စိုက်ပျိုးကြောင်းရှင်းပြပါသည်။လယ်နှင့်ယာမရှိသူများမှာ ခြင်းစကော၊ တောင်းများကို ရက်လုပ်ကြကြောင်း၊ အချို့မှာ အခြားရွာများကဲ့သို့ ထိုင်းနိုင်ငံ၊ မိုင်းလား၊ တာချီလိတ်မြို့များသို့ အလုပ် သွားလုပ်ကြကြောင်း ရှင်းပြပါသည်။

ထို့နောက် ဒေသခံ အစုအဖွဲ့ပိုင်တော ဥက္ကဋ္ဌဖြစ်သူ ဦးနန်ဆိုက်အားမေးမြန်းရာတွင် အစုအဖွဲ့ပိုင်တော ဧကပေါင်း(၈၆၆)ဧကရှိပြီး နမ့်လွေကြိုးဝိုင်းတွင် ပါဝင်ကာ ၁၉၉၈ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အသုံးပြုသူ လူဦးရေမှာ စုစုပေါင်း(၇၀) ဦးဖြစ်ကြောင်း၊ သစ်အယ်၊ သစ်ချ၊ သစ်ရာ၊ စကားစိမ်း၊ ကျွန်းဖိုပင်များ စိုက်ပျိုးထားကြကြောင်း ပြောပြကြပါသည်။ ယခုရွာမှာ ယခင်က စော်ဘွားကမုဆိုးကို အပိုင်စားပေးထား၍ မုဆိုးရွာဟု ခေါ်ကြောင်း၊ ရွာမှာ ဒေသခံအစုအဖွဲ့ပိုင်တောနှင့် နီးကြောင်းပြောပါသည်။ ဒေသခံအစုအဖွဲ့ပိုင်တောမှာ မိုင်းလားသွားသည့် လမ်းပေါ်တွင်ရှိသဖြင့် အနီးအနားရွာများမှ သုံးဘီး၊ ဆိုင်ကယ်များဖြင့် လာရောက်ခုတ်ပြီး သယ်ယူကြောင်း၊ ထို့ကြောင့် အဖွဲ့လိုက် ကင်းစောင့်ကြကြောင်းရှင်းပြပါသည်။ ထို့အပြင် ကျေးရွာရှိ ပိုင်ဆိုင်မှုများကိုမေးရာ ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်များအကြောင်း ပြောပြပါသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖလူကြီးများအားနှုတ်ဆက်ကာ စာရေးသူတို့အဖွဲ့အားလုံး လာရာလမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြပါသည်။ လမ်းတွင်တောင်ပေါ်ရှိ မန့်ပိုင်းစေတီကို ခေတ္တဝင်၍ ဘုရားဖူးကြပါသည်။ တောင်ပေါ်မှကြည့်သော် စိမ်းစိုနေသော လယ်ကွင်းများအကြား၌ ကွေ့ကောက်နေသော ချောင်းကို လှပစွာတွေ့ရပါသည်။ ထို့ကြောင့် ဒေါက်တာအိုကာမိုတိုနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြပါသည်။ စေတီအတွင်းရှိ မျက်နှာစာများတွင် မြတ်စွာဘုရား ကိုယ်တိုင်ကြွလာသော သမိုင်းကြောင်းကို ပန်းချီများရေးဆွဲထားသည်ကို တွေ့ရပါသည်။ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် သမိုင်းဝင်ပန်းချီကားများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ ဗုဒ္ဓဘာသာသမိုင်းကြောင်းမှာ အလွန်ဂုဏ်ယူစရာ ကောင်းလှပါသည်။ ဘုရားပွဲကို နှစ်စဉ် စည်ကားစွာ ကျင်းပလေ့ရှိပြီး ပွဲ၊ အငြိမ့်များလည်း ပါရှိကြောင်း ရှင်းပြပါသည်။ ထို့နောက် ထိုစေတီ၏ အနောက်ဘက်ရှိ တောအုပ်အတွင်း သွားရောက် ကြည့်ရှုကြရာ အပင်တစ်ပင်မှာ ပင်စည်၌ရှည်လျားသော ဆူးချွန်များပါရှိသည်ကိုတွေ့ရပါသည်။ အပြန်လမ်းတွင် ဓမ္မတာမျိုးဆက်ခြင်းနည်းဖြင့် ခုတ်ထားသော မဲဇလီတောနှင့် ဆိုင်းဘုတ်ကို တွေ့ရပါသည်။ ထို့နောက် မိုင်းလမ့်ကျေးရွာအုပ်စုရှိ ဝမ်ယန်းကျေးရွာသို့ ကားဖြင့်ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့က စာရေးသူတို့အား ဘုန်းကြီးကျောင်းမှပင် စောင့်ကာ ကြိုဆိုကြပါသည်။ မိုင်းလမ့်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၁၁)ရွာပါရှိပြီး (၁၀)ရွာမှာ ရှမ်းလူမျိုးဗုဒ္ဓဘာသာဝင်များဖြစ်ပြီး (၁)ရွာမှာ အခါရွာဖြစ်ပါသည်။ ဦးစီးအရာရှိက မိမိတို့လာရောက်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောပြကာ မေးခွန်းများ စတင်မေးပါသည်။

ထိုရွာတွင် လယ်ဧကစုစုပေါင်း(၉၅)ဧကရှိပြီး ပျမ်းမျှ (၃)ဧကစီ ပိုင်ဆိုင်ကြပါသည်။ စိုက်ပျိုးသည့် စပါးမျိုးမှာ မော်ဘီ(၃)နှင့် ၂၀၃ တို့ဖြစ်ပါသည်။ မော်ဘီ(၃)မှာ တစ်ဧကလျှင် ၃၀ တင်းထွက်ကြောင်း၊ တောင်ယာစိုက်ပျိုးသူ(၅)ဦး ရှိပြီး ယာစပါး၊ ပြောင်း၊ မြေပဲ၊ ပဲပုတ်တို့ကို စိုက်ပျိုးကြောင်း ရှင်းပြပါသည်။ အချို့မှာ ဟင်းသီးဟင်းရွက်များကို ရေချောင်းနားနှင့် တောင်ခြေလယ်စပ်များတွင် နာနတ်သီးများ စိုက်ပျိုးကြကြောင်း၊ အချို့မှာတောင်ယာတွင် ပဲပုတ်၊ ပြောင်း၊ မြေပဲများ စိုက်ကြပါကြောင်း ရှင်းပြပါသည်။ တာချီလိတ်တွင် အလုပ်သွားလုပ်ပါက တစ်နေ့လျှင် ထိုင်းဘတ်ငွေ ၂၀၀ မြန်မာငွေ (၆၀၀၀)ကျပ်ရကြောင်းလည်း ပြောပြပါသည်။ ဒေသခံအစု အဖွဲ့ပိုင်တောဥက္ကဋ္ဌဖြစ်သူအား မေးမြန်းရာတွင်လည်း ထိုရွာတွင် ဧကပေါင်း(၃၀၂. ၉၈)ဧကရှိပြီး အပတောတွင် ပါဝင် ကာ ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ အသုံးပြုသူ လူဦးရေ စုစုပေါင်း(၂၇)ဦးဖြစ်ကြောင်း၊ မူလကတောကောင်းကြောင်း၊ မိုက်ကော်၊ ဆီးဖြူ၊ အင်ကြင်း၊ သစ်ချ၊ ဝါးပင်များ စိုက်ပျိုးထားကြကြောင်းပြောပြကြပါသည်။ ထို့ကြောင့်တောကို သွားရောက်ကြည့်ကြရာ တောမှာမူလကလောက်မကောင်းပဲ ခပ်ကျဲကျဲသာရှိသည်ကိုတွေ့ရပါသည်။ တောလမ်းတစ်လျှောက်တွင် ပန်းပွင့်နေသော ယင်းပြားပင်များကိုလည်း တွေ့ရပါသည်။ စာရေးသူက ဆေးဖက်ဝင်ကြောင်း ပြောပြရာပါလာသော တောအုပ်က သေချာရေးမှတ်ပါသည်။ စာရေးသူတို့နိုင်ငံအနှံ့တွင် လူအများမသိလိုက်ဘဲ ပျောက်ကွယ်သွားနိုင်သည့်အပင်များ နေရာတိုင်းတွင်ရှိနိုင်ပါသည်။

ထို့နောက် စာရေးသူတို့အဖွဲ့သားများမှာ စုပေါင်းဓာတ်ပုံရိုက်ကြပြီး

ဦးစီးက အချိန်ရသဖြင့် နာမည်ကျော် လှိုင်မွေမြို့ကလေးသို့ နေ့လယ်(၂း၃၀)နာရီတွင် ပို့ဆောင်ပါသည်။ လမ်းတွင် လှိုင်မွေသဘာဝထိန်းသိမ်းရေးနယ်မြေဟု ရေးသားထားသည့် ဆိုင်းဘုတ်ကို ရှခင်းသာနေရာတွင်တွေ့ရပါသည်။ စာရေးသူတို့အားလုံး အမှတ်တရ ဓာတ်ပုံရိုက်ကြပါသည်။ အလွန်လှသည့် သဘာဝပတ်ဝန်းကျင်ဖြစ်ပါသည်။ ထို့ နောက် ဆက်လက်ထွက်ခွာလာရာ လမ်းတွင်တောင်ချိုင့်ကြားမှ တဝေါဝေါ ကျဆင်းလာသောရေများသည် လှပသော ကျောက်တုံးကြီးများကို ကျော်ဖြတ်ကာ စီးဆင်းလာသည်ကိုလည်း တွေ့ရပါသည်။ လမ်းဘေးတွင် မဲရိုင်းပင်၊ ပင်စိမ်းသီးပင်၊ ထင်းရှူးပင်များ ပေါက်ရောက်သည်ကိုလည်း မြင်တွေ့ရပါသည်။ မကြာမီ အမြင့်ပေ (၅၅၄၂)ရှိသော တောင်စခန်းမြို့သို့ရောက်ရှိလာပါသည်။ လှိုင်မွေတွင် နောင်တုံကန်ကဲ့သို့ ရေကန်တစ်ကန်ရှိပါသည်။ ထိုကန်ကိုပတ်၍ ၁၉၁၈ ခုနှစ် ကိုလိုနီခေတ်တွင် ဆောက်လုပ်ခဲ့သော နာမည်ကျော် နှစ်တစ်ရာရှေးဟောင်းအိမ်ကို သွားရောက်ကြည့်ရှုကြပါသည်။ တစ်အိမ်လုံးကို ဆေးအနီရောင်သုတ်ထားပါသည်။ ယခုအခါ နှစ်တစ်ရာအိမ်ကို ပြတိုက်ပြုလုပ်ထားပါသည်။ အခန်းပေါင်းများစွာပါပြီး အခန်းတိုင်း၌ မီးလင်းဖိုများရှိကာ မီးဖိုဆောင်ကိုအပြင်ဘက်ထုတ်ထားပါသည်။ ထိုမြို့သည် ပြင်ဦးလွင်နီးပါး အေးမြလှသဖြင့် ရှေးကဗြိတိသျှတို့တပ်စခန်းဖွင့်ခဲ့ သည့်နေရာလည်းဖြစ်ပါသည်။ မြို့အဝင်တွင် ချယ်ရီပင်များကို တန်းစီစိုက်ထားကြပါသည်။ ထိုအိမ်ရှိရာ တောင်ကုန်းမှ အဝေးသို့ကြည့်လျှင် မိုးရွာထားပြီးအချိန်ဖြစ်သဖြင့် မြူခိုးများဝေနေပြီး အေးမြလှပါသည်။ စာရေးသူအနေဖြင့် လှိုင်မွေကို တတိယအကြိမ် ရောက်ဖူးခြင်း ဖြစ်ပါသည်။ ပထမအကြိမ်မှာ လှိုင်မွေဆေးရုံတွင် ဆေးရုံတက်၍ ခွဲစိတ်ကုသခံခြင်း ဖြစ်ပါသည်။ ဆေးရုံမှာလည်း အလွန်သန့်ရှင်းပါသည်။ ဒုတိယအကြိမ်မှာ ဘုရားထီးတော်တင်စဉ်ကဖြစ်ပါသည်။ ကျိုင်းတုံမြို့ရှိ ဝန်ထမ်းများအားလုံး လိုက်ပါရသည့်ပွဲလည်း ဖြစ်ပါသည်။

ထို့နောက်စာရေးသူတို့အဖွဲ့သည် လွမ်းစရာတောင်ပေါ်စခန်းမှ ပြန်လည်ထွက်ခွာခဲ့ကြရာ ည(၆း၃၀) နာရီတွင် ဟိုတယ်သို့ ပြန်လည်ရောက်ရှိပါသည်။ ညစာကိုမူ ဆန်ပြားခေါက်ဆွဲသာစားနိုင်ပြီး ကားဆရာက ကျိုင်းတုံတက္ကသိုလ်ဘက်သို့ ပွဲရှိသဖြင့် လိုက်ပို့ပေးသလို နောင်တုံကန်၏ ညအလှကိုကြည့်ရန် ကားဖြင့်တစ်ပတ်ပတ်ပေးပါသည်။ ည (၈း၃၀) နာရီတွင် ဟိုတယ်သို့ရောက်ရှိပြီး မနက်ဖြန်ပြန်ရန်အတွက် ပစ္စည်းများ သိမ်းဆည်းကာ ညအိပ်ရာဝင်ခဲ့ပါတော့သည်။ နောက်တစ်နေ့ နံနက်(၇)နာရီတွင် ကျိုင်းတုံဈေးကြီးသို့ ဦးစီးနှင့်အတူ သွား၍ ဈေးဝယ်ကြပါသည်။ ဈေးမျက်နှာစာတွင် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော ဆိုင်ကယ်များကို တန်းစီရပ်ထားသည်မှာ ဆိုင်ဖွင့်ထားသလား အောက်မေ့ရပါသည်။ ဈေးအဝင်တွင် ပထမဦးစွာ ပြောင်းဖူးပြုတ်သည်ကိုတွေ့ရသဖြင့် တောင်း အတွင်းကြည့်ရာ စာရေးသူတို့ ငယ်ငယ်က ပြင်ဦးလွင် တွင် စားခဲ့ဖူးသော ရှားရှားပါးပါး အတန်းလေးတန်းသာပါသော ပြောင်းဖူးဖြစ်နေရာ စာရေးသူက လေးတွဲဝယ်ပါသည်။ တစ်တွဲလျှင်(၃)ဖူးပါပါသည်။ အလွန်အရသာရှိပါသည်။ လမ်းညာဘက်တွင် သစ်သီးဆိုင်၌ အုန်းသီးခွံများကို ပဉ္စဂံပုံလှီး၍ ရောင်းချနေပုံမှာ ထူးဆန်းနေသလို ထိုဆိုင်နှင့်ကပ်လျက်တွင် ပုရစ်ကြော်များ၊ ဝါးပိုးနှင့် ဖားကို အခြောက်ခံ၍ ရောင်းချနေသည်ကိုလည်း ထူးဆန်းစွာ တွေ့ရပါသည်။


ဝမ်တောင်းကျေးရွာတွင် မေးမြန်းနေပုံ


လားမိုင်းရွာတွင် မေးမြန်းနေပုံ


လားမိုင်းဒေသခံ အစုအဖွဲ့ပိုင်သစ်တော


လှိုင်မွေသဘာဝထိန်းသိမ်းရေး ဆိုင်းဘုတ်ရှေ့တွင် အမှတ်တရ


ဝမ်ယန်းရွာမေးမြန်းနေပုံ


ဝမ်ယန်းရွာမှအပြန် အဖွဲ့ဝင်များအမှတ်တရ

စာမျက်နှာ (၃၈)သို့ ➢

# လွမ်းမောဖွယ် စိမ်ရေတော စိုက်ခင်းများဆီသို့

ခင်စမ်း(တောခေါင်း)
ပန်းပုံစံပြတိုက်ဌာနစိတ်
သစ်တောသုတေသနဌာန၊ ရေဆင်း

စာရေးသူသည် မကြာမီအငြိမ်းစားယူတော့မည် ဖြစ်ပါသည်။ ၂၂. ၆. ၂၀၁၅ ရက်၊ ဖွန်လလယ်တွင် လက်ရှိညွှန်ကြားရေးမှူး၏ ညွှန်ကြားချက်နှင့် သစ်တောသုတေသနဌာနရှိ ဝန်ထမ်းများအားလုံး ၊ ရိပ်သာ(၂) ရှေ့မျက်နှာစာတွင် သစ်ပင်စိုက်ပွဲတော် ပြုလုပ်ကြပါသည်။ သစ်ပင်များ အစီအရီ စိုက်ပျိုးနေကြသည့် ဝန်ထမ်းများထဲတွင် စာရေးသူသည် အသက်အကြီးဆုံးလို့ ခေါ်ဆိုရမည်ထင်ပါသည်။

ဤသို့ပျော်ပျော်ပါးပါး စည်းစည်းလုံးလုံး ဆောင်ရွက်ကြရသည်မှာ စာရေးသူတို့ သစ်တောဌာနဝန်ထမ်းများ၏ အမိကတာဝန် တစ်ရပ်သာဖြစ်ပါသည်။ ဤမြင်ကွင်းဆီမှ စာရေးသူကြုံခဲ့ရသည့် လွန်ခဲ့သောနှစ်(၃၀)နီးပါးဆီသို့ ပြန်လည်သတိရတမ်းတမိသည်မှာ - သစ်တောသုတေသနဌာနကြီးသို့ ၁၉၈၂ ခုနှစ်မှစ၍ ယခုတိုင်အောင် သစ်မျိုးသန့်/ရုက္ခဗေဒဌာနစုတွင်၊ ပန်းပုံစံများစုဆောင်းခြင်း၊ ပန်းပုံစံချုပ်လုပ်ခြင်း၊ ပြုပြင်သိမ်းဆည်းခြင်း ၊ တာဝန်များထမ်းဆောင်ခဲ့သည်မှာ မကြာမီအငြိမ်းစားယူတော့မည်ဖြစ်ပါသည်။

သစ်တောသုတေသနဌာနကြီးသည်၊ အရှေ့ရှမ်းရိုးမတောင်တန်းကြီး အနီးအနောက်ဘက် တောတန်းလျှိုမြောင်တွေ ဝိုင်းရံထားသည့် သဘာဝတောတောင်နှင့်တကွ ပိတောက် ၊ ဒဟတ်၊ ကျွန်း၊ ယင်းမာ၊ မဲဇလီ၊ ခရေ အစရှိသည့် သစ်ပင်ကြီးများနှင့် မျိုးကောင်းသရက်ခြံကြီးများကို ဝန်ထမ်းထုနှင့် ဆရာ့ဆရာကြီးများ စည်းစနစ်ကျနစွာ စိုက်ပျိုးထားကြသည့် အရိပ်အာဝါသကောင်းသည့် အလယ်တွင် ဝန်ထမ်းကြီး၊ ငယ် အိမ်ရာများတည်ဆောက်ထားသည်များကို တွေ့ရမည်ဖြစ်ပါသည်။ အေချမ်းတည်ငြိမ်စွာ တည်ရှိနေသည့် ရေဆင်းဆည်ကြီးမှာလည်း ဌာနကြီးနှင့်ကပ်လျက်ရှိနေသည်ကပင် သစ်တောသုတေသနဌာနကြီးမှာ အထူးတင့်တယ် လိုက်ဖက်ရှုမောဖွယ်ဖြစ်နေပါသည်။ စာရေးသူသည် သစ်တောသုတေသနဌာနကြီးသို့ ဆရာကြီး ဒေါက်တာဉာဏ်ထွန်း ကျေးဇူးဖြင့် ပန်းပုံစံပြတိုက်ဌာနစိတ်တွင် ဆရာမကြီး ဒေါ်ရင်ရင်ကြည် ၏ သင်ပြမှုလက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဖခင်ကြီးများသဖွယ် လေးစားချစ်ခင်ရသော ဆရာကြီး ဦးစောရန်အောင်စီဒူးနှင့် ဆရာကြီး ဒေါက်တာဉာဏ်ထွန်းတို့အား ဦးစွာဂါရဝပြုအပ်ပါသည်။ ၁၉၈၄-၈၅ခုနှစ်တွေမှာ ဆရာကြီး ဦးစောရန်အောင်စီဒူး ဦးဆောင်ကာ စာရေးသူအပါအဝင် တောအုပ်၊ တောခေါင်း၊ သုတေသီများနှင့် ကားကြီး၊ ကားငယ်(၂)စီးဖြင့် ဆရာ၊ ဆရာကြီးများ စိုက်ပျိုးခဲ့ကြသည့် တောင်ငူနယ် ၊ ပဲခူးရိုးမဘက်၊ စိမ်ရေသစ်တောစိုက်ခင်းများဆီသို့ ကျွန်းတစ်သျှူး သုတေသနလုပ်ငန်းများလုပ်ရန်နှင့် စိုက်ပျိုးတည်ထောင်ထားသည့် စိုက်ခင်းများအား အမြင့်ပေ၊ လုံးပတ်၊ တိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် ခရီးထွက်ခဲ့ခြင်းအား ယခုအငြိမ်းစားယူတော့မည့်အချိန်ထိ ပင်မမေ့နိုင်ဘဲ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကား ပြန်လည်ကြည့်နေရသကဲ့သို့ အမှတ်တရဖြင့် ဤခရီးစဉ်လေးအား မှတ်တမ်းတင်ရေးသားမိပါသည်။

တောင်ငူ၊ အုတ်တွင်းမှတစ်ဆင့် စိမ်ရေတောဆီသို့သွားရသည့် အချိန်ကာလ ကဖြင့် ဆောင်းတွင်းကြီးပင်ဖြစ်လင့်ကစား စာရေးသူတို့အဖွဲ့သည် ချမ်းစီးရမှန်းမသိ ပျော်ရွှင်စွာ လိုက်ပါလာကြသည်။ သုတေသီတွေရော၊တောအုပ်၊တောခေါင်း၊ ကားဆရာများအပါအဝင် စည်းစည်းလုံးလုံး မောင်ရင်းနှမများကဲ့သို့ ရာထူးဂုဏ်ရှိန်ဘေးချိတ် စိတ်ထားများနှင့် စိုက်ခင်းရှိရာ စိမ်ရေတောဆီသို့ ခရီးစတင်ထွက်ခဲ့ကြပါသည်။ တောင်ငူဈေးကြီးထဲသို့ ဝင်ကာ အဖွဲ့သားများ ရိက္ခာအတွက် လိုအပ်သည့်ပစ္စည်းများ ဝင်ဝယ်ခဲ့ကြပါသည်။ နေ့လယ်စာကိုတော့ ဆရာဒူး အိမ်မှ ဆရာကတော် စီစဉ်ထားရှိပြီး လိုက်ပါလာသူအားလုံးအား၊ နေ့လယ်စာ ကျွေးမွေးခဲ့ပါသည်။

ဆရာဒူး မိသားတစ်စုသည် သားသမီးများသဖွယ် နွေးထွေးစွာဆက်ဆံ၍ ပျူပျူငှါငှါ ညေ့်ခံကျွေးမွေးကြသည်ကိုလည်း ယခုတိုင်သတိရလျက်ရှိပါသည်။ စားသောက်ပြီးနောက် ဆရာဒူး မိသားစုများကို နှုတ်ဆက်ကာ တောင်ငူမှ တစ်ဆင့် အုတ်တွင်းအနောက် စိမ်ရေတောဆီသို့ ဆက်လက်ထွက်လာကြပါတော့သည်။ ညနေစောင်းတွင် စိမ်ရေစခန်းသို့ ရောက်ရှိကြပြီး ပါလာသည့် တောတွင်းသုံးလက်နက်ပစ္စည်းများ ၊ မိမိအိပ်ရာလိပ်များ၊ စားအိုးစားခွက်များကို တက်ညီလက်ညီ နေသားတကျထားရှိကြပြီး ခေတ္တခဏအနားယူ၍ တောင်ကြီးများ ဝန်းရံထားသည့် ဤစိမ်ရေ သစ်တောကြိုးဝိုင်းအလယ်မှ တည်းခိုဆောင်လေးမှာ ငြိမ်းချမ်းသာယာနေသည်ကို တွေ့ရှိရသည့်အတွက်လည်း စာရေးသူတို့အဖွဲ့သားများ ကြည်နူးမဆုံးဖြစ်တော့သည်။

တည်းခိုဆောင်၏ အနောက်ဘက်တွင် စိမ်ရေချောင်းရှိသည်ကို ဦးစွာ ဖထီး(ဝါ) ဦးစောရွှေလှ(ငြိမ်း) (ကွယ်လွန်) ဦးစီးမှ အမျိုးသမီးများ

ချက်ပြုတ်ရေးနှင့် ရေသန့်စင်ကြရန် လိုက်လံပြသပေးပါသည်။ စာရေးသူတို့သည် ဝါးလုံးဗူးရှည်ကြီးထဲသို့ ရေများထည့်ကာ ခေါင်းပေါ်သို့ ပလိုင်းတင်သလို ရေများသယ်ရမည်ဟု ဖထီးမှ ဦးဆောင်၍ ရေသယ်ပြပါသည်။ ချောင်းစပ်နှင့် တည်းခိုဆောင်မှာ မနီးမဝေးတည်ရှိ၍ ရေခပ်ရသည်မှာ အဆင်ပြေလှသည်။

ယခုကဲ့သို့ ဝါးလုံးဗူးနှင့် ရေမသယ်ဘူးကြ၍ လမ်းလျှောက်ရ ခက်ခဲသော်လည်း ပျော်ရွှင်ခဲ့ကြပါသည်။ ညနေစာ ဝိုင်းဝန်းချက်ပြုတ် စားသောက်ပြီးချိန်တွင်တော့ ဆရာကြီးဦးစီဒူးမှ လူများစုဝေး၍ နောက်နေ့နံနက် စိုက်ကွက်များ စိုက်ခင်းများဆီသို့ အုပ်စုခွဲကာ လုပ်ငန်းများစတင်လုပ်ဆောင်ကြဖို့ တောင်ဆင်း၊ တောင်တက်၊ သတိဝီရိယရှိဖို့ ဆောင်းတွင်းကြီးဖြစ်သည့်အတွက် ကျန်းမာရေးဂရုစိုက်ကြဖို့၊ ဆေးဝါးအစုံပါရှိဖို့ ၊ အားလုံးကို အသေးစိတ်ရှင်းပြပြီး စာရေးသူတို့အဖွဲ့ ကိုယ်စီကိုယ်စီ အိပ်ရာဝင်ခဲ့ကြပါသည်။

နောက်နေ့ နံနက်စောစောထ ချက်ပြုတ်စားသောက်ပြီး၊ တောထဲသို့သွားရန် ကားပေါ်တက်ကြပါသည်။ ဆောင်းတွင်းဖြစ်၍ နှင်းများထူထပ်စွာကျနေသည့်အတွက် ဆရာကြီးမှ နေထွက်ပြီးအလင်းရောင်လာမှ သွားကြရန်ပြောသော်လည်း တညီတညွတ်တည်း နေရောင်မြင်မှ ကားဆရာများအား အေးအေးဆေးဆေး နောက်မှလိုက်ခဲ့ဖို့နှင့် ကိုယ်သွားရမည့် လုပ်ငန်းခွင်သို့ခြေလျင်လျှောက်၍ သီချင်းများအော်ဟစ်ဆိုကာ ပျော်ပျော်ပါးပါးစခန်းမှ စတင်ထွက်လာပါတော့သည်။

စိုက်ခင်းထဲအရောက် နေရောင်လည်း စထွက်လာ၍ လုပ်ငန်းလုပ်ရာတွင် အဆင်ပြေသွားရတော့သည်။ စာရေးသူ၏အဖွဲ့မှာ အပင်လုံးပါတ်နှင့်အမြင့် တိုင်းရသည့်အဖွဲ့ဖြစ်၍ စာရေးသူမှာ အမြင့်ပေ၊ လုံးပါတ်စာရင်းမှတ်ရသည့် တာဝန်ဖြစ်ပြီး ကျွန်းတစ်သျှူးလုပ်ဆောင်ရာတွင်လည်း ကျွန်းဖူးများလိုအပ်သည့်အတွက် ကျွန်းပင်များမှ ကျွန်းဖူးကိုင်းများကို ကိုယ်တိုင်တက်၍တံချူဖြင့်ခူးခဲ့ရသည်မှာလည်း မမေ့နိုင်မပန်းနိုင်ပေ။ ဆရာဒူးမှ မှတ်တမ်းဓာတ်ပုံ ရိုက်ပေးပါသည်။ သစ်ပင်ပေါ်တက်ရသည့် စာရေးသူသည် တကယ်တော့ အမျိုးသမီးဖြစ်ပါလျက် ယခင်နေ့စား ၆ကျပ် ၅၀ပြား မှစ၍ တောတောင် စိုက်ခင်းများနှင့် ရင်းနှီးခဲ့ပြီး ဆရာကြီး၊ ဆရာမကြီးများနှင့်အတူ ပညာလည်းရ ဝမ်းလည်းလှခဲ့ပါသည်။

၁၉၈၉ ခုနှစ်တွင် အမြဲတန်းအလုပ်သမားဘဝသို့ ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဆင့် တောကြပ် ၊ တောခေါင်းတာဝန်များ ဆက်လက်ထမ်းဆောင်ခဲ့ပါသည်။ နေ့စားဘဝမှစ၍ တောကြပ်၊ တောခေါင်း အမျိုးသားများနှင့် ရင်ဘောင်တန်းကာ အပင်ကြီး၊ အပင်လတ်၊ အပင်ငယ်၊ ချုံပင်၊ ဆေးပင်အဆုံး သိသင့်သိထိုက်သည်ကို ဆရာဒူး၊ ဆရာဉာဏ်၊ ဆရာမကြီးဒေါ်ရင်ရင်ကြည် တို့ထံမှ သင်ယူတတ်မြောက်ခဲ့၍ ဤတောဤတောင် လျှိုမြောင်သွယ်သွယ်တို့အား တန်ဖိုးထားမြတ်နိုးနေမိပါသည်။



စိမ်ရေကိုက်ခင်းအတွင်း ရုံးပင်များအား လုံးပတ်နှင့် အမြင့်ပေတိုင်းတာခြင်းလုပ်ငန်းများ လုပ်ဆောင်နေစဉ်

စိမ်ရေတောတွင်း တောလုပ်ငန်းများ လုပ်ဆောင်ပြီးစီးသော် တောတောင်သဘာဝတောများ ထိန်းသိမ်းတတ်ရန်နှင့် အသုံးပြုတတ်ရန်အတွက် ပညာပေးရုပ်ရှင် ဇာတ်ကားကြီးများပြသပေးရန် အနီးအနားမှ ရွာငယ်များအား သတင်းပို့အကြောင်းကြားရပါသေးသည်။ ဤတွင် ဖထီးဦးစောရွှေလှ၊ (ဦးစီး)က စာရေးသူအား အသံကျယ်၍ သူနှင့်တစ်ရွာဝင်တစ်ရွာထွက် ဗျို့ဟစ်ရန် အဖော်ခေါ်ပါသည်။ တောတောင်တွေများထဲတွင် စိုက်ပျိုးလုပ်ကိုင် နေထိုင်ကြသည့် အများစုမှာ ကရင်လူမျိုးများဖြစ်ကြသည်ကို တွေ့ရပါသည်။

တစ်ဖန် သစ်ထုတ်လုပ်ရေး ဝန်ထမ်းမိသားစုများ၊ ဆောက်လုပ်ရေး လမ်းဖောက်အလုပ်သမား မိသားစုများအား စာရေးသူတို့ သစ်တောစခန်းတွင် ပိတ်ကားကြီးဖြင့် ရုပ်ရှင်ပြမည်ဟု အားပါးတရ ဗျို့ဟစ်ရသည်မှာ မမေ့ပန်းနိုင်ပေ၊ ကရင်ရွာများတွင်လည်း ဖထီးဦးစောရွှေလှ(ငြိမ်း)က ကရင်လို ဗျို့ဟစ်ပြီးသော်၊ မြန်မာများရှိနေလျှင် ကျန်နေမည်စိုး၍ မြန်မာလို ဗျို့ဟစ်ရပါသည်။ တချို့သော ကရင်များမှာ ဖထီးနောက်မှ စာရေးသူ ဗျို့ဟစ်နေသည်ကို အရူးလို့ထင်ကြသည်လားမပြောတတ်ပေ ရယ်နေကြသည်။

ဗျို့ဟစ်ပြီး စခန်းပြန်ရောက်ချိန်တွင် ရုပ်ရှင်ပြသရန် တာဝန်ယူလိုက်ပါလာသည့် ရုပ်ရှင်ပြစက်မောင်းသူ ကိုသက်ထွန်း၊ တောအုပ်၊ တောခေါင်းများ ၊ ကားဆရာကြီးများက ရုပ်ရှင်ပိတ်ကားကြီး ထောင်ထားပြီးဖြစ်ပေသည်။ စခန်းတွင်းရှိ လိုက်ပါလာကြသည့် ဝန်ထမ်းအားလုံး စောစော ထမင်းစားကြပြီး၊ ရောက်ရှိလာမည့်ရွာသူ ရွာသားများအား ကြိုဆိုနေရာချထားပေးရန် ပြင်ဆင်၍ စောင့်နေကြပါသည်။ ရုပ်ရှင်ကြည့်ရန် အေးချမ်းသည့်ကြားမှာပင် ကလေးအပါအဝင် မိသားစုလိုက်လာကြသည့် မြင်ကွင်းမှာလည်း ဗျို့ဟစ်ရကျိုးနပ်သည့်အပြင် ကြည်နူးမဆုံးဖြစ်တော့သည်။

ရှေးဦးစွာ၊ သစ်တော၊ သစ်ပင်၊ တောတောင်များနှင့် သဘာဝအတိုင်းပေါက်ရောက်နေသည့် ဤသစ်တောကြီးများအား တန်ဖိုးထားထိန်းသိမ်းရန်နှင့် သစ်တောထွက်ပစ္စည်းများအား အကျိုးရှိစွာသုံးစွဲတတ်ကြဖို့၊ သစ်တောများ

မပြုန်းတီးရန် ကာကွယ်စောင့်ရှောက်တတ်ဖို့နှင့် သစ်တော၊ စိုက်ခင်း၊ တောတောင်များကို မှီခိုပြီးနေထိုင်ကြသည့် ပြည်သူလူထုကို သစ်တောပညာပေးကားများ ပြသခဲ့ကြပါသည်။

စာရေးသူတို့ ယခင်ခေတ်တွင် ရုပ်ရှင်ကားကြီးများအား ပိတ်ကားဖြင့်ပြသကြည့်ရှုရသည်ကို အလွန်ကြိုက်နှစ်သက်ပါသည်။ သို့ဖြစ်၍ အများပြည်သူကြိုက် ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ပြသပေးခဲ့ပါသည်။ ဤကဏ္ဍတွင် အမျိုးသမီး အရာရှိများကိုလည်း မေ့၍မဖြစ်ပါ။ ရုပ်ရှင်ဇာတ်ကားများပြသရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဒေါ်ခင်ဝင်းမြင့်(ငြိမ်း)နှင့် ဒေါ်ခင်မြဆွေ ယခင်FRI မှသုတေသနပညာရှင်တို့ဖြစ်ပါသည်။ ရုပ်ရှင်ဇာတ်ကားကြီးပြီးဆုံး၍ လရောင်အောက်တွင် ချမ်းချမ်းစီးစီးဖြင့် မိသားစုများ ပျော်ပျော်ရွှင်ရွှင် အိမ်ပြန်သွားကြသည့် မြင်ကွင်းမှာလည်း ပီတိအပြုံးဖြင့် အားလုံးငေးမောမဆုံး ရှိနေတော့သည်။ နောက်တစ်နေ့တွင်လည်း ကျန်ရှိနေသည့် စိုက်ကွက်များအား အပြီးသတ်လုပ်ငန်းများ ပြီးစီးအောင် ဆက်လက်လုပ် ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

စခန်းရောက်၍ ညစာစားသောက်ကြပြီးနောက် တစ်နေ့တာ၏ လုပ်ငန်းအကြောင်းများ၊ ဆရာကြီး ဦးစောရန်အောင်စီဒူးမှ သစ်တောပညာပေးစကားများ အဖွဲ့သားများလည်း တစ်ဦးကိုတစ်ဦး ရယ်ရယ်မောမော တစ်နေ့တာအမောများကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ကြသည်လည်း မမေ့နိုင်ပါပေ။

ဤခရီးတွင် မဖြစ်မနေထည့်ရေးရမည့် အကြောင်းရှိခဲ့ပါသည်။ တောထဲတွင် သစ်ပင်အမြင့်ပေ၊ လုံးပတ်တိုင်းနေချိန်တွင် စာရေးသူရပ်နေသည့် ခြေထောက်အောက်မှ မြေကြီးသည် တဖြေးဖြေးလှုပ်လာပါသဖြင့် ကြောက်လန့်ကာ အပင်စာရင်းမှတ်ရင်း မြေပြိုသည်ဟု ကုန်းအော်ပါတော့သည်။ တောခေါင်း(၂)ဦးမှ လာရောက်ကြည့်သည့်အခါ မြေပြိုကျတာမဟုတ်ဘဲ စာရေးသူတောင်ပို့ထင်ပြီး ရပ်နေသည့် နေရာသည် အမှန်မှာ ကုန်းလိပ်ကြီးအား တက်နင်းထားခြင်းဖြစ်၍ အောက်မှလှုပ်နေသည်ဖြစ်သည်။ ပြန်ကြတော့မည်ဖြစ်၍ ညနေဘက်အချိန်တွင် တောလမ်းတစ်လျှောက် ရှိနေသည့် ကျွန်းပင်များဆီသို့ ဆရာဒူး၏ လင့်ရိုဗာကားဖြင့် တစ်သျှူဌာနစိတ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဒေါ်သီတာမန်းကမောင်းကာ စာရေးသူနှင့် တောခေါင်းများကိုယ်တိုင် တစ်ပင်တက်၊ တစ်ပင်ခူး ကျွန်းဖူးကိုင်းများကို ကိုင်းဖြတ်ကာ စီစီညီညီထုပ်ပိုးသယ်ယူ စုဆောင်းခဲ့ကြပါသည်။

စခန်းရောက်ပြီး ညစာစားသောက်ပြီးချိန်တွင် ဆရာကြီး ဦးစောရန်အောင်စီဒူး မှ ညကိုစိမ်ရေ ချောင်းထဲဆင်းပြီး ငါးစမ်းမယ်၊ငါးဖမ်းကြမယ်ဟု ပြောလာပါသည်။ လိုက်လိုသူများ လိုက်ခဲ့ကြဟုလည်းပြောပါသည်။ ဖထီးဦးစောရွှေလှ၊ ပြစက်မောင်းသူ ကိုသက်ထွန်း တောအုပ်၊ တောခေါင်းများ စာရေးသူအပါအဝင် ဒေါ်သီတာမန်း ၊ ဒေါ်ခင်မြဆွေ ယခင် FRI (Computer ဌာန)တို့အဖွဲ့ ငါးဖမ်းလိုက်ရန် ပြင်ဆင်ကြပါသည်။ စာရေးသူမှာ ပျော်လို့သာလိုက်ရခြင်းဖြစ်ပါ၍ ငါးတော့ဖြင့် မဖမ်းတတ်၊ မစမ်းရဲပါ။ ဖထီးဦးစောရွှေလှမှ ပလိုင်းနှစ်ခု စလွယ်သိုင်းပြီး ငါးဖမ်းမည့်သူများနောက်မှ လိုက်ရမည်ဟုပြောပါသည်။

ည (၇)နာရီခန့်မှစ၍ ဆရာဒူးနှင့် ဖထီးဦးစောရွှေလှ(ကွယ်လွန်)တို့မှ ရှေ့ကတဖြည်းဖြည်း ချောင်းထဲသို့ ဆင်းခဲ့ကြပါသည်။ ဆောင်းတွင်းကြီးဖြစ်သော်လည်း အေးချမ်းရမှန်းမသိဘဲ ပျော်နေကြပြီး လရောင်ရှိသည့်အတွက် တစ်ဦးကို တစ်ဦးမြင်နေရပါသည်။ ချောင်းနှုတ်ခမ်းစပ်များဆီသို့ လက်ဝဲလက်ယာ ငါးစမ်းနေသူများနောက်မှ ပလိုင်းထဲထည့်ပေးမည့် ငါးများအား အသဲတယားယားစောင့်ရခြင်းမှာ ပျော်စရာတစ်ခုပင် ၉ နာရီ ကျော်ကျော်လောက်တွင် ချောင်းထဲမှ စခန်းရှိ ရာဘက်သို့ ပြန်လှည့်ခဲ့ကြပါသည်။ ချောင်းရေထဲတွင် တစ်ယောက်တစ်မျိုး အသံတိတ်ဖြင့် ငါးကြီးသည် ငယ်သည် များဖမ်းမိသည်ကို ဟာ. . ဟင်. . အာ. အသံမျိုးစုံနှင့် ပေးသမျှငါးများအား ပလိုင်းထဲထည့်ပေးခဲ့ကြပါသည်။

စခန်းအပေါ်ရောက်သော်စာ ရေးသူ၏ ပလိုင်းနှစ်လုံးမှာလည်း (၁) ပိဿါကျော်ခန့် လေးနေသည် ထင်ရ၍ ဝမ်းသာနေကြသည်။ စခန်းပေါ်ရှိ မီးအလင်းရောင်ဖြင့် ပလိုင်းထဲမှ ငါးများသွန်၍ ကြည့်ကြသော် သူတို့ဖမ်းထည့် ပေးသည့် ငါကြီးငါးငယ်များမှာ စာရေးသူသေသေချာချာ သယ်ဆောင်ခဲ့ပါလျက်၊ ငါးသေးသေး တချို့နှင့် သဲနုများများ ပလိုင်းထဲတွင်တွေ့ရသော် ဝါးလုံးကွဲ ဝိုင်းရီကြပြီး ဆရာဒူးမှ "ဒီကလေးမ ငါတို့ပေးသမျှငါးတွေချောင်းတစ်လျှောက် ပလိုင်းမှောက်ပြီး ရေထဲ ပြန်ရောက်ကုန်မှာပေါ့" ဟု ကောက်ချက်ချပြီး စာရေးသူအား ဝိုင်းဆူကြပါတော့သည်။

ဘဝတစ်သက်တာ အတွေ့အကြုံများများ ရှိခဲ့ကြသော်လည်း ဤဖြစ်ရပ် ဆန်းဆန်းလေးမှာတော့ လုပ်ယူထားခြင်းမရှိဘဲ တစ်ဖွဲ့သားလုံးပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ရပါတော့သည်။ ပြန်ရတော့မည်ဖြစ်ရာ နံနက်စာ ဝိုင်း၍စားသောက်နေချိန်တွင် အနီးအနားရှိ မြန်မာ၊ ကရင်တချို့မှာ သူတို့စိုက်ပျိုးထားသည့် တောင်ယာထဲမှ ပိန်းဥ၊ သခွား၊ ဘူး ၊ ဖရုံအစ ရှိသည့် သစ်သီးသစ်ဥများ လာရောက်၍ လက်ဆောင်ပေးကြပါသည်။ နောက်နောင်လည်း ယခုကဲ့သို့လာလျှင် ရုပ်ရှင်ပြရန်နှင့် ရွာထဲသို့ အလည် လာကြပါရန် ဖိတ်ခေါ်ကြပါသည်။ လာပေးကြသည့် အသီးအနှံများမှာ များလွန်း၍ စာရေး သူတို့အဖွဲ့အားလုံး အညီအမျှဝေယူကြတာပင် တစ်ပုံတစ်ပင်ပေ အားလုံးမှာ ကားများထွက်သည့်တိုင် စခန်းတွင်းမှ လက်ပြနှုတ်ဆက်နေကြသည်ကို မျက်ရည်အဝဲသားဖြင့် ယခုတိုင်မမေ့နိုင်ပါ။ မိခင် FRI သို့ ပြန်ခဲ့သည့် လမ်းတစ်

လျှောက်မှာလည်း တောတွင်း အမှတ်ရစရာများကို ပြောမဆုံး ပျော်မဆုံးတော့ပေ၊ သစ်တောသုတေသနဌာနဝင်း၏အတွင်းသို့ ပြန်လည်ရောက်ရှိသော် ကားဆရာကြီးများမှာလည်း စိတ်ရှည်ရှည် တစ်အိမ်တက်ဆင်း ပြန်ပို့ပေးခဲ့ပါသည်။

နောက်တစ်နေ့ ရုံးတက်ရမည်ဖြစ်၍ ရုံးရောက်သော် ပါလာသည့် ကျွန်းကိုင်းများအား ဝိုင်းဝန်းလုပ်ကိုင်ပေးရန်နှင့် ခရီးစဉ်မှ ရသစုံတွေအကြောင်း ရင်ဖွင့်ရန်စဉ်းစားရင်း အိပ်မောကျ သွားရပါတော့သည်။

ဤခရီးစဉ်တစ်လျှောက် လုပ်ငန်းတာဝန်များနှင့်တွဲလျက် ပျော်ရွှင်ခဲ့ရပုံများအား အငြိမ်းစားယူတော့မည့် ယခုအချိန်တွင် စဉ်းစားလွမ်းမောခဲ့ရပါသည်။ ဆရာ့ဆရာကြီးများနှင့် အတူစာရေးသူတို့ အနှစ်(၂၀)ကျော် (၃၀)အတွင်း ပြုစုပျိုးထောင် ထိန်းသိမ်းခဲ့ကြသည့် စိမ်ရေတောဆီမှ ကျွန်း၊ ရုံး၊ ရေမနေ၊ သစ်တောကြီးများ ဘယ်လောက်များ တည်တံ့ခိုင်မြဲ စိမ်းလန်းနေမည်လဲဟု တစ်ခေါက်တစ်ဖန် သွားရောက်မြင်စမ်းချင်ပါတော့သည်။

ထိုစိမ်ရေစခန်းမှ စိုက်ကွင်းစိုက်ကွက်များ၊ ဆရာကြီး ဦးစောရန်အောင်စီဒူး ၊ အတူတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းမောင်နှမများ၊ စိမ်ရေတွင် ခင်မင်ခဲ့ရသည့် မိတ်ဆွေများအားလုံးကို ၄င်း FRI မှ ဆရာကြီး၊ ဆရာမကြီးများအားလုံး၏ အသိပညာအတတ်ပညာများနှင့် ပြုစုပျိုးထောင်ပေးခဲ့ကြသည်များ၊ ဘာသာရေး၊ သာသနာရေး၊ မိသားစုအရေးအဖက်ဖက်မှ အခက်အခဲမျိုးစုံအား မိရင်းဖရင်းများသဖွယ် ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းဆောင်ရွက် ကူညီဖြည့်ဆည်းပေးခဲ့ကြပုံများကိုဖြင့် ၊ ဤလွမ်းမောဖွယ် စိမ်ရေတောတောင် ခရီးစဉ်နှင့်အတူ ဂါရဝထား ကျေးဇူးပြုအပ်ပါသည်။

**တရုတ်နိုင်ငံ** Fujian and Zhejiang **ပြည်နယ်များတွင် တိုင်ဖွန်းမုန်တိုင်း** Soudelor **တိုက်ခတ်ခဲ့ပြီး လူ ပေါင်း(၁၇)ဦးသေဆုံးခဲ့ကာ (၅)ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရှိရပြီး၊ (၃၇၉)ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရှိရသည်**



စာမျက်နှာ(၃၄)မှအဆက်

စာရေးသူကဝါဆို ဖယောင်းတိုင်အလတ်များကိုလည်းဝယ်ယူပါသည်။ ထို့နောက် ရှမ်းရိုးရာအကျီများကို ဝယ်ယူကြရာ ဒေါက်တာအိုကာမိုတို အတွက် စာရေးသူမှရွေးပေးရပြီးအခါ တိုင်းရင်းသားဝတ်စုံကို မေးကြည့်ရာ စျေးကြီးလှပါသည်။ ထို့နောက် သစ်သီးအနည်းငယ်ကို ဝယ်ယူကြပြီးနောက် ပန်ကွဲတောင်သို့သွားကြပါသည်။ ထိုတောင်မှာမြို့နှင့် နာရီဝက်ခန့်မောင်းနှင်ရပြီး အဝေးပြေးကားများ ရပ်နားရာနေရာလည်းဖြစ်သဖြင့် သခွားသီးမှအစ ဂေါ်ရခါးသီး၊ ဂျုံမြစ်၊ ပြောင်းဖူး၊ ကိုက်လန်အပြင် ပင်စိမ်းသီးများ၊ ချဉ်စော်ကားသီးများကို တွေ့ရခြင်းဖြစ်ပါသည်။ အေးမြသန့်ရှင်းသောလေအေးများကြောင့် စိတ်မှာလန်းဆန်းနေပါသည်။ စာရေးသူတို့မှာ ရှမ်းခေါက်ဆွဲစားကြပြီးနောက် ပြန်လည်ထွက်ခွာလာကြပြီး ပြည်နယ်ရုံးရှိ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့အား နှုတ်ဆက်၍ ကျေးဇူးတင်ကြောင်း ပြောကြား ရန်သွားရောက်ကြပါသည်။ ဆရာတို့အဖွဲ့က စာရေးသူတို့အား လိုလေသေးမရှိ ပြည့်စုံစွာ ကူညီပေးသည့်အပြင် လက်ဆောင်ပစ္စည်းများပင် ပေးကြပါသေးသည်။ ထို့ကြောင့် စာရေးသူတို့နှင့်အတူ ယခုခရီးစဉ်တွင် လိုက်ပါဆောင်ရွက်သူများနှင့် အကူအညီများပေးခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဤစာစောင်မှနေ၍ ပြောကြားအပ်ပါသည်။ ထို့နောက် စာရေးသူတို့မှာ ဟိုတယ်သို့ပြန်ကာ ပစ္စည်းများယူပြီး လေဆိပ်သို့သွားကြပါသည်။ နေ့လယ်ပိုင်းတွင် မန်းရတနာပုံလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဒေါက်တာအိုကာမိုတိုကို သူမတည်းခိုမည့် ဟိုတယ်သို့ပို့ဆောင်ပေးပါသည်။ နောက်တစ်နေ့မနက်တွင် ဒေါက်တာအိုကာမိုတိုကို လေဆိပ်သို့လိုက်ပါပို့ပြီး စာရေးသူလည်း မိမိနေရပ် ရေဆင်းသို့ ပြန်ခဲ့ပါတော့သည်။ အချုပ်အားဖြင့်ဆိုရသော် စာရေးသူတို့နိုင်ငံတွင် ဒေသခံများအဖို့ ဤဒေသခံအစုအဖွဲ့ပိုင်တောများသည် မြေဆီလွှာကိုထိန်းသိမ်းပေးခြင်း၊ သစ်တောများ မပြုန်းတီးအောင်ထိန်းသိမ်းနိုင်ခြင်း၊ လောင်စာကို တစ်ဖက်တစ်လမ်းမှ ရရှိနိုင်ခြင်းအပြင် သီးနှံသစ်တောရောနှော၍ စိုက်ပျိုးခြင်းဖြင့်လည်း ဝင်ငွေတိုးစေပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**တောမဲ့ မြေသား၊ ရေတိုက်စား၏။**
**တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏**



# တစ်ချိန်တုန်းက အင်ဖင်ထရီအမှတ်တရများ(၂)

ယောနက ပိုးကျော်

**မိုးစက်များ**ကား လွင့်ပါးသွားကြချေပြီ။ မိုးဥတုလွန်မြောက်၍ နှင်းစက်များနှင့်အတူ ဆောင်းကိုရောက်ပေဦးတော့မည်။ ဆောင်းဝင်၍ ပွင့်လင်းရာသီရောက်တော့မည်ဆိုပါက သစ်တောဝန်ထမ်းများအနေဖြင့် တောလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ရတော့သည်။ ပုံမှန်အားဖြင့် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် အင်ဖင်ထရီလုပ်ငန်းအတွက် အချိန်မှန်သွားလာ ဆောင်ရွက်ရသည်ကို စိတ်ထဲမှ အလိုလိုသိရှိနေပြီး ဖြစ်ပါသည်။ ရာသီဥတုအေးမြပြီး တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်သင့်တော်သည့်အတွက် ပွင့်လင်းရာသီကို ရွေးချယ်ထားမှုကလည်း မှန်ကန်သောရွေးချယ်မှုဖြစ်လေသည်။ အင်ဖင်ထရီလုပ်ငန်းမှမဟုတ် သစ်တောလုပ်ငန်းအများအပြားအား ပွင့်လင်းရာသီတွင် လုပ်ကိုင်ဆောင်ရွက်ကြရပါသည်။ အဓိကလုပ်ငန်းကြီးများဖြစ် သည့် ကျွန်းသင်းသတ်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် အခြားသစ်တောလုပ်ငန်းများအား ဤရာသီတွင် အဓိကဆောင်ရွက်ခဲ့ကြရပါသည်။

ယခုနှစ် ၁၉၈၅-၈၆ ခုနှစ်တွင် သစ်တောသယံဇာတစာရင်းကောက်ယူရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးတွင် ထပ်မံတာဝန်ကျပြီး နာမည်ကျော်ကြားသည့် အလောင်းတော်ကဿပ ဧရိယာနယ်မြေအတွင်း စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ဦးစွာပထမ မုံရွာမြို့စုရပ်အဖြစ် ဝန်ထမ်းများမှာ သတ်မှတ်ရက်ထက် နောက်မကျအောင်အရောက်လာရပြီး ဝန်ထမ်းများစုံညီစွာ ရောက်ရှိပြီးက တာဝန်ခံဆရာများ၏ လမ်းညွှန်မှုများကိုခံယူကာ လုပ်ကွက်များကို အသေးစိတ် ခွဲဝေတာဝန်ပေးအပ်ကာ၊ လိုအပ်သည့် ကြိုတင်ငွေများ ထုတ်ပေးပြီး တောဝင်ရိက္ခာဝယ်၍ မိမိတာဝန်ကျရာ မြို့နယ်အတွင်းရှိ ကြိုးဝိုင်းများသို့သွားရောက်၍ စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ကြရပါတော့သည်။

ကျွန်တော်တို့အဖွဲ့သည် ပုလဲမြို့နယ်တွင် တာဝန်ကျရာ ပထမတွင် သစ်ပင်ကဲပါးသည့် ပုလဲ- ဂန့်ဂေါ ကားလမ်းဘေးကျေးရွာများတွင် ကွင်းဆင်းစာရင်းကောက် ဆောင်ရွက်ပြီး ခင်အေး၊ ငန်းကြောင်း၊ ဂျပ်၊ ဝက်ကျရွာများ အနီးရှိတောများတွင်လည်း စာရင်းကောက်ယူခဲ့ရပါသည်။ ထိုမှတစ်ဆင့် မရင်း၊ ခင်သာရွာများသို့ ရောက်ရှိပါသည်။ ဤဒေသများတွင် ဂျုံနှင့်ကုလားပဲများ ဖြစ်ထွန်းအောင်မြင်ကြောင်းတွေ့ရှိရ၏။ မရင်းတွင် မြောက်ရမားသစ်ထုတ်ရေးစခန်းရှိ၍ ၎င်းတို့စခန်းတွင်ပင် တည်းခိုရပါသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်အုပ်ကြီး ဦးသက်ညွန့်နှင့် ဆင်ဆရာဝန်ဆရာလေး ဦးအောင်ဆန်းတို့မှ အကူအညီပေး၍ နေရေးထိုင်ရေးမှအစ အစစအရာရာအဆင်ပြေခဲ့ပါသည်။ မရင်း၊ ခင်သာ ဧရိယာများ စာရင်းကောက်ယူပြီးပါက အလောင်းတော်ကဿပဧရိယာအတွင်းဝင်ရောက်ရမည်ဖြစ်ပါသည်။ အလောင်းတော်ကဿပနယ်မြေသည် (၁၆၀၀)စတုရန်းမိုင် ကျယ်ဝန်းပြီး ရွာစဉ်ရွာဆက်မရှိတော့၍ ရိက္ခာအတွက် အခက်အခဲဖြစ်နိုင်၍ ရိက္ခာသယ်ယူရန် လူအင်အားသုံးမည်ဆိုပါက အဆင်မပြေနိုင်၍ သစ်ထုတ်ရေးမှ တာဝန်ခံများအား ဆင်အကူအညီတောင်းခံခဲ့ရာ သစ်အုပ်ကြီးနှင့် ဆရာလေးတို့မှ ဆင်(၃)ကောင်အကူအညီပေးခဲ့၍ ကျွန်တော်တို့အဖွဲ့ အဆင်ပြေသွားပါသည်။ ပို၍အဆင်ပြေသွားသည်မှာ ဆင်များကိုထိန်းသိမ်းစောင့်ရှောက်ရန် ဆင်အုပ်ကြီး(၅၀-အုပ်) ဦးအောင်ဇေယျကိုပါ ထည့်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ဆင်အုပ်ကြီးမှာ အတွေ့အကြုံများစွာရှိပြီး နယ်မြေကျွမ်းကျင်မှုပါရှိနေ၍ အဆင်သင့်လှသည်ဟု ဆိုရပါမည်။ ထို့အပြင် ဆင်အုပ်ကြီးမှာ ဆောမြို့နယ်သားဖြစ်ပြီး ကျွန်တော်နှင့် တစ်နယ်ထဲသားဖြစ်နေ၍ ပို၍အဆင်ပြေသွားခဲ့လေသည်။ ဦးအောင်ဇေယျ၏ အကြံပေးချက်အရ အလုပ်သမားခေါ်ယူရာတွင် မုဆိုးကြီးများဖြစ်ကြသည့် တောကျွမ်းသည့် မရင်းရွာ ဦးတင်မြနှင့် ခင်သာရွာ ဦးမိုးတို့ကိုပါရအောင်ခေါ်ယူနိုင်၍ အလောင်းတော်ကဿပ ခရီးစဉ်မှာ စိုးရိမ်စရာမရှိတော့ပေ။

ရိက္ခာများ ဝယ်ယူစုဆောင်းပြီးသောအခါ ဝန်ထမ်း(၁၅)ဦး၊ အလုပ်သမား(၁၅)ဦး၊ ဆင်သမားအဖွဲ့(၄)ဦး၊ ဆင်(၃)ကောင်ဖြင့် ပျော်ပျော်ပါးပါး ခရီးထွက်ခဲ့ကြရပါသည်။ ခင်သာရွာမှ အလောင်းတော်ကဿပဘုရားထိ (၂၀)မိုင်ကွာဝေးပြီး အရှေ့ဘက်က ပြူပေါင်းဝမှလည်း (၂၀)မိုင်ကွာဝေးကာ မြောက်ဘက်၊ မင်းကင်းမြို့နယ်ရှိ ပျားဇနပုဒ်ရွာများမှလည်း (၂၀)မိုင်ကွာဝေးပြီး အနောက်ဘက် ဂန့်ဂေါမြို့နယ်၊ ကွန်းဖဲကျေးရွာမှ ခရီး(၂၀)မိုင်ကွာဝေးကြောင်း သိရှိရပါသည်။ အလောင်းတော်ကဿပဧရိယာမှာ ရေမြေတော တောင်နှင့်ပေါက်ရောက်နေသည့် သစ်မျိုးများလည်း စုံလင်လှပေသည်။ အချို့နေရာများတွင် ကျွန်းတောကြီးများကိုတွေ့ရှိရပြီး အချို့နေရာများတွင် ပျဉ်းကတိုး၊ ပိတောက်နှင့် အင်တိုင်းတောကြီးများ ထူထပ်စွာတွေ့ရှိရပါသည်။ တောင်ကုန်းမြင့်များပေါ်တွင်မူ ထင်းရှူးပင်များကိုလည်း တွေ့ရှိရလေသည်။ ချောင်း၊ မြောင်းများမှာလည်း ရေစီးသန်ပြီး ငါး၊ ဖား၊ လိပ်များလည်း အတော်ပေါများကြောင်းမြင်တွေ့ခဲ့ရပြီး ဆင်အုပ်များကိုမူ မကြာခဏ ထိပ်တိုက်တိုးနေ၍ သတိထား သွားနေရပါသည်။

ဤမျှကောင်းမွန်သော ဧရိယာအား အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ဖွဲ့စည်းကာကွယ်ခဲ့၍ မြန်မာ့အဖိုးတန် သစ်တောကြီးအား ယနေ့တိုင် အထင်အရှား မြင်တွေ့နေရခြင်းဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိရသောအခါ လွန်စွာပီတိဖြစ်ရပါသည်။

ကျွန်တော်တို့အဖွဲ့သည် ပုလဲမြို့နယ်မှ စတင်ဝင်ရောက်ပြီး မြေပုံနှင့် ကွန်ပါ့စ်အားကိုး၍တစ်ဖုံ လမ်းပြများကိုအားကိုး၍တစ်မျိုး အလောင်းတော်ကဿပဧရိယာအတွင်း ချဉ်းနင်းဝင်ရောက်၍ စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်လိုက် စခန်းချလိုက်ဖြင့် အချိန်ကြာမြင့်စွာ လှုပ်ရှားသွားလာခဲ့ရပါသည်။ (၃)ပတ်ခန့်ကြာသောအခါ ရိက္ခာများလည်း လျော့နည်းလာရာ တောတွင်းမှ စားကောင်းသော အသီးအရွက်များခူး၍ စားသောက်ခဲ့ရသလို အလုပ်သမားထဲမှ သားငါးရှာတတ်သူများမှလည်း နည်းမျိုးစုံဖြင့် ရှာဖွေကျွေးမွေးကြပါသည်။ ချောင်းများအတွင်း ထိုစဉ်က ငါးများလည်းပေါများခဲ့ရာ ပါလာသည့်ပိုက်ကွန်ဖြင့် ဖမ်းဆီးခြင်း၊ ငါးရုံ့တွင်းနှိုက်၍ရခြင်းများဖြင့် ဟင်းစားကို ဖြေရှင်းနိုင်ခဲ့ပါသည်။ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လာရာ ခရီးတွင်လာလေ တောတောင်ရေမြေမှာ ပိုမိုကောင်းမွန်လာလေဖြစ်သည်။ အချို့နေရာများတွင် ရွက်အုပ်များပြည့်သိပ်ကာ နေပျောက်မထိုးသည့်နေရာများကိုလည်း တွေ့ရှိရလေသည်။ တောနက်လေ တောဆင်များပေါလာလေဖြစ်၍ ဆင်ခြေရာသစ်နှင့်လတ်ဆတ်သော ကျင်ကြီးကျင်ငယ်များတွေ့က ဂရုတစိုက်သွားလာရသည်။ အုပ်စုလိုက်ဆင်ကို မကြောက်ရသော်လည်း သင်းကွဲဆင်များကိုမူ သတိကြီးစွာ ထားနေရလေသည်။ ရံဖန်ရံခါ တောဆင်အုပ်နှင့်တိုးရာ လူမြင်သည်နှင့် အော်ဟစ်ထွက်ပြေးကြလေသည်။ အကြောင်းမှာ အလောင်းတော်ကဿပနယ်မြေရှိ ဆင်များသည် ချင်းတောင်ဘက်မှလာသော ဆင်ပစ်မုဆိုးများကြောင့် လူမြင်လျှင်ကြောက်ရွံ့နေကြကြောင်း ဦးအောင်ဇေယျမှ ပြောပြပါသည်။ စာရင်းကောက်သွားလာရာတွင် တောအနှံ့တောင်အနှံ့သွားလာခဲ့ရာ ဆင်သေကောင်(၂)ကောင် တွေ့ရှိရပါသည်။ တစ်ကောင်မှာ အရိုးများပေါ်သည်အထိ အသားများဆွေးမြေ့နေပြီး တစ်ကောင်မှာ အသားများပုတ်နေသည်ကလွဲ၍ အကောင်ပုံစံမပျက်ရှိနေလေသည်။ ပုံစံမပျက်သည့်ဆင်မှာ ဆင်ထီးဖြစ်ပြီး အစွယ်လိုသူများမှ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် အစွယ်ကိုပစ်ခတ်သူများ မရရှိကြောင်းဒဏ်ရာရထားသည့်ဆင်သည် သွားမိသွားရာ လျှောက်သွားပြီး သေခါနီးတွင် ဂန့်ဂေါ-အလောင်းတော်ကဿပဘုရား ခြေလျင်လမ်းဘေးတွင် လဲကျသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိခဲ့ရပါသည်။ ပထမဆုံးအစွယ်ကို ရရှိခဲ့သူများမှာ ဘုရားနယ်မြေအတွင်း သစ်ခွနှင့် သနပ်ခါးပင်ရှာသူများမှ တွေ့ရှိခဲ့ရပြီးလမ်းဘေးဖြစ်နေ၍ အစွယ်ပေါ်နေသည့်နေရာမှ စိုးရိမ်တကြီးဖြတ်ယူသွားခြင်းဖြစ်ပြီး ကျန်ရစ်သည့်အပိုင်းက ပိုကြီးမားသည်ဟုသိရလေသည်။ ပထမအဖွဲ့သည် လမ်းဘေးတွင် ဆင်သေ၏ အစွယ်ခိုးယူဖြတ်ရခြင်းကြောင့် ၎င်းတို့အား အလောင်းတော်ကဿပ သစ်တောလုံခြုံရေးများတွေ့ရှိမည် စိုး၍ ကမန်းကတန်းဖြတ်သွားခြင်းဖြစ်ပြီး နောက်တစ်ဖွဲ့မှာ ကျွမ်းကျင်သူများဖြစ်၍ ကျန်ရှိသည့်အပိုင်းအားလုံး ရရှိသွားသည်ဟု သိရပါသည်။ ဆင်ပစ်မုဆိုးအဖွဲ့မှာ ဘာမှမရလိုက်ဘဲ အကုသိုလ်သာလျှင် ရလိုက်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့မှာ ပါလာသည့် ဆင်သမားများထဲမှ ဝက်ကျရွာသား ကိုဌေးလွင်မှာ သီးစားပင်အောက်တွင် ညွှတ်ထောင်ခြင်း အလွန်ပင်ကျွမ်းကျင်လှပါသည်။ ၎င်းအနေဖြင့် ဆင်များအစာစားရန်အတွက် တောတွင်းလွှတ်ကျောင်းစဉ် သီးစားပင်များကိုရှာဖွေပြီး ညွှတ်ထောင်ခြင်း ဖြစ်ပါသည်။ သူ့တွင် ညွှတ်(၄-၅)ဖုံပါလာပြီး ကြက်၊ ရစ်တို့သွားလာရာလမ်းတွင် သီးစားပင်မှ အသီးများကို ညွှတ်အနီးတွင် ချထားခြင်းဖြင့် အစာငမ်းငမ်းဖြင့် ဝင်ရောက်လာသော ကြက်နှင့်ရစ်တို့မှာ ကိုဌေးလွင်၏ ညွှတ်ကွင်းတွင် သက်ဆင်းခဲ့ကြရပါသည်။ တစ်နေ့လျှင် (၂)ကောင်၊ (၃)ကောင် အမြဲလိုရပါသည်။ ရိက္ခာအတွက် အတော်အဆင်ပြေခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့ ဂန့်ဂေါမြို့နယ် နယ်စပ်အနီးသို့ရောက်သောအခါ ရိက္ခာပြတ်လုမတတ် ဖြစ်ကြရပါသည်။ အချိန်မှာလည်း တစ်လခန့်ပင်ကြာခဲ့ပြီဖြစ်ပါသည်။ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ငါးခြောက်၊ ကုလားပဲခြမ်း အနည်းငယ်စီကျန်ရှိနေသေးသော်လည်း သူမပါလျှင်မဖြစ်သည့် ဆားကိုကျွန်တော်တို့အဖွဲ့ လျော့တွက်မိခဲ့၍ ဆားပြတ်လပ်သွားတော့၏။ သား၊ ငါးတို့ဖြင့် စားရသော်လည်း ဆားမပါက ဘယ်လိုမှပင် အရသာမဖြစ်ပေါ်တော့ပေ။ သို့ဖြစ်၍ ဆားနှင့်လိုအပ်သည့်ရိက္ခာများ ဝယ်ယူရန် တပည့်ကျော် ကိုစိန်ရွှေ (ရမည်းသင်း)နှင့် ဆင်ဦးစီး ကိုဌေးလွင်တို့ကို ရိက္ခာဝယ်ရန် ကျွန်းဇုံရွာသို့ လွှတ်ရပါတော့သည်။ ၎င်းတို့အဖွဲ့လည်း အမြန်ဆုံးသွားရောက်ရာ နှစ်ညအိပ်(၁)ရက်နှင့် ပြန်ရောက်လာပါသည်။ အရေးကြီး ဆန်၊ ဆီ၊ ဆားနှင့် ရိက္ခာမျိုးစုံ၊ ဆပ်ပြာ၊ ဆေးလိပ်၊ကွမ်းကအစပါလာပါသည်။ အပြန်တွင် ကိုစိန်ရွှေမှ ယောဒေသကို ရောက်ခဲ့ရမှုကို ဂုဏ်ယူပြောပြပါသေးသည်။ ကျေးရွာဥက္ကဋ္ဌ နှင့် အဖွဲ့မှ လိုလေသေးမရှိ ကူညီပေးကြောင်း၊ ရွာသူရွာသားများမှလည်း ခင်မင်စရာကောင်းကြောင်း၊ သဘောပြေတဲ့ ယောမြေဆိုတာကို သူလက်ခံပြီဖြစ်ကြောင်း၊ သူတို့ဆင်အား တစ်ရွာလုံး အစာလာကျွေးကြကြောင်း ပြောပြနေပါသည်။ သူ့အတွက် ဝယ်ယူလာသည့် ယောပုဆိုးနှင့် သူ့ဇနီးအတွက် ဝယ်ယူလာသည့် ယောထမီတို့ကို ထုတ်ကာကြွားနေပါသေးသည်။ ပြီးလျှင် ယောလွယ်အိတ်လေးများလည်း ပါလာသေးသည်။ ကျွန်တော့်အတွက်မူ ယောတဘက် တစ်ထည်ပါလာသည်။ ကျွန်တော်မှ ကျေးဇူးတင်ကြောင်းပြောပြီး ကိုယ်က ယောသားဖြစ်နေ၍ မလိုအပ်ကြောင်း၊ မိမိတို့မြို့သို့ အမှတ်တရယူသွားရန် ပြန်ပေးလိုက်ပါသည်။

အလောင်းတော်ကဿပ နယ်မြေအတွင်းရှိ ရေစီးသန်ချောင်းကြီး/ ချောင်းငယ်များအတွင်း တရားမဝင် ငါးဆေး

ခြခြင်းကို လူတစ်စုက ဆောင်ရွက်ကြရာ ငါးများ(သေးလတ်၊ ကြီး) အားလုံး ချောင်းလုံးပြည့် သေဆုံးနေကြခြင်းကိုလည်း စိတ်မကောင်းစွာ တွေ့ရှိရလေသည်။ တံငါများမှ လောဘကြီးစွာဖြင့် "အင်ဒရင်း"ကဲ့သို့သော ပြင်းအားများသည့် ပိုးသတ်ဆေးများ သုံးစွဲခဲ့ဟန်တူသည်။ ငါးများမှာ မယူနိုင်၊ မသယ်နိုင်အောင် များပြားစွာသေဆုံးကြပြီး ကျွန်တော်တို့ ရောက်ရှိချိန်တွင် ပုပ်ရိနေကြပြီး အနံ့အသက်များပင် ထွက်ရှိနေလေသည်။

စာရင်းကောက်လုပ်ငန်းများ ကြိုးစားဆောင်ရွက်လာရာ လုပ်ငန်း၏ ၃ ပုံ ၂ ပုံ ခန့်ပင် ပြီးမြောက်ခဲ့လေသည်။ အလောင်းတော်ကဿပဘုရားသို့ပင် ဆိုက်ရောက်လာခဲ့ကြလေသည်။ နှစ်စဉ်ဘုရားပွဲတော်ကျင်းပပြီး ဘုရားပွဲတော်ရက်များတွင် လွန်စွာစည်ကားကာ ကျန်ရက်များတွင် ဘုရားဖူးများမှာ ကြိုကြားကြိုကြားပင် ရှိကြကြောင်း သိရှိရပါသည်။

ဘုရားမြေရှိ ဆရာတော်မှ ကျွန်တော်တို့ဝန်ထမ်းအဖွဲ့နှင့် ဆင်အုပ်ကြီးအား ဘုန်းတော်ကြီး ကျောင်းတွင် တည်းခိုစေ၍ အလုပ်သမားအဖွဲ့နှင့် ဆင်အဖွဲ့အား ဇရပ်တွင် နေရာချထားပေးပါသည်။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူး၍ အလောင်းတော်ကဿပ ရဟန္တာအရှင်သူမြတ်ကြီး၏ ရုပ်ပွားတော်ကြီးအား ကြည်ညိုစွာဖြင့် ဖူးမဝအောင် ရှိခဲ့ရပါသည်။ ရုပ်ပွားတော်မှာ ဂန္ဓာရုံကျောင်းဆောင်အတွင်း မြောက်အရပ်သို့ဦးတည်၍ လဲလျောင်းနေပါသည်။ အောက်ဘက်လိုဏ်ဂူအတွင်းရှိ ကိုယ်တော်အစစ်၏ခြေအစုံကို ရုပ်ပွားတော် ဦးခေါင်းထား၍တည်ထားသည်ဟု ပြောကြပါသည်။ ကုန်းမြင့်တောင်ပေါ်တွင်တည်ရှိပြီး ရုပ်ခန္ဓာအစစ်မှာ ချောင်းအောက်ဘက်သို့ ဆင်းသွားသည့် ကျောက်လိုဏ်ဂူအတွင်း တည်ရှိကြောင်း သိရှိရပါသည်။ ကျောက်လိုဏ်ဂူအတွင်း ကျောက်တံခါးကြီးတည်ရှိနေပြီး အစဉ်အမြဲပိတ်ထားသော တံခါးကြီးဖြစ်ပါသည်။ ရှေးယခင်က ကျောက်တံခါးကြီးပွင့်နေကြောင်း၊ အထဲတွင် အမြဲတမ်းထွန်းထားသည့် ကျောက်ဖယောင်းတိုင်ကြီးများရှိကြောင်း၊ နဝရတ်ကိုးသွယ်ရတနာများလည်း စုံလင်စွာရှိနေကြောင်း၊ ရဟန်းနှင့် ကိုရင်လေး ဘုရားဖူးလာရောက်ရာ ရဟန်းမှာ လိုချင်လောဘရှိ၍ ကျောက်တံခါးကြီးများ တစ်ချပ်ချင်း ပိတ်သွားကြောင်း၊ ကိုရင်လေးမှာ လိုချင်လောဘမရှိ၍ ဂူအတွင်းမှ ထွက်ခွာလာနိုင်ကြောင်း၊ ယနေ့ထိ တွေ့နေရသည့် ရှင်သူငယ်ပေါက်မှာသက်သေဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ကျောက်လိုဏ်ဂူအား ကျောက်မိုးကြီးက ဂူကြီးအဖြစ်တည်ရှိနေပါသည်။ ကျောက်မိုးကြီးအား မော့ကြည့်လိုက်လျှင် ပန်းဆိုင်ပန်းခက်များဖြင့် ဖွဲ့စည်းထားကာ ငှင်းတို့နှင့် တစ်ဆက်တည်း လင်းနို့များစွာကိုလည်း တွေ့ရလေသည်။ တောင်ပေါ်မှ ဂူအတွင်းသို့ ဆင်းလာစဉ် ရခဲ့သော ညှီနံ့မှာ လင်းနို့ချေးနံ့များဖြစ်လေသည်။ ကျောက်မိုးပေါ်မှ ရေစက်များလည်း ပုလဲသီးများသဖွယ် တပေါက်ပေါက်ကျနေကြ၏။ ဂူအတွင်းကြာမြင့်စွာနေပါက ရေများစိုရွှဲသည်ထိ ဖြစ်လာရပါသည်။ ဂူအတွင်းတွင် လူတစ်ရာကျော်ခန့်ထိ နေထိုင်၍ ရသော လိုဏ်ဂူကြီးဖြစ်ပါသည်။ စရောက်သည့်နေ့တွင် ရုပ်ပွားတော်နှင့် ကျောက်လိုဏ်ဂူအတွင်းရှိ ရုပ်ခန္ဓာအစစ်တို့အား မှန်းဆ ဖူးမျှော်ပြီး ညပိုင်းရောက်မှ အလောင်းတော် ကဿပရာဇဝင်အား အသက်ကြီးပြီး ရှေ့မှီနောက်မှီ မကြာခဏရောက်ဖူးသူ ဆင်အုပ်ကြီး ဦးအောင်ဇေယျအား မေးမြန်းစုံစမ်းရပါသည်။ ဦးအောင်ဇေယျမှလည်း သူသိထားသည်ကို အလုံးစုံပြောပြပါသည်။ ရှင်မဟာကဿပ ရဟန္တာမြတ်ကြီးသည် မရင့်မာမီလူ့ဘဝဘုန်းကြီးကျောင်းသားဘဝက ကြက်တူရွေးကလေးအားသတ်မိပြီး ဆရာတော်တွေ့ရှိမည်စိုး၍ မသေမရှင်ဖြစ်နေစဉ် ကျောက်တုံး(၃)တုံးဖြင့် ဖိထားခဲ့၍ ယခုအလောင်းတော်ကဿပနယ်မြေတွင် တောင်သုံးလုံး၏အလယ်တွင် အတိတ်ဘဝက တင်ကျန်ခဲ့သည့် ဝဋ်ကြွေးအား ပြန်ဆပ်ရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ ရဟန္တာမြတ်ကြီး ရှင်မဟာကဿပ ကြွလာရာလမ်းတွင်လည်း သပိတ်ဆေးချောင်း၊ သက်န်းလှန်းနေရာတို့အား အမှတ်အသားများဖြင့် ထားရစ်ခဲ့သည်ကို မြင်တွေ့နိုင်ကြောင်း ရှင်းပြပါသည်။ ရဟန္တာ အရှင်သူမြတ်ကြီး၏ တပည့်သာဝကဖြစ်ခဲ့သူ အဇာတသတ်မင်းသည် မိဘပြစ်မှား၍ ပုပင်သောကများဖြင့် ရုပ်တည်ရာမရဖြစ်နေသောအခါ နောင်တကြီးစွာရပြီး ဆရာရင်းဖြစ်သော ရဟန္တာမြတ်ကြီးထံလိုက်လာရာ ပရိနိဗ္ဗာန်ပြုပြီး ရုပ်ကလာပ်ကိုသာ တွေ့ရှိသွားပုံများကိုလည်း သိရှိရပါသည်။ ဘုရားရင်ပြင်အနီးတွင် မှတ်မှတ်ရရအနေဖြင့် ဘုရားဖူးများ သောက်သုံးရန်အတွက် သစ္စာရေတွင်းအား အဇာတသတ်မင်းမှ အဓိဋ္ဌာန်ဖြင့် တူးဖော်ထားရှိခဲ့မှုကိုလည်း တွေ့ရှိရပါသည်။ သစ္စာရေတွင်းသည် ရုပ်ပွားတော်မြတ်ကြီးအနီးတွင်တည်ရှိပြီး၊ ရေတွင်းမှာ အနက်ပေအနည်းငယ်ဖြင့်ရေထွက်နေခြင်း ဖြစ်ပါသည်။ ဘုရားပွဲတော်ရက်များတွင် မည်မျှခပ်ယူသုံးစွဲစေကာမူ ရေမခန်းခြောက်သွားကြောင်းလည်း ကြားသိခဲ့ရပါသည်။ သစ္စာရေတွင်းနှင့် အောက်ဘက်ရှိ ဘုရားချောင်းမှာ အနိမ့်အမြင့်အတော်ကွာဝေးလှပါသည်။ ဆင်အုပ်ကြီးမှ ဆက်လက်၍ ပြောပြရာ ရဟန္တာရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ အရှေ့ဘက်ကြောတွင် "အရိမေတ္တယျ"ဘုရားပွင့်လျှင် ကျောင်းတော်ဆောက်ရာတွင်အသုံးပြုရန် အဇာတသတ်မင်းကြီးမှ အဓိဋ္ဌာန်ခဲ့သည့် ကျွန်းပင်ကြီးရှိခဲ့ကြောင်း၊ ယခုမရှိတော့ကြောင်း၊ သို့ရာတွင် ကျွန်းငုတ်နေရာရှိသေးကြောင်း၊ ကျွန်းငုတ်ကြီး ကြီးမားသည်မှာ ထမင်း(၃)ဝိုင်းစာ စားလို့ရကြောင်းပြောပြ၍ နောက်တစ်နေ့သွားကြည့်ရာ ငုတ်နေရာကြီးသည် အမှန်တကယ်ကြီးမားနေကြောင်း မျက်မြင်တွေ့ရှိခဲ့ရပါသည်။ ယခုဆိုလျှင် ငုတ်နေရာ ရှိ/မရှိ မသေချာနိုင်တော့ပါ။ ကျွန်းပင်ကြီးနှင့် ပတ်သက်၍ ဆင်အုပ်ကြီးမှ ဆက်လက်ပြောပြရာ သမိုင်းဝင်ကျွန်းပင်ကြီးအား သစ်ခုတ်ယူရန်စီစဉ်ကြရာ ဂေါပကလူကြီးများ တားသည့်ကြားမှ သင်းသတ်ခဲ့ကြောင်း၊ အပင်ကြီးအားခုတ်လှဲစဉ် အခက်အခဲများစွာ ကြုံခဲ့ကြောင်း၊ သင်းသတ်ရန်အမိန့်ပေးသူလည်း ရောဂါမည်မည်ရရမရှိဘဲနှင့် အသက်တို

ခဲ့ကြောင်း၊ ဆင်ဖြင့်ဆွဲရန် တာဝန်ပေးခဲ့သူ သစ်ထုတ်ရေဝန်ထမ်း အလုပ်ပြုတ်ခဲ့ကြောင်း၊ အပင်ကြီးအား ဆွဲထုတ်သည့် ဆင်ကြီးမှာလည်း တဖြည်းဖြည်း ပိန်ချုံးသွားပြီး အသက်ဆုံးရှုံးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ ကျွန်တော်၏တင်ပြမှုသည် ခိုင်လုံသည်ဟု မဆိုလိုပါ။

ထို့ပြင် ရဟန္တာကိုယ်တော်အစစ်တည်ရှိရာ ဘုရားချောင်းကလေးမှာ အထက်ဘက်တွင် ပုံမှန်အနေအထားဖြင့် စီးဆင်းလာပြီး ဂူကြီးအနီးတွင် ရေများမြေကြီးအတွင်းမှ စီးဆင်းသွားကြခြင်းဖြစ်ပါသည်။ ဗြိတိသျှခေတ် သစ်ထုတ်စဉ်က ဘုရားချောင်းမှ မျောချလာသောသစ်များ ဂူကြီး၏ အထက်ဘက်တွင် အောက်ဘက်သို့ မျောပါမသွားဘဲ အစုလိုက်အပုံလိုက်တည်ရှိနေရာ မျက်နှာဖြူအရာရှိမှ မိုင်းခွဲ၍ သစ်များထုတ်ယူရန် ကြံစည်ခဲ့ကြောင်း၊ သို့သော် ဘုရားလူကြီးများ၏ တောင်းပန်မှုဖြင့် သစ်များအား ဆိုင်ရာပိုင်ရာများမှ ကူညီဆောင်ရွက်ပေးရန် ၄က်ပျော၊ အုန်းပွဲများ တင်မြှောက်၍ တောင်းဆိုရာ မိုးရေနှင့်အတူ လွယ်ကူစွာ သစ်များသူ့အလိုလို ထွက်သွားကြောင်း ကြားသိခဲ့ရပါသည်။ ဆင်အုပ်ကြီး ပြောပြမှုသည် ရာဇဝင်လား၊ အဖြစ်မှန်လား ဆိုသည်ကိုဖြင့် အတိအကျ မသိရှိရပါ။ သို့ရာတွင် ဘူမိနက်သန်သာသနာ့နယ်မြေအစစ်အမှန်ဆိုသည်ကိုမူ လက်ခံရမည်ဖြစ်ပါသည်။

ဘုရားပရဝုဏ်တွင်လည်း ဘုရားပွဲနီး၍ ဈေးသည်အချို့လည်း ရောက်ရှိနေကြ၍ ရိက္ခာအတွက် ပူပင်စရာ မလိုတော့ပါပေ။ ဘုရားအနီးဝန်းကျင်တွင်လုပ်ငန်းများ ပြီးစီးသောအခါ မရင်း၊ ခင်သာအလုပ်သမားအဖွဲ့နှင့်ဆင်အုပ်ကြီး၊ ဆင်သမားအဖွဲ့တို့အား လွန်စွာကျေးဇူးအထူးတင်ရှိကြောင်း ပြောပြီး ဘုရားမှာပင် နှုတ်ဆက်လမ်းခွဲခဲ့ကြပါသည်။ ကျွန်တော်တို့အဖွဲ့မှာ ဌာနကားမှာယူ၍ ယင်းမာပင်လမ်းမှပြန်၍ ကပြူ၊ ပေါင်းဝရွာများတွင် အခြေပြု၍ စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ကာ တစ်နှစ်တာပြီးဆုံးခဲ့ရပါလေသည်။

၁၉၈၆- ၈၇ ခုနှစ်တွင် စာရင်းကောက်လုပ်ငန်းအား မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်ကြရပါသည်။ မကွေးတိုင်းတွင် ဆောမြို့နယ် တောင်ဘက်ပိုင်း၊ မဟင်ကြီးဝိုင်းများတွင် စာရင်းကောက်ယူခဲ့ရပါသည်။ ဆောမြို့နယ်တောင်ပိုင်းတွင် "ချင်းပုံ" ဟုခေါ်သော တိုင်းရင်းသားလူမျိုးစုများလည်း နေထိုင်ကြပါသည်။ ချင်းပြည်နယ်မှာ ကန်ပက်လက်မြို့နယ် တောင်ပိုင်းတွင် စာရင်းကောက်ယူရမည်ဖြစ်ပါသည်။ စာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍ တောင်ပေါ်သစ်မျိုးများ ခွဲခြားတတ်စေရန် ပေ(၄၈၀၀)ကျော်သော ကန်ပက်လက်မြို့တွင် သရုပ်ပြနှင့် သစ်မျိုးခွဲခြားရေးအား ဆရာကြီး ဦးသာလှ မှပင် အပင်ပန်းခံ သင်ကြားပေးခဲ့ပါသည်။ ကန်ပက်လက် အနောက်ဘက်တစ်ကြောရှိ ထင်းရှူးတောကြီးများမှာ အလွန်လှပပါသည်။ ပင်စည်ဖြောင့်တန်းပြီးလုံးပတ် ကြီးထွားကြပါသည်။ ဝက်သစ်ချပင်၊ သစ်အယ်ပင်နှင့် သဖန်း၊ ကတွတ်ပင်များကိုလည်း များစွာ တွေ့ရှိရပါသည်။ ထင်းရှူးတောကြီးများအား တိုက်ခတ်လာသည့် လေများအား ရှူရှိုက်ရခြင်းကို ကျွန်တော်အလွန်နှစ်သက်မိပါသည်။ သစ်မျိုးခွဲခြားရေး သင်ကြားခြင်းနှင့်အတူ ခေါနုဗမ်(ခ) ဝိတိုရိယတောင်ကိုလည်း တက်ခဲ့ကြရပါသည်။ တောင်တက်လမ်းတွင် ထင်းရှူးပင်များနှင့်အတူ တောင်ဇလပ်ပန်း နီနီရဲရဲများ၊ သစ်အယ်ပင်များ၊ ချယ်ရီပန်းများကိုလည်း များစွာတွေ့ရှိရပါသည်။ တောင်ပေါ်တက်ရင်းတက်ရင်းဖြင့် ပေ(၇၀၀၀)ကျော်ခန့် ရောက်လာသည့်တွင် ကျွန်တော်သည် အသက်ရှူကြပ်လာပါသည်။ ကျွန်တော့်လိုပင် အသက်ရှူကြပ်၍ ဆက်လက်မတက်နိုင်သူများ ပေါ်လာရာ ဆက်မတက်တော့ဘဲ ၄င်းနေရာမှပင် နောက်ကြောင်းပြန်လှည့်ခဲ့မိပါသည်။ သစ်တောသမားဖြစ်ပြီး ဖွဲ့သတ္တိကို လျော့ကာ နောက်ကြောင်းပြန်လှည့်မှုအား ယနေ့ထိ နောင်တရမဆုံးဖြစ်နေမိပါသည်။ မိမိအစီအစဉ်ဖြင့် ပြန်တက်မည်ဟု ထိုစဉ်က ကြုံးဝါးခဲ့သော်လည်း ယနေ့ထိခြေဦးမလှည့်နိုင်တော့ပါ။ သို့သော် ယခုအခါတွင် ကားဖြင့်အလွယ်တကူ တက်လို့ရပြီဟုသိရ၍ တက်ဖြစ်အောင်တက်ဖို့ စိတ်ဆုံးဖြတ်ထားမိပါသည်။

သရုပ်ပြလုပ်ငန်းများ ပြီးမြောက်သောအခါ ကျွန်တော်တို့အဖွဲ့ တာဝန်ကျရာ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးတိုက်နယ်သို့ ဦးတည်သွားလာရပါသည်။ လောင်းရှည် - ကျင်ဒွေးလမ်းသည် ထိုစဉ်က အင်မတန်ဆိုးဝါးပါသည်။ ကားသွားလာ ရန်ခက်ခဲသလို လှည်းဖြင့်လည်းခက်ခဲ၍ လူထမ်းဖြင့်သွားလာရပါသည်။ ဆောမြို့နယ်၊ နတ်ကောင်းကျင်းကျေးရွာမှ ကျင်ဒွေးရွာသို့ တစ်ရက်ခရီး ပြင်းပြင်းသွားရပြီး မိုးချုပ်ခါနီးတွင် ကျင်ဒွေးသို့ ရောက်ရှိပါသည်။ ကျင်ဒွေးရွာသည် မြေနိမ့်ပိုင်း မုန်းချောင်းဘေးတွင်တည်ရှိပြီး ထိုစဉ်က အိမ်ခြေ (၂၅၀)ကျော်ခန့်ရှိကာ အနီးပတ်ဝန်းကျင်တွင် အကြီးဆုံးရွာကြီးဖြစ်ပါသည်။ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်းတို့ရှိပါသည်။ ကျင်ဒွေးရွာတွင် စခန်းချ၍ လက်လှမ်းမီသမျှ နမူနာကွက်များအား စာရင်းကောက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါသည်။ ကျင်ဒွေးရွာပတ်ဝန်းကျင်တစ်ဝိုက်ပြီးဆုံးသောအခါ ကျင်ဒွေးအနောက်ဘက်ချင်းတောင်တန်းကြီးများပေါ်သို့ ခြေလျင်ခရီးဖြင့် သွားလာခဲ့ရ ပြန်ပါသည်။ ကျင်ဒွေးရွာအနောက်ဘက်ဒေသသို့ သွားရာလမ်းသည် ကားလမ်းလှည်းလမ်း လုံးဝမရှိတော့ပေ။ အတက်အဆင်းကြီးမားသည့် ခြေလျင်လမ်း ကျဉ်းကျဉ်းကြပ်ကြပ်ကို ကျောပိုးအိတ်ကိုယ်စီပိုးကာ အားမာန်အပြည့်ဖြင့် ဆင်းလိုက်တက်လိုက် သွားလာခဲ့ရပါသည်။ ရွာစဉ်အလိုက် ရွာအမည်များကို မမှတ်မိတော့ပါ။ ချင်းနာမည်များဖြစ်နေသည်က တစ်ကြောင်း၊ နှစ်ကာလကြာရှည်သည်က တစ်ကြောင်းတို့ကြောင့်ဖြစ်ပါသည်။ မှတ်မှတ်ရရ ရွာကြီး(၂)ရွာဖြစ်သည့် အလယ်တန်းကျောင်းရှိသည့် မုချိန်းတိန်းရွာနှင့် ဆင်ဘောင်ရွာကြီး (၂)ရွာကိုသာ မှတ်မိပါတော့သည်။

ဆက်လက်ဖော်ပြပေးပါဦးမည်—

## REDD-Plus Information – 24 –

### Measurement, Reporting and Verification (MRV) for REDD+

**By**

**U Sein Thet, Project Coordinator, ITTO-REDD+ Project.**

The reducing emissions from deforestation and forest degradation and carbon stock enhancement (REDD+) is now recognizing as a critical component of national and international strategies for mitigating global climate change. That is of central importance in efforts to combat climate change especially in developing countries. All developing countries that are participating in the REDD+ will have to establish a national forest monitoring system (NFMS) in order to asses forestry related greenhouse gas emissions. The system should support the Measurement, Reporting and Verification (MRV) requirement according to the United Nations Framework Convention on Climate Change (UNFCCC). A national forest inventory (NFI) is one potential key component of such an MRV system. National-level forest biomass estimation is necessary and it might be an important attribute. Regarding to this point, an example of above ground biomass estimation over a large area using forest inventory data and satellite imagery is also expressed as basic information of biomass/ carbon for MRV system. According to the referred materials and documents, REDD+ encourages developing countries to contribute to climate-change mitigation in the forestry sector through five activities: reducing emissions from deforestation and forest degradation, conservation of forest carbon stocks; sustainable management of forests; and the enhancement of forest carbon stocks. At first, the role of forests in climate change mitigation has long been the subject of discussion and negotiation at the global level and REDD+ was officially introduced into the UNFCCC agenda at the end of 2005. The most relevant REDD+ milestones especially related with MRV are as follows:

- 13$^{th}$ conference of the parties (COP 13-Bali 2007) adopted the Bali Action Plain within which REDD+ was recognized as a potential element of an expected new agreement.
- COP 15 (Copenhagen, 2009) adopted decision on methodological guidance for the implementation of REDD+, with particular reference to monitoring and reporting.
- COP 16 (Cancun, 2010) adopted a decision that defined REDD+ and agreed on a phased approach to it. Developed countries were urged to provide financial and technical support to assist developing countries to engage key stakeholders (including communities and indigenous peoples) to prepare national strategies, polices and measures to implement REDD+ and to develop national forest reference emission levels, national forest monitoring systems and a system for providing information on how REDD+ social and environmental safeguards are being addressed and respected.
- COP 17 (Durban, 2011) discussed technical methodologies and modalities for REDD+ related to forest reference emission levels, forest reference levels and monitoring, reporting and verification (MRV). It also continued the development of guidance on social and environmental safeguards. A decision was also adopted on financing for the full implementation of results-based REDD+ actions.

  COP 15 (2009 Copenhagen) adopted decision on methodological guidance for the implementation of REDD+ and, monitoring systems that:

  (i) Use a combination of remote sensing and ground-based forest carbon inventory approaches for estimating forest-related greenhouse gas emissions, forest carbon stocks and forest area changes,

  (ii) Provide estimates that are transparent, consistent, and accurate, and

  (iii) Are transparent and their results are available and suitable for review as agreed by the COP.

The two functions under National forest monitoring systems are a monitoring function and MRV function. Monitoring Function is to monitor progress of REDD+ activities and MRV function is to contribute to the measuring & reporting on REDD+ mitigation performance (emissions & removals in $CO_2$-equivalents) to the

UNFCCC; which then undergoes verification. The three phased implementation of National Forest Monitoring Systems are preparation, demonstration and national implementation. The purpose of MRV for REDD+ are:

- To assess anthropogenic greenhouse gas emissions by sources and removals by sinks related to forest land
- To enable measurement of the carbon stock change outcomes of REDD+ activities, following the most recent methodological guidance of the Intergovernmental Panel on Climate Change (IPCC) for developing countries
- To enable the reporting of GHG mitigation performance (in $CO_2$-equivalents) of REDD+ activities to the UNFCCC. It only has to be fully operational in Phase 3 of REDD+.

Decision 4/CP. 15 establishes the REDD+ MRV requirement by requesting Parties (paragraph 1(d) to:
*"...establish, according to national circumstances and capabilities, robust and transparent national forest monitoring systems and, if appropriate, sub-national systems as part of national monitoring systems that:*

1) *Use a combination of remote sensing and ground-based forest carbon inventory approaches for estimating ... anthropogenic forest-related greenhouse gas emissions by sources and removals by sinks, forest carbon stocks and forest area changes;*
2) *Provide estimates that are transparent, consistent, as far as possible accurate, and that reduce uncertainties, taking into account national capabilities and capacities;*
3) *Are transparent and their results are available and suitable for review as agreed by the Conference of the Parties".*

Decision 4/CP.15 also specifies that countries must follow the most recent methodological recommendations issued by the IPCC, serving as a basis for estimating the sources of anthropogenic GHG emissions, and their removal by sinks, and for measuring carbon stocks and changes in forest area. In this way, emissions estimates will be based on common (IPCC) methodological approaches. This methodological guidance indicates that national forest monitoring systems should be used to : 1) estimate emissions and removals from the forest sector (measurement); 2) report this mitigation performance of REDD+ activities to the UNFCCC (reporting); and 3) allow verification of the results by the UNFCCC Secretariat (verification) (subject to further guidance from the COP) – i.e. to fulfill the MRV function for REDD+ activities.

UNFCCC guidance on the technical element for REDD+ is built upon in Decision 1/CP.16, where developing countries aiming to participate in REDD+ are requested to develop (paragraph 71(c):

- "A robust and transparent national forest monitoring system for the monitoring and reporting of the [REDD+] activities …, with, if appropriate, subnational monitoring and reporting as an interim measure, in accordance with national circumstances, and with the provisions contained in decision 4/CP.15".

Decisions 4/CP.15 and 1/CP.16 together establish that countries should develop a national forest monitoring system to serve the dual functions of monitoring and MRV.

Similar clarity has also been brought in MRV making it mandatory that the MRV of forest related emissions and removals, forest carbon stocks and forest area changes, should be consistent with methodological guidance issued in COP 15. Countries are encouraged to improve the data and methodologies over time while maintaining consistency with the established FREL/FRL. This would enable adoption of new technologies for MRV as they develop and come within reach while ensuring comparability with the earlier measurements. Submission of Biennial Update Report (BUR) is now mandatory as also the International Consultation and Analysis (ICA) of BUR for increasing transparency of mitigation action. The process would be facilitative, non-punitive, respectful of national sovereignty, and not impose excessive financial costs. The implementation of the technical components of the national forest monitoring system will be implemented through the three-

phased approach. This allows time to build the necessary capacity, learning lessons and improving the systems, as necessary:

- *Phase 1*: Capacity building on, and design of, technical elements (e.g. Satellite Land Monitoring System, remote sensing, forest inventory); establishment of institutional arrangements; activity planning; design of demonstration (pilot) activities.
- *Phase 2*: Implementation and monitoring of (and learning from) demonstration activities, and further capacity building on technical elements.
- *Phase 3*: Satellite Land Monitoring System is upgraded to monitor national performance of REDD+ policies and measures; full MRV in place for assessing GHG emissions and removals in the forestry sector and to report mitigation performance to the UNFCCC Secretariat.

Two types of data; spatial data and non-spatial data (Tables of Data) are developed by forest inventory and remote sensing and GIS application in forestry sector of Myanmar. Such the data are critical to support information for sustainable forest management. Around 1985, Myanmar set up national forest survey and inventory by three main phases; the production of forest cover and land use maps of the whole country using satellite imageries, the production of detailed forest type and land use maps of the project area using aerial photography and the ground survey in the forests of the project area. The main objectives of ground survey are to establish permanent sample plots to monitor the condition of the forest and its growth by successive measurements, to determine the amount, location and quality of timber at pre-investment level, to assess the silvicultural condition of the forest, especially its regeneration and to classify the forest terrain according to its operability. The design, supervision and computation of the inventory was done under the support of UNDP/ FAO National Forest Survey and Inventory Project BUR/79/011 at Forest Department, Myanmar. Unfortunately, NFI could not be finished for the whole country and the works were stopped after finishing this project around 1993. Currently, district level forest inventory (one shot inventory) is conducting by Forest Department with the objectives: to develop stand and stock table based on the inventory data, to calculate annual allowable cut and to know the changes of land use and forest status. Forest Department is one of the foremost organizations in using RS & GIS section, Planning and Statistics Division was started since 1980 and Satellite Remote Sensing was introduced by FAO/UNEP Project. PC based Arc/Into GIS was established 1993 by National Forest Management and Inventory Project (MYA/85/003). The major activities of RS and GIS section are forest cover assessment by various scales and various satellite imageries, preparation of GIS database, preparation of various maps for management, biomass assessment, forest Fire assessment. There are also international cooperation for technical and training programme with international organizations, including JICA, FAO, ITTO, International Center for Integrated Mountain Development (ICIMOD), Korea Forest Services and Asia Air Survey Japan.

To support the methodology development for MRV, above ground biomass (AGB) of the two reserved forests (10,268 ha) namely, Lone Yan and Sabyin Reserved Forests in Yedashe Township was estimated using Landsat image acquired in February 2009 Normalized different vegetation index (NDVI) was applied to obtain the sample plots representing the different biomass condition. Based on the NDVI, the area is categorized into five areas different vegetation density. Using ArcGIS, sample plots representing different vegetation density were extracted for ground trusting. A total of 220 nested sample plots for trees e″ 10cm DBH (40m x 40m for trees with DBH e″ 20cm and 20m x 20m for trees with DBH between 10cm and 19cm) were selected, and field measurement was conducted in 2012 April, DBH were measured as the parameter for calculating AGB of sample plot. AGB of each sample plot was estimated from DBH using the Brown's equation (1987) for tropical forests. The AGB sample plots were divided in to training and validation data, for estimation and validation processes, respectively. Multiple linear regression was applied in ArcGIS to estimate the above ground biomass through the relationship between spectral reflectance of pixel (30 m x

30 m) of image and measured AGB of sample plot (40 m x 40 m). The results revealed that mean AGB of the two reserved forests was 140.89 tons/ha. The AGB of the two reserved forests is well within the range of AGB for tropical forests (34-500 tons/ha), but much lower than the average AGB of tropical forests (250 tons/ ha). The main reason of the low AGB in the study site might be correlated with the low tree density and size of the study area; 111 stems/ha and basal area is 12.9 m2/ ha for trees with DBHe″ 10cm, whereas the tree density recorded in tropical forests is 245-859 stems/ha for trees with e″ 10cm DBH.

Myanmar is one of the forest rich countries in the tropical region. Its forest has contributed to the provision of abundant and indirect benefit to local, regional and global communities especially in reducing Green House Gas (GHG) emissions and enhancing forest carbon stocks and environmental services. In Myanmar, the emissions to be accounted for REDD mechanism would probably come from both deforestation and degradation due to various causes. As concept and methodologies of REDD-plus are new to Myanmar, capacity building and awareness raising for all level of stakeholders are currently important and urgently needed. It has been almost two decades of cooperation between Myanmar and ITTO since Myanmar and ITTO since Myanmar became ITTO member country in 1993. Myanmar became a partner country of UN-REDD Programme in November 2011 which reflects Myanmar's initiatives and efforts for REDD+ readiness activities. The project "Capacity building for developing REDD+ Activities in the context of Sustainable Forest Management" RED-PD 038/11 Rev.3 (F) is based on national priority and recommendations identified by the international organization such as ITTO and UN – REDD Programme that capacity building is needed at all level in order to fully implement REDD-Plus. The Government of the Republic of Union of Myanmar, Cabinet approved the project with the meeting 38/2012 on 25-10-2012 and was signed by Executive Agency (FD) and ITTO on 8-11-2012. A crucial aim of the project is to build capacity among stakeholders and communities on the important of SFM and climate change mitigation. This could be implemented through awareness programmes such as organizing workshops and meetings for policy makers, forest officers, field staff, local communities and relevant stakeholders. Information on the project's finding could be disseminated as well for better understanding of deforestation and forest degradation in the country through outreach activities (i.e. – publications, seminars, workshops). The Forest Department of Ministry of Environmental Conservation and Forestry has formed a REDD+ Core Unit in the Ministry, having the task of coordinating and guiding REDD-plus related actions and collaborating national and international agencies. This Core Unit will assist the Ministry of Enviornmental Conservation and Forestry and into appropriate agencies in developing and implementing appropriate policies measures and action plans relating to REDD+ implementation in the country.

Planning and Statistics Division of the Forest Department will be the responsible for the overall administration while the role of Forest Research Institute is to strengthen the technical aspects of the project. Regarding capacity building aspect, Training and Research Development Division of the Forest Department will be responsible to implement the proposed activities. Extension Division of the Forest Department will be responsible for REDD+ and other related activities. GIS and RS section of the Planning Division of the Forest Department will be responsible to conduct MRV. REDD-plus core unit will be responsible for implementing the project activities under the supervision of Planning and Statistics Division of the Forest Department to fulfill the set objectives. As an implementation of ITTO funded project, forest inventory was conducted in March 2013 in 19 reserved forests of Taungoo District. Main objective is to obtain field data for estimating above ground biomass using satellite imageries. To analyze vegetative characteristics, Important Value Index (IVI) was calculated. IVI allows estimation of importance for a particular species, not based solely upon density. Species with the highest IVI was considered as the dominant of the community. Tree species richness is relatively high in Yoma PPF (102 spp.) and West Swa RF (110 spp.), comparable to richness of rainforest. Basal area (1.05 to 62 $m^2$/ha; mean is 10.94 $m^2$/ha) and density (27-286 stems/ha;

mean is 165 stems/ha) for trees with DBH threshold, e″ 10cm are relatively lower than other records for tropical forests using same DBH threshold. Some reserves showed typical reversed 'J' shape curves, indicating growing and healthy population structures. Lack of small and large trees of some reserves can be ascribed to higher stress on small trees and also removal of regenerating individuals before they achieve tree status. Lower small tree density and higher number of large diameter trees in some reserves, and like to be faced with forest succession, and further investigation on dominating species and long- term monitoring are required. The study found that reserved forests in Taungoo District are highly degraded. Protection and silvicultural treatments are required. On the other hand, such degraded conditions offer great opportunity for REDD+ program.

REDD-plus is a major opportunity for tropical forest conservation. Myanmar has recognized that REDD-plus is an innovative concept that can complement ongoing forest policies. Myanmar is also aware of REDD-plus as a mechanism to create an incentive for developing countries to protect, better manage and wisely use their forest resources, contributing to the global fight against climate change. REDD-plus strategies aim to make forests more valuable standing than they would be cut down, by creating a financial value for the carbon stored in trees. Once this carbon is assessed and quantified, the final phase of REDD involves developed countries paying developing countries carbon offsets for their standing forests. REDD-plus is a cutting-edge forestry initiative that aims at tipping the economic balance in favour of sustainable management of forests so that their formidable economic, environmental and social goods and services benefit countries, communities, biodiversity and forest users while also contributing to important reductions in greenhouse gas emissions. Implementation of REDD-Plus requires high level precision and accuracy on measurement of carbon stock. In addition, there must be reliable Monitoring, Reporting and Verification system for carbon stock. Thus it is necessary to prepare the standard operational guidelines for MRV and baseline data of carbon stock especially in line with IPCC Guidelines. Demonstration plot for REDD-plus has to be established to practice the activities for readiness of REDD-plus full project implementation. Software and hardware necessary for RS/GIS will be installed for MRV for the proper combination of ground data to have realistic figure of carbon stock as well as to monitor forest cover changes. Then, reference scenario will be set based on forest cover changes.

References :- * Proceeding of the Initial National Workshop. ITTO-REDD+ Project, January 2013.

* REDD+ in Myanmar, by U Sein Thet, Working Paper of ITTO-REDD+ Project.

**ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖုန်း"ဂိုနီ"တိုက်ခတ်၊ လူ ၁၄ ဦး သေဆုံး (၂၄ ဩဂုတ်လ ၂၀၁၄ )**



ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖုန်း'ဂိုနီ'တိုက်ခတ်မှုကြောင့် လူ ၁၄ ဦးသေဆုံးပြီး ၃၃၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး၊ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၁၁ ဦးကျော် ထိခိုက် ဒဏ်ရာများ ရရှိခဲ့ပြီး လူသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။




## အီရန်နိုင်ငံ၏ အကြီးဆုံးရေငန်အိုင်ဖြစ်သည့် Oraumieh ရေကန် ခန်းခြောက်တော့မည့် အန္တရာယ်နှင့် နောက်ဆက်တွဲစိန်ခေါ်မှုများ



အီရန်နိုင်ငံ၏ သမ္မတ Mr. Hassan Rouhani ကြီးမှူးပြုလုပ်သော ပထမ အကြိမ်အစိုးရအဖွဲ့အစည်းအဝေးတွင် ကမ္ဘာ့အကြီးဆုံး ရေငန်အိုင်များအနက် တစ်ခု ဖြစ်သော အီရန်နိုင်ငံ၏ Oraumieh ရေကန်တိမ်ကောပျောက်ကွယ်သွားခြင်း မဖြစ်ပေါ်စေရန် မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်မည်ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးရေငန်အိုင်များအနက်တစ်ခုဖြစ်သော Oraumieh ရေကန်သည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း (၈၀) ရာခိုင်နှုန်းကျော် (၁,၀၀၀ စတုရန်းကီလိုမီတာအထိ) လျော့နည်းတိမ်ကောလာခြင်းမှာ အဓိကအားဖြင့် ရာသီဥတုပြောင်းလဲမှု၊ အနီးပတ်ဝန်းကျင်ရှိ လယ်ယာမြေများသို့ ရေသွင်းပို့လွှတ်မှု များပြားလာခြင်းနှင့် မြစ်ချောင်းများအားပိတ်၍ ဆည်တည်ဆောက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ဖော်ပြထားပါသည်။ နက်ရှိုင်းသော ရေအောက်တွင်တည်ရှိခဲ့သော ဆားကျောက်ဆောင်များသည် ယခုအခါ သဲကန္တာရအလယ်တွင် တည်ရှိနေပါသည်။

Oraumieh ရေကန်သည် လွန်ခဲ့သောနှစ်များအတွင်း ကမ္ဘာလှည့် ခရီးသည်များ၏ စိတ်ဝင်စားခြင်းခံရသောနေရာတစ်ခုဖြစ်ပြီး၊ ကြိုးကြာငှက်များ၊ ငှက်ကြီးဝန်ပို့နှင့် ပင်လယ်စင်ရော်ငှက်များ ဆောင်းခိုဝင်ရောက်လေ့ရှိသည့်နေရာလည်းဖြစ်ပါသည်။ Oraumieh ရေကန်အား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ မဆောင်ရွက်ပါက နှစ်နှစ်အတွင်း ပျောက်ကွယ်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားလာကြပါသည်။

လွန်ခဲ့သောနှစ်များအတွင်း နေ့စဉ် ကမ္ဘာလှည့် ခရီးသည်အများအပြား ရေကန်သို့ လာရောက်လည်ပတ်ခဲ့ပြီး၊ ကမ္ဘာလှည့်ခရီးသည်များအား ရေကန် အတွင်း လှေလှော်လည်ပတ်ရန် လှေဖြင့် ပို့ဆောင်ပေးရကြောင်း ရေကန်တိမ်ကောသွားသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ မရှိတော့ကြောင်း၊ ဒေသခံများအနေဖြင့် အလုပ်လုပ်ကိုင်ရန် အခြားဒေသသို့ ထွက်ခွာသွားရကြောင်း၊ ကမ္ဘာလှည့် ခရီးသည်များလည်း လာရောက်လည်ပတ်မှုမရှိတော့ကြောင်း ဒေသခံတစ်ဦး ဖြစ်သူ Mr. Mozafar Cheraghi က ပြောကြားခဲ့ပါသည်။

တာကီနိုင်ငံနယ်နိမိတ်အနီး အီရန်နိုင်ငံ အနောက်မြောက်ဒေသရှိ ရေကန်အား ပြန်လည်ထိန်းသိမ်းကာကွယ်သွားမည်ဟု သမ္မတ Rouhani သည် နိုင်ငံရေးစည်းရုံးလှုပ်ရှားမှု campaign တွင် ကတိကဝတ်ပြုခဲ့သည့်အတွက်ကြောင့် ၎င်း၏ အစိုးရအဖွဲ့သည် ဖြေရှင်းကာကွယ်နိုင်မည့် နည်းလမ်းများရှာဖွေရန်အတွက် ထူးချွန်ပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ အလျင်အမြန် အကောင်အထည် ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

လျစ်လျူရှုခြင်းခံခဲ့ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်ရန် သမ္မတ Rouhani သည် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်ကုစားရေးအဖွဲ့ (rescue team) အား ဦးစီးဆောင်ရွက်ရန် သမ္မတ Rouhani က တာဝန် ပေးအပ်ထားသော ကျွမ်းကျင်ပညာရှင် Isa Kalantari သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Oraumieh တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ညီလာခံ၌ "သမ္မတကြီးက ကတိကဝတ်အတိုင်း ရေကန်ပြန်လည် ကောင်းမွန်စေရေးဆောင်ရွက်နေကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါ ညီလာခံသို့ အီရန်နိုင်ငံအား ပတ်ဝန်းကျင်နှင့် စီးပွားရေးအန္တရာယ်များမှ ကယ်တင်ရန် အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများ ဆွေးနွေးအဖြေရှာနိုင်ရန် အီရန်နိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ပါသည်။

ရေကန်တိမ်ကောလာရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်း အကြောင်းအရာတစ်ခုတည်းကြောင့် မဟုတ်ဘဲ လူတွေရဲ့ ဆောင်ရွက်မှုလွဲခြင်း မှားခြင်းကြောင့် ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရေကန်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် အဆိုပါရေကန် ခန်းခြောက်သွားပါက လူဦးရေ (၅)သန်းခန့်သည် ဒေသမှ စွန့်ခွာသွားနိုင်ကြောင်းMr. Kalantari က

ပြောကြားခဲ့ပါသည်။ Mr. Kalantari နှင့်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မေလ၌ ရေကန်ပြန်လည် ကုစားရေး စီမံချက်အား အပြီးသတ်ရေးဆွဲသွားမည်ဖြစ်ပါသည်။ ၎င်းဒေသ၌ မိုးတိမ်အတုများဖန်တီး၍ မိုးရွာသွန်းမှုဖြစ်ပေါ်စေခြင်း (cloud seeding) နည်းအားဖြင့် မိုးရေချိန်ပမာဏ တိုးစေရန် ဆောင်ရွက်ခြင်း၊ ပိုက်လိုင်းများ တည်ဆောက်၍ ရေသွင်းခြင်းအပါအဝင် ရေကန်အား ပြန်လည်ကောင်းမွန်စေရေး အဆိုပြုလွှာအစောင် (၂၀) ကို ရေးဆွဲထားပါသည်။ ကျွမ်းကျင်ပညာရှင်များက စိုက်ပျိုးရေးကဏ္ဍ၌ အသုံးပြုနေသော စိုက်ပျိုးရေပမာဏကို လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေး အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်သွားရန် အဆိုပြုထားပါသည်။

အစိုးရဌာနများသည် ပြည်သူလူထု၏ အသိအမြင် တိုးမြှင့်လာစေရန်နှင့်ထိရောက်မှုမရှိသော နည်းလမ်းများအားလယ်သမားများမှ ဆက်လက်အသုံးပြုဆောင်ရွက်ခြင်းမပြုစေရန် အသိပညာပေးတိုက်တွန်းထားပြီး ရေအလဟဿကုန်ခန်းခြင်းမှ သက်သာစေသည့် နည်းစနစ်ဖြစ်သော အစက်ချရေသွင်းစိုက်ပျိုးခြင်းစနစ် (drip irrigation system) များအား တွန်းအားပေးဆောင်ရွက်ရန် စီမံကိန်းတစ်ခုအား စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရေလိုအပ်မှုနည်းပါးသည့် သီးနှံများအား စိုက်ပျိုးရန် တောင်သူလယ်သမားများအား တိုက်တွန်းအကြံပြုပါသည်။ (ဥပမာ- ဂျုံနှင့်သီဟိုဠ်မျိုးနွယ်ဝင် pistachio အပင်များသည် ကြံပင်ထက် ရေသုံးစွဲမှု နည်းပါးပါသည်)

Oraumieh ရေကန်အနီး Govarchinghaleh ရွာတွင် Nader Hazrati နှင့် ၎င်း၏သားဖြစ်သူ Ali တို့သည် စပျစ်ပင်နှင့် ဗာဒံပင်များ စိုက်ပျိုးကြပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်က ရေကန်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်မှုရှိကြောင်း၊ ယခုအခါမိုးရွာသွန်းမှု နည်းပါးလာသဖြင့် ရေကန် ပတ်ဝန်းကျင်ခြောက်သွေ့ခြင်း၊ ကန်ရေမှတ်ကျဆင်းခြင်းနှင့်အတူ ရေတွင်းများတွင် ရေလျော့နည်းလာကြောင်း၊ ရေပိုမိုရရှိရန် ရေတွင်းများကို နက်နက်တူးပါက ရေများဆားဓာတ်ပေါက်လာပြီး စိုက်ပျိုးရေးအတွက် အသုံးပြု၍မရတော့ကြောင်း၊ စိုက်ပျိုးထားသည့် စပျစ်ပင်နှင့် ဗာဒံပင်များ၏အထွက်နှုန်းများလည်း ကျဆင်းလာကြောင်းနှင့် လေထုအတွင်း ဆားငန်ဓာတ် ပါဝင်မှုများပြားလာမှုကြောင့် ဗာဒံပင်အချို့သေဆုံးခဲ့ရကြောင်း ဥယျာဉ်ခြံပိုင်ရှင် Ali က ပြောကြားခဲ့ပါသည်။

သီးနှံများအပေါ် သက်ရောက်မှုများဖြစ်ပေါ်လာခြင်းသည် ရွာသူရွာသားများအား ၎င်းတို့၏ ဇာတိမြေမှ စွန့်ခွာသွားစေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါသည်။ Govarchinghaleh ရွာတွင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း လူဦးရေ (၁၀၀၀) ခန့်နေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင်မူ ၎င်းရွာတွင် လူဦးရေ(၃၀၀)သာ နေထိုင်ကြပါတော့သည်။ ယခင်က စာသင်ကျောင်းသုံး ကျောင်းရှိခဲ့သော်လည်း ယခုအခါ ကျောင်းသား (၁၂) ယောက် သင်ကြားနေသည့် ကျောင်းတစ်ကျောင်းသာ ကျန်ရှိပါတော့သည်။ ကုန်တင်ကားများဖြင့် ခန်းခြောက်တော့မည့် ရေကန်အောက်ခြေပေါ်မှ ဖြတ်သန်းသွားလာ၍ ဆားများသယ်ယူပို့ဆောင်နေမှုများအား မကြာမီကာလအတွင်း တွေ့မြင်လာကြရတော့မည်ဖြစ်ပါသည်။

ညီလာခံစီစဉ်ဆောင်ရွက်သူနှင့် တက္ကသိုလ်ဆရာတစ်ဦးဖြစ်သူ Ali Asghar Siah Qudsi က ဆည်များတည်ဆောက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ တူးဖော်ထားသော ရေတွင်း(၂၄,၀၀၀)ကျော်နှင့် ခွင့်ပြုချက်ဖြင့်တူးဖော်ထားသော ရေတွင်း (၃၀,၀၀၀) ကျော်တို့သည် Oraumieh ရေကန် ရေခန်းခြောက်၍ တိမ်ကောသွားစေသည့် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း၊ ရေငွေ့ပျံမှု များပြားလာခြင်းနှင့် ကြံကဲ့သို့ ရေဓာတ်အမြောက်အမြားလိုအပ်သော သီးနှံများစိုက်ပျိုးခြင်းတို့ကြောင့် ရေကန်အခြေအနေပိုမိုဆိုးရွားစေကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။

အီရန်နိုင်ငံ၏ အခြားဒေသများရှိ ရေကန်များတွင် Oraumieh မြို့ရှိ ရေတွင်းရေကန်များကဲ့သို့ အခြေအနေမဆိုးရွားသော်လည်း အလားတူပြဿနာများ ကြုံတွေ့နေကြရပါသည်။ အီရန်နိုင်ငံ၏ မြို့တော်ဖြစ်သော Tehran မြို့တွင် နေထိုင်သူများသည်ပင် စနေ၊ တနင်္ဂနွေနေ့ရက်များ၌ ရေပြတ်လပ်မှုကို ကြုံတွေ့နေကြရပြီး သက်ဆိုင်ရာတာဝန်ရှိသူများသည် မြို့တော်အတွင်း ရေထောက်ပံ့ပေးနိုင်ရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ရေကိုစနစ်တကျစီမံသုံးစွဲမှုမရှိပါက လာမည့်ဆယ်စုနှစ်အတွင်း နိုင်ငံတစ်ဝန်း ရေပြတ်လပ်မှု (national disaster) ကြုံတွေ့လာနိုင်သည်ကို တာဝန်ရှိသူများက စိုးရိမ်လျက်ရှိပါသည်။



( Source ; News.com.au )

## မြန်မာ့သစ်လုပ်ငန်းကဏ္ဍ

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဇွန်လနှင့် ဇူလိုင်လ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ ခုနှစ်၊ ဇွန်လ | | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုးတက်မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၁၀ | ၅၄၈၉ | ၇ | ၅၆၆၀ | (+) ၃.၁၂ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၁၉ | ၄၁၂၀ | ၂၃ | ၄၉၀၉ | (+) ၁၉.၁၅ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၇၁ | ၃၄၅၀ | ၁၀၀ | ၃၈၂၀ | (+) ၁၀.၇၂ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၁၃၉ | ၂၇၄၀ | ၆၄ | ၂၂၅၁ | (-) ၁၇.၈၅ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၇၃ | ၂၃၃၁ | ၅၇ | ၂၂၁၇ | (-) ၄.၈၉ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၃၉ | ၁၅၆၀ | ၂၄၉ | ၁၈၉၁ | (+) ၂၁.၂၂ |
| | စုစုပေါင်း ရောင်းချတန် | ၄၅၁ | | ၅၀၀ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၁.၃၃၄ | | ၁.၂၇၈ | |

### ၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၂၀၁၆ တင်ဒါ (၃) လ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၅-၂၀၁၆ တင်ဒါ (၄) လ ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | ၄၇၉၃ | | | - | - | - | - | - | - | | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | ၄၆၃၂ | ၅၄၀၀ | ၄၆၅၇ | ၅၁၇၉ | ၇၂၄၃ | ၇၀၀၂ | - | - | - | - | - | | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | ၄၇၃၅ | ၄၇၇၈ | ၅၅၆၂ | ၅၁၈၉ | ၆၈၈၆ | ၆၀၄၀ | - | - | ၇၅၅၆ | - | - | | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၄၂၂၉ | ၄၂၄၃ | ၄၀၉၀ | ၄၁၁၁ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၁၂ | ၆၀၃၆ | - | | | |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၅၆၂ | ၂၅၆၆ | ၂၄၆၂ | ၃၁၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၉၅ | ၄၀၆၂ | ၄၄၉၇ | ၄၂၂၈ | - | | ၅၄၄၇ | ၅၆၆၀ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၀၄၈ | ၂၀၀၀ | ၁၉၆၄ | ၂၃၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၈၉ | ၄၆၇၇ | ၄၉၀၉ |
| ၇ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၁၄ | ၂၀၁၉ | ၂၆၈၀ | ၂၄၃၀ | ၂၄၇၀ | ၂၈၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၆၇ | ၃၅၀၈ | ၃၈၂၀ |
| ၈ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | ၂၈၂၆ | ၂၇၈၅ | ၂၂၅၁ |
| ၉ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | ၂၁၄၆ | ၂၄၄၈ | ၂၂၁၇ |
| ၁၀ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | ၁၆၈၀ | ၁၆၀၉ | ၁၈၉၁ |

မှတ်ချက်– ၂၀၁၅–၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ ဇူလိုင်လ)စုစုပေါင်းရောင်းချတန် – (၅၀၀ . ၄၂၄)တန်

၂၀၁၅–၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ ဇူလိုင်လ) စုစုပေါင်းဝင်ငွေ – (၁ . ၂၇၈)ကန်ဒေါ်လာသန်း

နောက်ကျောဖုံးမှအဆက်

## မျိုးတုန်းပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်နေသော မြန်မာနိုင်ငံမှကျားဝါများ

ကျားများကို လမုတောရှိရာအရပ်များ၊ ရွက်ကြွေတောများ၊ ထင်းရှူးတောများ၊ အမြဲစိမ်းတောများတွင် ကျက်စားမှုများရှိကာ သားကောင်များနှင့် ရေရှိရာအခြေအနေပေါ်မူတည်၍ မြစ်ချောင်းနဘေး ကမ်းခြေဒေသမျိုးကို အထူးကြိုက်နှစ်သက်ကြောင်း တွေ့ရှိရပါသည်။ ယခုအချိန်တွင် ၎င်းနေရာများ၌ပင် ကျားဝါများမှာတွေ့ရန်ခက်ခဲသွားပြီဖြစ်ပါသည်။ ကျားဝါများသည် အထူးသဖြင့် မိတ်လိုက်ချိန်မှသာ အထီး/အမ တွဲဖက်နေထိုင်တတ်သောအချိန်တွင် သစ်ပင်တက်ခြင်းများ မရှိသော်လည်း ရေစိမ်ခြင်းကို အထူးနှစ်သက်သဘောကျပေသည်။

ယခုချိန်တွင် မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံ၊ Sriracha Tiger Zoo မှ တိရစ္ဆာန်လဲလှယ်ခြင်း အစီအစဉ်ဖြင့် (၂၀၀၁) ခုနှစ်တွင် ကျားဝါအထီးလေးနှင့် အမတို့သည် အသက်(၈)လနှင့် (၇)လအရွယ်တွင်ရောက်ရှိလာပြီး ၎င်းတို့၏အမည်များကို ဂျမ်းနှင့် နိုနို ဟုအမည်ပေးထားကာ ၎င်းကျားဝါလေးများသည် ယခုအခါသားသမီးများပါ မွေးဖွားခဲ့ပြီးဖြစ်ပါသည်။ သို့သော် ကျားဝါများကို အကြိမ်ကြိမ်သားဖောက်ခဲ့သော်လည်း သားတင်မှုနည်းပါးကာ သေဆုံးမှုများပြားခဲ့ပြီး ယခုအချိန် ကျားဝါလေး (အထီး)(ရိန်း)အား တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိလာသော ဂျမ်းနှင့်နိုနိုတို့သည် သားကောင်ပေါက်ဖွားနေသော်လည်း သားတင်ခြင်း နည်းပါးရခြင်းမှာ ဇီဝခန္ဓာဗေဒ လုပ်ဆောင်ချက် အားနည်းခြင်း Deformity ဖြစ်ခြင်းမှ မွေးဖွားအရေတွက်များပြားကာအသက်များကြီးရင့်လာခြင်းတို့ကြောင့် သားဖွားမှုနည်းပါးရခြင်းဖြစ်ကြောင်းလဲတွေ့ရှိရပါသည်။ ထို့ကြောင့်ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ကျားဝါလေးများ နည်းပါးမသွားအောင် အထူးဂရုတစိုက် စောင့်ရှောက်မှုများပြုလုပ်နေခြင်းကြောင့် ကျားဝါလေးအထီး(ရိန်း)ကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့ခြင်းဖြစ်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)ရှိ ကျားများကို အထူးဂရုတစိုက်စောင့်ရှောက်လျက်ရှိပြီး အရွယ်ရောက်ပြီး ကျားဝါ(၁)ကောင်အတွက် (၁)နေ့လျှင် အမဲသား(၄)ပိဿာခန့်နှင့်အမဲရိုး(၀.၅)ပိဿာခန့်ကျွေးမွေးကာ ပြုစုစောင့်ရှောက်လျက်ရှိပါသည်။ ထို့အပြင် ကျားများမျိုးရိုးမတုံးသွားစေရန်အတွက်လည်း မျိုးရိုးဗီဇများကို စစ်ဆေးကာ သားစပ်မှုများ သေချာပြုလုပ်စစ်ဆေး၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူကျားများကို တိရစ္ဆာန် ဥယျာဉ်၌ နေထိုင်မှုအား သဘာဝနေထိုင်ကျက်စားမှုဖြစ်စေရန် Inchinment များကို ဖန်တီးပေးကာ စောင့်ရှောက်လျက် ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့်လည်း ပုံမှန်သံချပေးခြင်းများ ကာကွယ်ဆေးထိုးပေးခြင်းများ ဖြည့်စွက်အားဆေးများ ကျွေးမွေးကာ မျိုးတုံးပျောက်ကွယ်မသွားအောင် စောင့်ရှောက်မှုများကို အစဉ်တစိုက်တိရစ္ဆာန်ဆရာဝန်များမှ ကြပ်မတ်ကာ ဂရုတစိုက်ပြုစုစောင့်ရှောက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတကာမှအတတ်ပညာရှင် အသိပညာရှင်များ၏ အကြံပြုချက်များကိုလည်းရယူကာ ဂရုတစိုက်ဖြင့် ကျားဝါများကိုမြန်မာနိုင်ငံမှ မျိုးတုံးပျောက်ကွယ်မသွားရအောင် စောင့်ရှောက်လျက်ရှိကြောင်း အများပြည်သူများ ဗဟုသုတရစေရန်တင်ဆက်လိုက်ရပါတော့သည်။



ရွှေဥဒေါင်းဘေးမဲ့တောမှဝန်ထမ်းများသည် (၂၇-၇-၂၀၁၅) ရက်နှင့် (၂၈-၇-၂၀၁၅)ရက်နေ့တို့တွင် သပိတ်ကျင်းမြို့နယ်အတွင်း ကြပ်ကြပ်အိတ်နှင့် သဘာဝပတ်ဝန်းကျင်အကြောင်း ပညာပေးဗွီဒီယိုပြသခြင်း၊ ဘေးမဲ့တောထိန်းသိမ်းရေးအကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးအကြောင်း၊ ရေသယံဇာတအရေးပါပုံအကြောင်း Power Point များဖြင့် ရှင်းလင်းဟောပြောခဲ့သည်။



ပိတောင်ဘေးမဲ့တောမှ ဝန်ထမ်းများသည် (၂၄-၇-၂၀၁၅) ရက်နေ့တွင် ပြည်ထောင်ကျေးရွာအလယ်တန်းကျောင်း၌ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းနှင့် သစ်ပင်များ၏အရေးပါမှုတို့အကြောင်း၊ အိုဇုန်းလွှာပျက်စီးခြင်းအကြောင်းများ ရှင်းလင်းဟောပြောခဲ့သည်။

# မျိုးတုန်းပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်နေသော မြန်မာနိုင်ငံမှကျားဝါများ

ရာဇာ ၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)



ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ကျားဝါများ ကွယ်ပျောက်မသွားရအောင် ထိန်းသိမ်းစောင့်ရှောက်မှုများစွာ ပြုလုပ်သားတောက်ကာ မွေးမြူလျက်ရှိပါသည်။ ကျားသည် အဓိကအားဖြင့် ကြောင်အကြီးစားဟု သတ်မှတ်ထားသော်လည်း အသားစားကြောင်အုပ်စုဝင်၏ အကြီးဆုံးသတ္တဝါကြီးမျိုးဖြစ်လေသည်။ ကိုယ်ထည် အဝါရောင်ပေါ်တွင် အနက်ရောင်အစင်းများပါရှိကာ ရှေ့လက်များသည် နောက်ခြေထက်ပိုကြီးပြီး ပခုံးအမြင့်(၃)ပေခန့်ရှိကာ ကိုယ်နှင့်အမြီး၏အရှည်မှာ (၇.၂)ပေ(သို့မဟုတ်) (၁၀.၂)ပေခန့်အထိရှိကြသည်။ ကိုယ်အလေးချိန် (၂၂၀) မှစကာ (၅၇၀)ပေါင်ထိရှိသော အကောင်ကြီးအမျိုးအစားများကို ကျားဝါအမျိုးအစားဟုခေါ်သည်။

ကျားဝါများသည် (၁)နှစ်ပတ်လုံး သားပေါက်နိုင်ပြီး ကျားဝါမများ၏ဝမ်းတာ (သို့မဟုတ်) မြင်လာခြင်းသည် (၃)ရက်မှ(၁၀)ရက်ခန့်အထိကြာမြင့်သည်။ ကျားဝါလေးများသည် အသက်ရွယ်အားဖြင့် (၃)နှစ်မှ(၅)နှစ်ခန့်မှသာ အရွယ်ရောက်ခါ သားတင်မှုများပြုလုပ်နိုင်ပြီး သားတင်သည့်ရက်ပေါင်းအားဖြင့် ရက်ပေါင်း(၁၀၀)ခန့်နီးပါး ကြာမြင့်တတ်သည်။ ဆိုရပါလျှင် ၎င်းတို့၏ ဝီးလွယ်ချိန် (၃လခွဲခန့်)ဝီးလွယ်ပြီး သားပေါက်ကြောင်းသိရှိရသည်။ (၁)ကြိမ်သားပေါက်လျှင် အကောင်ရေ (၁)ကောင်မှ (၆)ကောင်ထိ ပေါက်ဖွားတတ်ပြီး အသက်(၃)လအရွယ်ထိ မိခင်၏နို့ကို သောက်သုံးကြသည်။ သို့မှသာ သားခွဲမှုများပြုလုပ်၍ရပေသည်။ ကျားဝါများ၏သက်တမ်းမှာ အနည်းဆုံး (၂၅)နှစ်ခန့်ရှိလေသည်။ ကျားဝါများကို အာရှတိုက်ဒေသများတွင် အများဆုံးတွေ့ရှိရလေသည်။

ကျားများ၏ သဘောသဘာဝများသည် တောင်ကုန်းတောင်တန်းများပေါ်တွင် လှည့်လည်ကျက်စားမှုများသည် မိတ်လိုက်ချိန်မှလွဲ၍ (၁)ကောင်ချင်းသာ နေထိုင်တတ်ကြသည်။ ကျားငယ်လေးများအတို့ ငယ်ရွယ်သောအချိန်အခါတွင်သာ မိခင်နှင့်တွဲ၍ နေထိုင်ကြပြီး ကြီးရင့်သွားသောအခါ (၁)ကောင်တည်းပြောင်းလဲ၍ နေထိုင်တတ်ကြသည်။ ကျားများသည် အဓိကအနံ့ခံကျွမ်းကျင်ခြင်း၊ ရေကူးကျွမ်းခြင်း၊ အပင်တက်ကျွမ်းကျင်ခြင်းနှင့် အပဲလိုက်ကျွမ်းကျင်ခြင်းတို့သည် အဓိက အားသာချက်များဖြစ်သည်။



စာမျက်နှာ (၅၀)သို့